မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၃၆၀)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ တနင်္လာနေ့။

ဒို့တာဝန်အရေး (၃) ပါး

- ❐ ပြည်ထောင်စု မပြိုကွဲရေး။
- ❐ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

တိုင်းရင်းသားများသည် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်

နေပြည်တော် စက်တင်ဘာ ၂၉

"ရခိုင်တိုင်းရင်းသားများသည် ရခိုင်ပြည်နယ်၏ ထူးခြားသော ပထဝီနိုင်ငံရေးအရ အခြားတိုင်းရင်းသားများထက် ပြည်ထောင်စု၏အချုပ်အခြာအာဏာနှင့်နယ်မြေပိုင်ဆိုင်မှုအပြင် ယဉ်ကျေးမှုဓလေ့ထုံးစံများအတွက် ခက်ခက်ခဲခဲဖြင့် ထိန်းသိမ်းကာကွယ်တာဝန်ယူနေရကြောင်း၊ မိမိတို့အနေဖြင့်နှုတ်ဖြင့်ဂုဏ်ပြုချီးမြှောက်နေရုံမျှသာမဟုတ် အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း" ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန (IBC)ခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး မိသားစုတွေ့ဆုံဆွေးနွေးပွဲ၌ ပဏာမနှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ် ၁၇ မြို့နယ် ကိုယ်စားပြုနာယကကြီးများနှင့်ကိုယ်စားလှယ်များ၊ ရခိုင်သဟာယအသင်း၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့် ပြည်နယ်လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး မိသားစုတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့

// မာ တိ ကာ //

ဖိလစ်ပိုင်မယ် မယ်ကမ္ဘာဘွဲ့ဆွတ်ခူး — စာမျက်နှာ-၄

ဂျပန်-ကနေဒါ စစ်ရေးတိုးချဲ့ခြေလှမ်း — စာမျက်နှာ-၅

ကျွန်တော်နဲ့ နယူးယောက်မြို့ (ဆောင်းပါး) — စာမျက်နှာ-၆

ဒေါ်မွန်နှင့် ဘိုင်ယန် ရှုံးပွဲမရှိ — စာမျက်နှာ-၁၄

လာမည့်သုံးနှစ်အတွင်းပြီးစီးနိုင်မည့် ရေအားနှင့်ဓာတ်ငွေ့အားသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ

သတင်း-မောင်မောင်မြင့်ဆွေ ❖ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဓာတ်အားဖြန့်ဖြူးသည့် ကွန်ရက်။

ရန်ကုန် စက်တင်ဘာ ၂၉

လူဦးရေတိုးလာခြင်း၊ စက်ရုံအလုပ်ရုံများပြားလာခြင်းနှင့် နည်းပညာသုံး လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ပိုမိုအသုံးပြုလာခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများ တိုးမြှင့်ပြုလုပ်လာခြင်းတို့ကြောင့် ဓာတ်အားသုံးစွဲမှုပိုမိုများပြားလာလျက်ရှိရာ ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံအသစ်တည်ဆောက်ရေး စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်ရန်ကြိုးစားနေပြီဖြစ်သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ပြီးစီးနိုင်မည့်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် MoU ရေးထိုးပြီးဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မီဒီယာများတွေ့ဆုံပွဲ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံစီမံကိန်းများမှာ စွမ်းအားသစ် အိုအေစစ် ကုမ္ပဏီမှ တည်ဆောက်အကောင်အထည်ဖော်မည့် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းလည်း ပါဝင်ပြီး တပ်ဆင်အား ၂၉ မဂ္ဂါဝပ်ရှိကာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြီးစီးသည်ဟု မျှော်မှန်းထားသည်။

တစ်ဖန် တာပိန်ရေအားလျှပ်စစ်စီမံကိန်းကို တရုတ်နိုင်ငံမှ China Datang ကုမ္ပဏီမှ တည်ဆောက်ရန်ရှိနေပြီး စက်တပ်ဆင်အင်အားမှာ ၁၀၁ မဂ္ဂါဝပ်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြီးစီးနိုင်မည်ဖြစ်သည်။ တာပိန် ရေအားလျှပ်စစ်မှထွက်ရှိသော ဓာတ်အားကိုမြန်မာနိုင်ငံမှ ၅၀ ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး Free Power 19 မဂ္ဂါဝပ်အပြင် ၂ ဒသမ ၈ Cent ဖြင့် ၁၀၁ မဂ္ဂါဝပ်ဝယ်ယူသွားမည် ဖြစ်သည်။ ယင်းဓာတ်အားကို လက်ခံရယူရန် *စာမျက်နှာ ၃ ကော်လံ ၃* ❊

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သဘာဝပတ်ဝန်းကျင် အမွေခံကောင်းများလွှဲပြောင်းပေး

ယနေ့ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရာသီဥတု ပြောင်းလဲမှုများနှင့် ကြုံတွေ့နေရသည်။ မုန်တိုင်းတိုက်ခတ်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ရေခဲပြင်များ အရည်ပျော်ခြင်း၊ ရေကြီး ရေလွှမ်းမိုးခြင်း၊ မိုးခေါင်၍ သီးနှံများပျက်စီးခြင်း စသည်တို့သည် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှု၏ အကျိုးဆက်များ ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် သစ်တောသစ်ပင်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များကို ကာကွယ် ထိန်းသိမ်းလျက်ရှိနေသည်။

သစ်ပင်၊ သားငှက်တိရစ္ဆာန်မျိုးစုံ၊ အပူပိုင်းသစ်တော၊ အင်တိုင်းတော၊ ဒီရေတော စသည့် သဘာဝအနေအထား အမျိုးမျိုးတို့သည် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံး၏ ပတ်ဝန်းကျင်ဖြစ်သည်။ သက်ရှိများ ဆက်လက်ရှင်သန်နိုင်ရေးသည် သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရန် လိုအပ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းရမည်ဖြစ်သည်။

သဘာဝဘေးမဲ့တောများ တည်ထောင်ခြင်းဖြင့် ဇီဝမျိုးကွဲ များကို ထိန်းသိမ်းကာကွယ်နိုင်သည့်အပြင် ဒေသ၏ ရေမြေနှင့် ရာသီဥတုကိုပါ မျှတညီညွတ်စေနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။ ယခုအခါ နိုင်ငံတော်က ရှိရင်းစွဲသဘာဝသစ်တော များ၊ ကြိုးဝိုင်းတောများကိုလည်း အလေးထားထိန်းသိမ်းစောင့် ရှောက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သစ်တောသစ်ပင် ပြုစုပျိုးထောင်ရေး လုပ်ငန်းများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည်။ သို့ရာ တွင် တိုးပွားလာသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖြည့်ဆည်းမှု များနှင့်အတူ သစ်တောမြေများ လျော့နည်းလာခဲ့သည်။ ထို့အတူ စီးပွားရေးလုပ်ငန်းရှင် အချို့၏ စည်းကမ်းမဲ့ ထုတ်ယူသုံးစွဲမှုများ ကြောင့်လည်း သစ်တောများ လျော့နည်းပြုန်းတီးလာခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးရေချိန်လက်မ ၄၀ အောက် ရွာသွန်းသော နေရာဒေသများကို အပူပိုင်းမိုးနည်းရပ်ဝန်းဟု သတ်မှတ်ပြီး နိုင်ငံတော်က သစ်တောစိုက်ခင်းများကို တည်ထောင် လျက်ရှိသည်။ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာများသုံးစွဲစေခြင်း၊ ရေရရှိရေး ဆောင်ရွက်ပေးခြင်းတို့ကြောင့် အဆိုပါဒေသများတွင် ယခုအခါ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်ကို တွေ့ရ သည်။ အလားတူ ပင်လယ်ကမ်းခြေရှိ ဒီရေတောများသည်လည်း စီးပွားရေးလုပ်ငန်းရှင်များကြောင့် ပျက်စီးပြုန်းတီးမှုများ ဖြစ်ပေါ် လာခဲ့ရာ ဒီရေတော ပျိုးထောင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ လုပ်ဆောင်လျက်ရှိသည်။

သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ရေးအတွက် အခြေခံ အကြောင်းအရင်းတစ်ခုဖြစ်သော သစ်တောသစ်ပင်များ ရေရှည် တည်တံ့ရန် တက်ကြွစွာအကောင်အထည်ဖော် ထိန်းသိမ်းကြရ မည်ဖြစ်သည်။ ထို့ပြင် နှစ်ရှည်လများစွာ ကြိုးပမ်းဆောင်ရွက်လာ သည့် မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစဉ် အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ် သားစဉ်မြေးဆက်ကို သဘာဝပတ်ဝန်း ကျင် အမွေခံကောင်းများ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော် နှင့်အတူလက်တွဲ၍ ပြည်သူများက အသိစိတ်ဓာတ်ပြည့်ဝစွာဖြင့် ထိန်းသိမ်းကာကွယ်သွားသင့်ပါကြောင်း တိုက်တွန်းလိုက် ရပါသည်။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၉

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတ ဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက် ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော် လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော် လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော် ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ထင်သာမြင်သာ ပြုပြင်စရာ

နန်းဟောဝန် ပန်းခြံကို ပြည်သူအတွက် ပြုပြင်ပေးစေချင်

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် မြို့တည်စဉ်က ကိုးကန့် ကွင်းနှင့် ကျောက်တိုင်ကွင်းတို့ရှိခဲ့ကြ ပြီး ကျောက်တိုင်ကွင်းကို ၁၉၉၂ ခုနှစ် တွင် အဆင့်မြှင့်တင် မွမ်းမံပြင်ဆင်ကာ စကိတ်ကွင်း၊ ရေကူးကန်၊ တိုက်ကား၊ သရဲအိမ်၊ ချားရဟတ်တို့နှင့်အတူ သစ်ပင်ပန်းမန်စုံလင်လှပစွာဖြင့် နန်း ဟောဝန်ပန်းခြံအဖြစ် ဖွင့်လှစ်ခဲ့သည်။

ပျက်စီး

ထိုစဉ်က စကိတ်စီးသူများ၊ ရေ ကူးကြသူများ၊ သရဲအိမ်ထဲဝင်ကြည့်ကြ သူများ၊ မိသားစုများ၊ လွတ်လပ်ရေး ကျောက်တိုင်ကြီးကို နောက်ခံထားပြီး ပျော်ရွှင်စွာ ဓာတ်ပုံရိုက်ကြသူများဖြင့် နန်းဟောဝန်ပန်းခြံကြီးသည် ဂုဏ်ယူဝင့် ကြွားစွာ တည်ရှိနိုင်ခဲ့သော်လည်း ယခု အခါ ရေကူးကန်လည်း ပျောက်ကွယ် ခဲ့ရပြီး သောက်သုံးရေခပ်ယူကြသည့် ရေတွင်းကြီးလည်း မရှိတော့ပါ။ စကိတ်ကွင်းကြီးလည်း အက်ကွဲလို့နေ ပါပြီ။ လွတ်လပ်ရေးကျောက်တိုင်ကြီး မှာလည်း ဆေးရောင်ပြယ်လွင့်ကာ အများပြည်သူအတွက် မသင့်တော် သော ကာရာအိုကေခန်း၊ အကြော်စေ့ လောင်းကစားရုံ၊ ကျူခိုတို့စိုးမိုးလာ သည့်အပြင် ပန်းခြံဝန်ထမ်းများ အတွက် အိမ်ရာသတ်သတ်မှတ်မှတ် မရှိသည့်အလား အဖီများတိုးချဲ့ ဆောက်လုပ် ထားကြသည့်အတွက် လားရှိုးမြို့၏ ကျက်သရေဆောင် နန်းဟောဝန်ပန်းခြံကြီးမှာ ပျက်စီး လျက်ရှိနေသည်။

ဆိုးသွမ်းလူငယ်များ မှောင်ရိပ် ခိုခြင်း၊ အုပ်စုဖွဲ့သောင်းကျန်းခြင်း၊ မူးယစ်သောက်စားခြင်းတို့ကို ပြုမူနေ လေရာ အများပြည်သူမှာပန်းခြံနား မကပ်ရဲသည့်အပြင် လွန်ခဲ့သော လအနည်းငယ်က ပန်းခြံအတွင်း ကျူး လွန်ခဲ့သော လူသတ်မှုတစ်မှုကလည်း လုံခြုံရေး အားနည်းနေသည်ကို အတိ အလင်းထောက်ပြနေပြီ ဖြစ်သည်။

အရောင်အသွေးစုံလင်

နန်းဟောဝန်ပန်းခြံကြီးကို ယခင် ကဲ့သို့ အရောင်အသွေးစုံလင်စွာဖြင့် ပြန်လည်မြင်တွေ့လိုပါသဖြင့် သက် ဆိုင်ရာက ဆောင်ရွက်ပေးနိုင်ပါရန် ထင်သာမြင်သာမှတစ်ဆင့် တင်ပြ လိုက်ရပါသည်။

ဖိုလ်ဖိုလ်

Yangon Lifestyle Furniture Fair 2013

ရန်ကုန်မြို့တပ်မတော်ခန်းမ၌ ခင်းကျင်းပြသ

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းနှင့် Thousand Islands Business Group တို့ စီစဉ်မှုဖြင့် Yangon Lifestyle Furniture Fair 2013 ဖွင့်ပွဲအခမ်းအနားကို စက်တင် ဘာ ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပ ရာ တိုင်းဒေသကြီး သစ်တောနှင့် စွမ်း အင်ဝန်ကြီးဦးကျော်စိုး၊ မြန်မာ့သစ် လုပ်ငန်း အထွေထွေမန်နေဂျာ ဦးအေးကျော်နှင့် တာဝန်ရှိသူများက ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြခန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ပြခန်းအတွင်း ကြည့်ရှု အားပေးကြသည်။

ပြပွဲတွင် ကုမ္ပဏီပေါင်း ၃၁ ခုမှ ပြခန်း ၁၆၄ ခန်းတို့ဖြင့် စက်တင်ဘာ ၃၀ ရက်အထိ ဖွင့်လှစ်ပြသမည် ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒဂုံမြို့နယ်ရှိ အမျိုး သားဇာတ်ရုံ၌ ကျင်းပသည့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ ၂၀၁၂-၂၀၁၃ ပညာ သင်နှစ် (၁၇)ကြိမ်မြောက် ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲသို့ သွားရောက်၍ ဇာတ်ရုံအတွင်း ခင်းကျင်းပြသထား သည့် ပန်းချီကားများ၊ ပန်းပုရုပ်တုများ နှင့် ကျောင်းသား ကျောင်းသူများ၏ သီဆို၊ ကပြ၊ ဖျော်ဖြေမှုများကို ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

လယ်ဝေးမြို့နယ် ရေနစ်မြုပ်သည့် ဆင်ဆိပ်ကျေးရွာ၌ သောက်သုံးရေ ရရှိရေးဆောင်ရွက်

လယ်ဝေး စက်တင်ဘာ ၂၉

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဆင်ဆိပ်ကျေးရွာ တွင် ရေကြီးမှုကြောင့် ရေဘေးသင့် အိမ်ထောင်စု ၇၄ စုသည် လယ်ဝေး မြို့ရှိ သာသနာ့ဗိမာန်တွင် ယာယီ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက မိမိတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်လျက် ရှိသည်။

ဆင်ဆိပ်ကျေးရွာသို့ စက်တင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များက သောက်သုံးရေသန့်

ပြန်လည်ရရှိရေးနှင့် ရောဂါမဖြစ်ပွား ရေးအတွက် ကလိုရင်းဆေးခတ်ခြင်း နှင့် လက်နှိပ်တွင်းများကို ရေဆိုးများ ပြန်လည်စုပ်ထုတ်ခြင်းများဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်း

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့မှဆပ်ကော်မတီ ၂၆ ခု ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် စက်တင်ဘာ ၂၉

ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့ ခေါင်းဆောင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း လက်ခစား CMP အစုအဖွဲ့မှ လုပ်ငန်းရှင်များ၊ အထည်ချုပ်လုပ်ငန်းမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပုဂ္ဂလိကကဏ္ဍများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အစီအစဉ်အရ ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်စန်းရီက တိုင်းရင်းသား ကုန်သည်လုပ်ငန်းရှင်များ၏ အခက်အခဲရှိသည်များကို ညှိနှိုင်းဖြေရှင်းပေးရန်နှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆပ်ကော်မတီအနေဖြင့် ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရှင်သန်မှသာ နိုင်ငံတိုးတက်မှာဖြစ်ကြောင်း၊ အခက်အခဲရှိသည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းက အသင်းအဖွဲ့ တာဝန်ရှိသူများအနေဖြင့် မိမိလုပ်ငန်းနယ်ပယ်အတွင်းရှိ ပုဂ္ဂလိက ကုန်သည်လုပ်ငန်းရှင်များ၏ ဆန္ဒနှင့် လိုလားချက်များကို အစိုးရနှင့်ပုဂ္ဂလိက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ လုပ်ငန်းကဏ္ဍအလိုက် Working group များဖွဲ့စည်းပြီး အသေးစိတ်အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့ခေါင်းဆောင်သမ္မတရုံး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း**(အပေါ်ယာပုံ)**က ယခင်ကပြည်သူများ လတ်တလောတွေ့ကြုံနေရသည့် အခက်အခဲများဖြေရှင်းနိုင်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့မှ ဆောင်ရွက်ပေးခဲ့ပြီး ပြည်သူများ၏ အကြံပြုချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများထံ မေးမြန်းပြီး သတင်းစာများမှ ပြည်သူများသိရှိအောင် ပြန်လည်ဖြေရှင်းတင်ပြ အသိပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ ပြည်သူများ၏ စီးပွားရေးနှင့်လူမှုရေးကဏ္ဍအသီးသီးမှ ဆွေးနွေးမေးမြန်းအကြံပြုချက်များမှာ ပိုမိုကျယ်ပြန့်လာ၍ နိုင်ငံတော်သမ္မတကြီးမှ ကျန်ရှိသည့်ကာလများတွင် ပြည်သူ့ဗဟိုပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများ ပိုမိုထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအသီးသီး အလိုက် ပြည်ထောင်စု အစိုးရအဖွဲ့မှ ဆပ်ကော်မတီ (Delivery Units) ၂၆ ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့အနေဖြင့်လည်း လုပ်ငန်းများကို သီးခြားဆက်လက်ဆောင်ရွက်သွားမှာဖြစ်သလို ပြည်သူများ၏ ဆန္ဒ မေးမြန်းချက်များကိုလည်း ယခုတာဝန်ပေးအပ်သည့် သက်ဆိုင်ရာ ဆပ်ကော်မတီများမှ တာဝန်ယူဖြေရှင်းပြန်ကြားသွားမည် ဖြစ်ကြောင်း၊ ယင်းဆပ်ကော်မတီများသည် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်း ပြည်ပနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာ အချိန်ယူတွေ့ဆုံ ဆွေးနွေး၍ ပြည်သူများ၏ဆန္ဒနှင့် လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲနှမ်းကုန်သည်လုပ်ငန်းရှင်များနှင့် CMP အစုအဖွဲ့မှ လုပ်ငန်းရှင်များ၊ အထည်ချုပ်လုပ်ငန်းမှ လုပ်ငန်းရှင်များက အကြံပြုဆွေးနွေးတင်ပြကြရာ ဆပ်ကော်မတီနာယက ပြည်ထောင်စုဝန်ကြီး၊ ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်ဆပ်ကော်မတီဝင်များက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များအား ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ယနေ့ဆွေးနွေးတင်ပြချက်များသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များဖြစ်ပါကြောင်း၊ နောင်တွင်လည်း အီးမေးလ်၊ ဖက်စ်၊ ဖုန်းတို့ဖြင့် ဆပ်ကော်မတီသို့ အချိန်မရွေး အခက်အခဲများကို တင်ပြနိုင်ပါကြောင်း၊ အသင်းအဖွဲ့နှင့် လုပ်ငန်းရှင်များမှ တင်ပြဆွေးနွေးချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများနှင့်ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့သို့ ပြည်သူများမှ အကြံပြုချက်များ ပေးပို့နေသည့် အီးမေးလ်လိပ်စာ pspa.taskforce@gmail.com နှင့် Hotline ၀၁၂၃၉၉၆၆၆သို့ ပေးပို့ပါကလည်း ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီသို့ပါ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး ခန့်အပ်ခြင်းအား သဘောတူ

နေပြည်တော် စက်တင်ဘာ ၃၀

မစ္စစ် အန် အော်လီစတတ်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နော်ဝေနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စစ် အန် အော်လီစတတ်သည် ၁၉၅၂ ခုနှစ်တွင် နော်ဝေနိုင်ငံ အော်စလိုမြို့၌ မွေးဖွားခဲ့ပြီး အော်စလိုတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိကာ အက်ဖ်တင်ပိုစတန် နေ့စဉ်သတင်းစာတွင် အလွတ်တန်းသတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုဆိုင်ရာအရာရှိအဖြစ်စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နော်ဝေသံရုံး၊ အဖွဲ့ရုံးနှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် နော်ဝေနိုင်ငံ ပညာရေးနှင့် သုတေသနဝန်ကြီးဌာနတွင် အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရပြီး လက်ရှိတွင် ဒေသဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဌာနတွင် အထူးအကြံပေးအဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စစ် အန် အော်လီစတတ်သည် အိမ်ထောင်ရှိသူတစ်ဦးဖြစ်သည်။

မစ္စစ် အန် အော်လီစတတ်သည် ရန်ကုန်တွင်ရုံးစိုက်သည့် ပထမဆုံး နော်ဝေသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေပြီး ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့ နံနက်၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေပြီး မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၉

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ စက်တင်ဘာ ၂၇ ရက် နံနက် ၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅ စင်တီမီတာ ကျော်လွန်နေကာ ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

✲ ရှေ့ဖုံးမှ

၂၃၀ ကေဗွီဗန်းမော်-နဘား-ငှက်ပျောဒိုင်း-အုန်းတော၂၈၅ မိုင် တည်ဆောက်ပြီးမှသာ ဓာတ်အားသုံးစွဲနိုင်မည်ဖြစ်သည်။

ထို့အပြင် လှော်ကားတွင် တည်ဆောက်မည့် တပ်ဆင်အင်အား ၄၈၆ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် ဓာတ်ငွေ့သုံး ဓာတ်အားစက်ရုံကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်ရန် တရုတ်နိုင်ငံမှ HydroLancang ကုမ္ပဏီနှင့် MoU ရေးထိုးပြီးဖြစ်သည်။ ယင်းဓာတ်ငွေ့စွမ်းအင်သုံး ဓာတ်အားစက်ရုံမှ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၂၄၃ မဂ္ဂါဝပ်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၂၄၃ မဂ္ဂါဝပ်ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

ဆက်လက်ပြီး ရန်ကုန်မြို့ သာကေတတွင် ဓာတ်ငွေ့စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတစ်ရုံကို ၂၀၁၅-၂၀၁၆ ခုနှစ်အပြီး တည်ဆောက်ရန် တောင်ကိုရီးယားမှ BKB ကုမ္ပဏီနှင့် MOA လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ယင်း ဓာတ်အားစက်ရုံမှ စက်တပ်အင်အား ၅၀၃ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့ သာကေတတွင် ဓာတ်ငွေ့စွမ်းအင်သုံးဓာတ်အားပေးစက်ရုံတည်ဆောက်ရန် တရုတ်နိုင်ငံမှ UREC ကုမ္ပဏီနှင့် MoU ရေးထိုးပြီးဖြစ်သည်။ ယင်းဓာတ်အားပေးစက်ရုံကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးမည်ဟု မျှော်မှန်းထားပြီး စက်တပ်ဆင်အင်အား ၅၁၃ မဂ္ဂါဝပ်ရှိမည်ဖြစ်သည်။

တစ်ဖန် မော်လမြိုင်တွင် Myanmar Lighting ကုမ္ပဏီမှ ဓာတ်ငွေ့စွမ်းအင်သုံးမဂ္ဂါဝပ် ၂၃၀ ထုပ်လုပ်နိုင်မည့် ဓာတ်အားစက်ရုံ တည်ဆောက်ရန် MoU ရေးထိုးပြီးဖြစ်ရာ လာမည့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြီးစီးနိုင်မည်ဖြစ်သည်။

ထို့အပြင် ရခိုင်ပြည်နယ် ကျောက်ဖြူတွင် MDEP မှတည်ဆောက်မည့် တပ်ဆင်အင်အား ၅၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ဓာတ်ငွေ့စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အပြီးတည်ဆောက်ကာ ဓာတ်အားထုတ်ယူနိုင်မည်ဖြစ်သည်။ ယင်းဓာတ်အားစက်ရုံကို တရုတ်နိုင်ငံမှ ချေးငွေဖြင့်တည်ဆောက်ရန် ဆောင်ရွက်နေဆဲဖြစ်သည်။

ထို့အတူ ကန်ပေါက်တွင်လည်း ဓာတ်ငွေ့စွမ်းအင်သုံးဓာတ်အားစက်ရုံကို Dawei Power Litilities ကုမ္ပဏီက တည်ဆောက်ရန် MoU ရေးထိုးပြီးဖြစ်သည်။ ယင်းဓာတ်အားစက်ရုံမှ တပ်ဆင်အင်အား ၅၂၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် ၁၇၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

တစ်ဖန် လှိုင်သာယာတွင် ဓာတ်ငွေ့စွမ်းအင်သုံး ဓာတ်အားစက်ရုံ တည်ဆောက်ရန် ဂျပန်နိုင်ငံမှ Sumitomo ကုမ္ပဏီနှင့် ဆွေးနွေးလျက်ရှိသည်။ ယင်းစက်ရုံသည်ချေးငွေအစီအစဉ်ဖြင့် တည်ဆောက်မည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက တပ်ဆင်အား ၅၀၀ မဂ္ဂါဝပ်ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါဓာတ်ငွေ့သုံး ဓာတ်အားစက်ရုံများ တည်ဆောက်ပြီးပါက တပ်ဆင်အင်အား ၁၈၀၇ မဂ္ဂါဝပ်ရရှိနိုင်မည်ဖြစ်ပြီး ပြည်သူများ၏ ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

နိုင်ငံပြန်ရောက်လာသည့် သမ္မတရိုဟာနီ ပီးစတစ်ဖက် ရေမှုတ်တစ်ဖက် ကြိုဆိုခံရ

တီဟီရန် စက်တင်ဘာ ၂၉

ကုလသမဂ္ဂအစည်းအဝေးမှ နိုင်ငံသို့ စက်တင်ဘာ ၂၈ ရက်က အီရန်သမ္မတရိုဟာနီ ပြန်ရောက်စဉ် ထောက်ခံသူများက ကောင်းချီးပေးကြိုဆိုသလို ကန့်ကွက်သူများ၏ အမေရိကန်အလိုမရှိဟု ဟစ်အော်ကာ ရှုတ်ချကြိုဆိုခြင်းလည်း ခံရကြောင်း ဒေးလီးမေးသတင်းတွင် ဖော်ပြသည်။

သမ္မတ ရိုဟာနီ ပြည်ရိပ်နင်းချိန်တွင် လေဆိပ်၌ နိုင်ငံသားရာနှင့်ချီ၍ ဩဘာပေးကြိုဆိုကြသည်။ ထိုစဉ်မှာပင် လေဆိပ်အပြင်ဘက်တွင် ၁၀၀ ဝန်းကျင်ခန့်ရှိ ကန့်ကွက်သူများက သမ္မတ၏ ကားကို ကြက်ဥများ၊ ဖိနပ်များဖြင့် ပစ်ပေါက်ခဲ့ကြသည်။

တက်ကြွလှုပ်ရှားသူများက တံခွန်စာတန်းများဝှေ့ယမ်းကြပြီး အချို့ကမူ ကျောက်တုံး၊ ကျောက်ခဲများဖြင့်ပင် ပစ်ပေါက်ကြသည်ဟု အီရန်သတင်းအေဂျင်စီအရ သိရသည်။

ရိုဟာနီသည် ယခင်သမ္မတဟောင်း အမာဒီနီဂျက်၏ ရှေးရိုးစွဲအုပ်ချုပ်မှု ရှစ်နှစ်တာကာလလွန်မြောက်ပြီးနောက် အနောက်အုပ်စုနှင့် လိုက်လျောညီထွေဆက်ဆံမှုများ ပြုလုပ်လာသည်။

ဆက်သွယ်မှု

ထို့ပြင် စက်တင်ဘာ ၂၇ ရက်က အမေရိကန်သမ္မတနှင့်သမိုင်းတွင်မည့် ၁၅ မိနစ်ကြာ ဖုန်းဖြင့် အပြန်အလှန် စကားပြောဆိုခဲ့သည်။ ယင်းသည် နှစ်ပေါင်း ၃၀ အတွင်း အမေရိကန်နှင့် အီရန်ခေါင်းဆောင်တို့အကြား ပထမဆုံးအကြိမ် ဆက်သွယ်မှုဖြစ်ခဲ့သည်။ **(ဒေးလီးမေး)**

အိန္ဒိယဝန်ကြီးချုပ် ပါကစ္စတန်အကြမ်းဖက်မှုကို သတိပေး

နယူးဒေလီ စက်တင်ဘာ ၂၉

ပါကစ္စတန်နိုင်ငံ အနေဖြင့် အကြမ်းဖက်ဝါဒ ဗဟိုချက်ပြုလုပ်နေခြင်းကို ရပ်တန့်ရမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဝန်ကြီးချုပ်နာဝပ်ရှရစ်နှင့် တွေ့ဆုံဆွေးနွေးပွဲမတိုင်မီ ပြောကြားလိုက်သည်။

အာရှပြိုင်ဘက်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်စေရေးအတွက် မစ္စတာရှရစ်၏ မျှော်လင့်ချက်အိပ်မက်များကို မျှဝေပေးလိုကြောင်း မစ္စတာဆင်းက အလေးအနက် ပြောကြားလိုက်သည်။

နယူးယောက်၌ ယင်းတို့နှစ်ဦး တွေ့ဆုံဆွေးနွေးပွဲမတိုင်မီ နယူးဒေလီနှင့် ဆက်ဆံရေးအသစ်မြှင့်တင်လိုကြောင်း မစ္စတာရှရစ်က ဆော်ဩတိုက်တွန်းလိုက်သည်။

ယင်းတို့နှစ်နိုင်ငံ ဆက်ဆံရေးသည် ကက်ရှ်မီးယားဒေသအငြင်းပွားမှုတွင် တိုက်ပွဲဖြစ်ပွားရာမှ တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။

အိန္ဒိယထိန်းချုပ်သော ကက်ရှ်မီးယားဒေသတွင် စက်တင်ဘာ ၂၆ ရက်က စစ်သွေးကြွများက ရဲစခန်းနှင့် စစ်စခန်းတစ်ခုကို ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ရသည်။ ၂၀၀၈ ခုနှစ် မွမ်ဘိုင်းမြို့ ဗုံးခွဲတိုက်ခိုက်မှုကိုလည်း ပါကစ္စတန်အခြေစိုက် စစ်သွေးကြွများ လက်ချက်ဟု နယူးဒေလီက အပြစ်ပြောဆိုလျက်ရှိသည်။ **(ဘီဘီစီ)**

နိုင်ရိုဘီဈေးတိုက်မခံရမီသတိပေးချက်များကြိုတင်ရ

နိုင်ရိုဘီ စက်တင်ဘာ ၂၉

ကင်ညာရှိ နိုင်ရိုဘီ Westgate ဈေးကြီးကို အဲလ်ရှာဘတ်လက်နက်ကိုင်များ ဝင်စီးနင်းမတိုက်ခိုက်မီ ကင်ညာအစိုးရဝန်ကြီးများက တိုက်ခိုက်မှုများ ဖြစ်ပွားနိုင်မည်ဆိုသည့် သတိပေးချက်များ ကြိုတင်ရရှိထားခဲ့ကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၈ ရက်က ဖော်ပြသည်။

နိုင်ရိုဘီနှင့် မွမ်ဘာဆာမြို့များတွင် တိုက်ခိုက်ရေးအစီအမံများ ရှိနေသည်ကို ပေါက်ကြားခဲ့သော ထောက်လှမ်းရေး ညွှန်ကြားချက်များက ပြည့်ပြည့်စုံစုံ ဖော်ပြထားကြောင်း ကင်ညာမီဒီယာအရ သိရသည်။

ကက်ဘိနက် အဖွဲ့ဝင်ဝန်ကြီးလေးဦးနှင့် ကင်ညာကာကွယ်ရေးတပ်ဖွဲ့အကြီးအကဲတို့ ယင်းသတင်းရရှိကြောင်းကို ပြောကြားသည်။

စက်တင်ဘာ ၂၁ ရက် Westgate ဈေးကြီးကို အဲလ်ရှာဘတ်အဖွဲ့ဝင်ရောက်စီးနင်းပြီးနောက် သေဆုံးသူအနည်းဆုံး ၆၇ ဦးရှိခဲ့သည်။

နိုင်ရိုဘီနှင့် မွမ်ဘာဆာမြို့များတွင် အကြမ်းဖက်အန္တရာယ်တိုးမြှင့်ပြီး စက်တင်ဘာ ၁၃ နှင့် ၂၀ ရက်ဝန်းကျင်ကြား တစ်ပြိုင်နက်တိုက်ခိုက်မှုများ ဖြစ်ပွားနိုင်သည်ဟု ဝန်ကြီးများသို့ သတင်းညွှန်ကြားချက်များ ပေးပို့ထားခဲ့ကြောင်း တန်ပြန်ထောက်လှမ်းရေး သတင်းများအရ ကင်ညာဒေးလီးနေးရှင်းသတင်းက ကိုးကားဖော်ပြသည်။

ဇန်နဝါရီလအတွင်း ပထမအကြိမ်သတိပေးခဲ့ကြောင်း၊ ယခု စက်တင်ဘာလအစတွင် ထပ်မံသတိပေးမှုများရှိခဲ့ကြောင်း ယင်းသတင်းအရ သိရသည်။ **(ဘီဘီစီ)**

ပါကစ္စတန်၌ ငလျင်လှုပ်ပြန်

ကရာချိ စက်တင်ဘာ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းပြည်နယ်၌ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈အဆင့်ရှိ ငလျင်တစ်ခု စက်တင်ဘာ ၂၈ ရက်က လှုပ်သွားခဲ့ရာ အနည်းဆုံး ၁၅ ဦး သေဆုံးကြောင်း သိရသည်။

အမေရိကန် ဘူမိဗေဒပညာရှင်များ ပြောကြားချက်အရ အဆိုပါ ငလျင်သည် ဘာလူချီစတန်ပြည်နယ်၌ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ လူ ၅၁၅ ဦးသေဆုံးခဲ့ရသည့် မကြာသေးမီက လှုပ်သွားခဲ့သော ငလျင်လှုပ်ခဲ့ရာဒေသတွင်း နောက်ဆက်တွဲ ထပ်ဆင့်လှုပ်သည့် ငလျင်ဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

မွမ်ဘိုင်းလေးထပ်တိုက်ပြိုကျမှု ၄၂ ဦးသေဆုံး

မွမ်ဘိုင်း စက်တင်ဘာ ၂၉

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အတွင်းရှိ လူနေလေးထပ်အဆောက်အအုံ ပြိုကျမှုတွင် အနည်းဆုံး လူ ၄၂ ဦးသေဆုံးရပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၈ ရက်က ဖော်ပြသည်။

ယင်းအဆောက်အအုံသည် စက်တင်ဘာ ၂၇ ရက်က ပြိုကျခဲ့ခြင်းဖြစ်ပြီး တိုက်အုတ်ကျိုးအုတ်ပျက်ပုံအောက်မှ အသက်ရှင်လျက် ဆွဲထုတ်ကယ်တင်နိုင်သူ ၃၃ ဦးခန့် ရှိသည်ဟု ဆိုသည်။

မြို့အရှေ့ဘက် ဒေါ့ယတ်လမ်းမကြီးအနီးရှိ ယင်းအဆောက်အအုံ ပြိုကျချိန်တွင် လူ ၈၃ ဦးနှင့် ၈၉ ဦးကြား ရှိနေကြောင်း သတင်းတွင်ဖော်ပြသည်။

ယခုလေးထပ် အဆောက်အအုံပြိုကျခြင်းအကြောင်းအရင်းကို မသိရှိရသေးဟု သတင်းတွင်ဖော်ပြသည်။ **(ဘီဘီစီ)**

ဖိလစ်ပိုင်မယ် မယ်ကမ္ဘာဘွဲ့ဆွတ်ခူး

ဘာလီ စက်တင်ဘာ ၂၉

ဖိလစ်ပိုင်မယ် မီဂန်ရန်းသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ကျင်းပသော မယ်ကမ္ဘာပြိုင်ပွဲတွင် ဆုဆွတ်ခူးရရှိသွားကြောင်း စက်တင်ဘာ ၂၈ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက် ၂၃ နှစ်ရှိ အမေရိကန်နိုင်ငံဖွား မစ်ရန်းသည် အခြားသော ပြိုင်ပွဲဝင် ၁၂၆ ဦးကို ကျော်ဖြတ်ကာ မယ်ကမ္ဘာဘွဲ့သရဖူကိုဆောင်းနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲကို မွတ်စလင်အုပ်စုများ အကြမ်းဖက်ဆန္ဒပြမည့် သတင်းကြောင့် မြို့တော်ဂျကာတာမှ ဘာလီကျွန်းသို့ ပြောင်းပြီး ကျင်းပခဲ့ရသည်ဟုဆိုသည်။

ယင်းပြိုင်ပွဲတွင် ပြင်သစ်မယ် မရင်းလော်ဖီလင်းက ဒုတိယ၊ ဂါနာမယ် နားအိုခိုင်လေးရှတ်တာက တတိယဆု ဆွတ်ခူးသွားသည်။ **(ဘီဘီစီ)**

နိုင်ဂျီးရီးယားစက်လှေ နစ်မြုပ် ၄၂ ဦး သေဆုံး၊ ၁၀၀ ကျော်ပျောက်ဆုံး

နိုင်ဂျာ စက်တင်ဘာ ၂၉

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်း နိုင်ဂျာမြစ်အတွင်း စစ်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ အနည်းဆုံး ၄၂ ဦး သေဆုံးပြီး ၁၀၀ ကျော် ပျောက်ဆုံးနေကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။

အဆိုပါ စက်လှေသည် စက်တင်ဘာ ၂၇ ရက် ညပိုင်းက နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး စက်လှေပေါ်တွင် တင်ဆောင်နိုင်သည့် အရေအတွက်ထက် နှစ်ဆပိုတင်၍ နစ်မြုပ်ခဲ့ဖွယ်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ယင်းစက်လှေသည် မာလီလီ ကျေးရွာမှအထွက် နှစ်ပိုင်းပြတ်ပြီး နစ်မြုပ်သွားခဲ့ကြောင်း နိုင်ဂျာပြည်နယ်အရေးပေါ် စီမံခန့်ခွဲရေး အေဂျင်စီအကြီးအကဲ မိုဟာမက်ရှာဘားက အေအက်ဖ်ပီသို့ ပြောသည်။ ယင်းဖြစ်စဉ်သည် မကြာသေးသည့်နှစ်အတွင်းက အဆိုးရွားဆုံးသော ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ ယင်းအတွက် မိမိတို့အနေဖြင့် သင်ခန်းစာယူရမည်ဖြစ်ကြောင်း မစ္စတာရှာဘားကပြောသည်။ ယင်းစက်လှေသည် မာလီလီဈေးမှအထွက် ကုန်သည်အများအပြားနှင့် ကုန်ပစ္စည်းများ တင်ဆောင်လာခဲ့သည်ဟု ၎င်းကပြောသည်။ **(ဘီဘီစီ)**

မာလာလာကို ဟားဗတ်တက္ကသိုလ်က လူသားချင်းစာနာထောက်ထားမှုဆုချီးမြှင့်

နယူးယောက် စက်တင်ဘာ ၂၉

တာလီဘန်တို့၏ လုပ်ကြံသတ်ဖြတ်ခြင်းမှ အသက်ဘေးလွတ်ခဲ့သူ မာလာလာယူဆွပ်ဇိုင်းကို ဟားဗတ်တက္ကသိုလ်မှ ယခုနှစ်အတွက် လူသားချင်းစာနာထောက်ထားမှုဆုကို ပေးအပ်ချီးမြှင့်ကြောင်း ဒေးလီးမေးသတင်းတွင် စက်တင်ဘာ ၂၈ ရက်က ဖော်ပြသည်။

မိန်းကလေးပညာသင်ကြားရေး တက်ကြွလှုပ်ရှားသူ မာလာလာသည် စက်တင်ဘာ ၂၇ ရက်က ဟားဗတ်တက္ကသိုလ်တွင် 2013 Peter J.Gemes Humanitarian Award ကို ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည်။

ပြီးခဲ့သည်နှစ်အောက်တိုဘာလအတွင်း မာလာလာကို တာလီဘန်များက ဦးခေါင်းကို သေနတ်ပစ်လုပ်ကြံခဲ့ကြခြင်းဖြစ်သည်။ ၁၆ နှစ်အရွယ် မာလာလာက နိုင်ငံရေးသမားတစ်ယောက်ဖြစ်ရန် ရည်သန်ကြောင်း၊ နိုင်ငံရေးသမားများက ကျယ်ကျယ်ပြန့်ပြန့် ဩဇာသက်ရောက်စွမ်းဆောင်နိုင်၍ဖြစ်ကြောင်း ပြောကြားသည်။

ဆွတ်တောင်ကြားမွေးရပ်မြေသို့ သတိတရပြောကြားပြီး တစ်နေ့တွင် အိမ်ပြန်မည်ဟု စိတ်ကူးထားသည်ဟု ဆိုသည်။ **(ဒေးလီးမေး)**

ပြည်တွင်းနှင့် နိုင်ငံတကာသတင်း

နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများ မှန်ကန်သည့်စေတနာနှင့်ယှဉ်ပြီး နိုင်ငံတော်နှင့်ပြည်သူများကိုအကျိုးပြု

စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ပြည်သူလူထုကိုယ်စားလှယ်မှ တင်ပြသည့်စာတမ်း

ဤနေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ သဘင်ဆောင်ခန်းမ၌ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကျင်းပခဲ့သည်မှာ တတိယအကြိမ်ရှိပြီဟု မှတ်သားမိပါသည်။ နှစ်စဉ် စက်တင်ဘာလ၌ ဒီမိုကရေစီနေ့အခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်၍ မိမိတို့မြန်မာနိုင်ငံ၏ ဒီမိုကရေစီသက်တမ်းသည် သုံးနှစ်ခန့်ရှိပြီဟု အကြမ်းဖျင်းဆိုရမှာဖြစ်ပါသည်။

ဤသုံးနှစ်တာကာလခန့်အတွင်း နိုင်ငံတော်၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုစသည်ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ပြည်သူတို့၏ လူမှုစီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်တိုက်ချမှတ်ပြီး တက်တက်ကြွကြွ အကောင်အထည်ဖော်လျက်ရှိသည်မှာ အထင်အရှားဖြစ်ပါသည်။ ထို့ပြင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကိုလည်း တစ်ပါတည်း လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည်ကို ဝမ်းသာဖွယ်ရာမြင်တွေ့နေရပါသည်။

ဤကဲ့သို့ ဘက်ပေါင်းစုံ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာ၌ ကဏ္ဍတစ်ခု၊ နှစ်ခုကို ရွေးချယ်၍ သာမန်ပြုပြင်ပြောင်းလဲမှုမျိုး လုပ်ဆောင်ရခြင်းမဟုတ်ဘဲ ပိုမိုကျယ်ပြန့်နက်ရှိုင်းသော အခြေခံကျသည့် ပြုပြင်ပြောင်းလဲမှုအုတ်မြစ်များကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပြီး ကြိုးပမ်းတည်ဆောက်နေရခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထိုသို့ များပြားလှသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် တစ်နေ့၊ တစ်ရက်၊ တစ်ခဏချင်း ဆောင်ရွက်၍ ရနိုင်သည့် လုပ်ငန်းကိစ္စများမဟုတ်ကြောင်း၊ အခက်အခဲများနှင့် အကန့်အသတ်များစွာရှိကြောင်း သာဓကမျိုးစုံက မိမိတို့အား လက်တွေ့သင်ခန်းစာများ ပေးလျက်ရှိနေပါသည်။

မိမိတို့ ပြည်သူတစ်ရပ်လုံးသည် အတွေးအမြင် ပြောင်းလဲရပါမည်။ စိတ်ရှည်သည်းခံရပါမည်။စည်းလုံးညီညွတ်ရပါမည်။ အလုပ်လုပ်ကြရပါမည်။ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံတော်ယန္တရားအဖွဲ့အစည်းအားလုံးသည်လည်း မိမိတို့၏ အလုပ်တာဝန်များကို တာဝန်သိသိ၊ မခိုမကတ်၊ ရိုးသားဖြောင့်မတ်စွာ အလုပ်လုပ်ကြရန် လိုအပ်ပါသည်။ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများသည်လည်း မှန်ကန်သည့်စေတနာနှင့်ယှဉ်ပြီး နိုင်ငံတော်နှင့် ပြည်သူများကို အကျိုးပြုနိုင်ရပါမည်။ ဤသည်မှာ နိုင်ငံတော်ကို ချစ်မြတ်နိုးသော၊ နိုင်ငံတော်ကို တိုးတက်စေလိုသော အင်အားစုအားလုံးအတွက် မလွဲမသွေ မွေးမြူထမ်းဆောင်အပ်သော သိတတ်မှုနှင့် တာဝန်ဖြစ်သည်ဟု ခံယူမိပါသည်။

ဤသို့ခံယူဆောင်ရွက်ကြမှလည်း ကြုံတွေ့ရသည့်အခက်အခဲများကို ကျော်လွှားနိုင်ပြီး မိမိတို့တိုင်းပြည် အမှန်တကယ် တိုးတက်လာမှာဖြစ်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိလာမှာဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း အိပ်မက်မဟုတ်ဘဲ အမှန်တကယ်ရရှိလာမှာ သေချာပါသည်။ သို့ရာတွင် လွတ်လပ်ရေးရပြီးချိန်မှ ယနေ့အထိ အကြောင်းအမျိုးမျိုးပေါ်မှီတည်၍ ပြည်သူများ၏ မျှော်လင့်ချက်တို့မှာ လက်တွေ့ဖြစ်မလာသေးဘဲ မျှော်လင့်ချက်အဆင့်၌ပင် ရှိနေဆဲပင်ဖြစ်သည်ကို အထူးသတိပြုရန် လိုအပ်ပါသည်။

အပြောအဟောဖြင့်၊ ပါးစပ်ဖြင့် တိုင်းပြည်ကိုတည်ဆောက်နေ၍မဖြစ်ဘဲ၊ အပြောနှင့် အလုပ်၊ အလုပ်နှင့်စေတနာ၊ စေတနာနှင့်စည်းကမ်းလိုက်နာမှုတို့ ပေါင်းစပ်၍ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို သယ်ပိုးထမ်းဆောင်ကြရန် အဓိကအရေးကြီးနေပြီဖြစ်ပါသည်။ ခေါင်းဆောင်မှုကောင်း၊ ဝန်ထမ်းကောင်း၊ ပြည်သူကောင်းတို့ဖြင့် ပေါင်းစည်း၍ အလုပ်လုပ်ရမည့် အချိန်အခါကောင်းဖြစ်သည်ဟု ပြည်သူတို့၏ရင်၌ အတွေးပေါက်လျက်ရှိပါသည်။

အတ္တကြီးမှု၊ စည်းကမ်းမဲ့မှု၊ အတွေးအမြင်တိမ်မှုတို့သည် ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးရာ၌ အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေသကဲ့သို့ လူမျိုးရေးပဋိပက္ခ၊ ဘာသာရေး ပဋိပက္ခတို့သည်လည်း တရားဥပဒေစိုးမိုးမှုနှင့် စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေပြီး ဒီမိုကရေစီရှင်သန်ဖြစ်ပေါ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြက်ရယ်ပြုလျက်ရှိသည်ဟု တင်ပြလိုပါသည်။ နောင်သားစဉ်မြေးဆက်အထိ ဆိုးကျိုးရှည်စေနိုင်သော ပဋိပက္ခများအဖြစ် ရှုမြင်မိပါသည်။

ထို့ကြောင့် မိမိတို့ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် သင်ခန်းစာယူသင့်သည်များကို မှန်မှန်ကန်ကန်ရယူ၍ ရှောင်သင့်သည်များကိုရှောင်၍ ဆောင်သင့်သည်များကိုဆောင်ကြပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကြရန်၊ ကာကွယ်ကြရန် အရေးကြီးပါကြောင်း ဤအပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့၌ ပြည်သူများကိုယ်စား တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၃၀-၉-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၅၀ ကလောမှာထင်ရှား ရွှေဥမင်ဘုရား
- ၇း၀၀ ပြည်တွင်းသတင်း
- ၇း၂၀ ပြည်သူတို့ရဲ့စကားသံများ
- ၇း၃၅ ပြည်သူ့နီတိ **စွမ်း**
- ၈း၃၀ SEA Games Go For Gold (football)
- ၉း၅၀ လှပစုံလင်အာဆီယံတစ်ခွင်

နေ့လယ်ပိုင်း

- ၁၂း၂၅ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဂုဏ်ပြု ဇာတ်လမ်း **ပြုံးသူမှာမျက်ရည်စတွေဝေ** မင်းထက်၊ ကျော်ထူး၊ ဗေဒါ၊ ချမ်းမီမီကို ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်
- ၁၄း၂၅ ဇီဝမျိုးစုံမျိုးကွဲများ

ညပိုင်း

- ၁၅း၁၅ **အမှန်ထင်နေသောအမှား**
- ၁၆း၁၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အက/တေးသံသာ
- ၁၆း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(အရှေ့တိုင်းပညာ အထူးပြု)(အရှေ့တိုင်းပညာ)
- ၁၆း၅၀ အားကစားပြိုင်ပွဲများ၏ အဓိက အစိတ်အပိုင်းတစ်ခု(သို့) **စက်ဘီးအားကစား**
- ၁၇း၄၀ SEA Games ဇာတ်လမ်းတို "Road To SEA Games" (5) သရုပ်ဆောင်-ထွန်းထွန်း (Examplez) (ဒါရိုက်တာ-ဟိဏ်း)
- ၂၀း၃၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၀း၄၀ ပြည်သူတို့ရဲ့စကားသံများ -အိန္ဒိယရုပ်ရှင် **မင်းဟာတို့ဘဝ** (အပိုင်း-၂)

ဂျပန်-ကနေဒါ စစ်ရေးတိုးချဲ့ခြေလှမ်း

မောင်မဟာ

ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါ

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

စစ်အင်အား ခိုင်မာတောင့်တင်း အောင်ကြိုးစားလာတဲ့ ဂျပန်နိုင်ငံဟာ ဒေသတွင်းသာမက ကနေဒါနိုင်ငံနဲ့လည်း စစ်ရေးပူးပေါင်းဆောင်ရွက်မှုတွေ တိုးချဲ့ဖို့ သဘောတူညီမှုတွေ ရယူနေပြီ ဖြစ်ပါတယ်။

ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါနဲ့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ အခုရက်ပိုင်းအတွင်းမှာ တွေ့ဆုံဆွေးနွေးပြီးတဲ့အခါ နှစ်နိုင်ငံစစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးချဲ့ဖို့ ခေါင်းဆောင်နှစ်ဦးတို့ သဘောတူညီခဲ့ကြခြင်း ဖြစ်ပါတယ်။

ဂျပန်နဲ့ ကနေဒါနှစ်နိုင်ငံ တပ်မတော်တို့အနေနဲ့ ကမ္ဘာ့မည်သည့်နေရာ ပူးပေါင်းဆောင်ရွက်မှု၊ ထောက်ပံ့ကူညီပေးမှုတွေ ပြုလုပ်ပေးဖို့လည်း သဘောတူညီခဲ့ကြတာမို့ ဂျပန်စစ်ဖက်ဟာ မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ရရှိခဲ့ပြီ ဖြစ်ပါတယ်။

ကနေဒါနိုင်ငံကို အလည်အပတ်ခရီးထွက်ခဲ့တဲ့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ နှစ်နိုင်ငံစစ်ရေးတိုးချဲ့ဖို့နဲ့ ကမ္ဘာ့စစ်ရေးစစ်ရာတွေမှာ အတူတကွလက်တွဲကြဖို့ မိတ်ဖက်အဖြစ် ထူထောင်ခဲ့လို့ အဓိပ္ပာယ်လေးနက်တဲ့ခရီးစဉ်လည်း ဖြစ်ခဲ့ပါတယ်။

ဒီလို ပူးပေါင်းဆောင်ရွက်မှုတွေဟာ စစ်ရေးပူးတွဲလေ့ကျင့်မှု၊ စစ်ဘက်ရေးရာနည်းပညာ အပြန်အလှန်ဖလှယ်မှု၊ စစ်လက်နက်ပစ္စည်းတွေ ထောက်ပံ့မှုအပါအဝင် စစ်ရေးစစ်ရာ အပြန်အလှန် အကူအညီပေးမှုတွေလည်း ပါဝင်နေပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံလုံခြုံရေးနဲ့ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်လည်ပတ်မှုတွေလည်း တိုးမြှင့်လုပ်ဆောင်ကြမှာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံဝန်ကြီးချုပ်နဲ့ ကနေဒါဝန်ကြီးချုပ်တို့နှစ်ဦး တွေ့ဆုံတဲ့ပွဲမှာ မြောက်ကိုရီးယား၊ အီရန်၊ ဆီးရီးယားနိုင်ငံတွေရဲ့ အရေးကိစ္စတွေလည်းပါဝင်ပြီး ဂျပန်နိုင်ငံလုံခြုံရေးအပေါ် အလေးအနက်ထား ဆွေးနွေးခဲ့ကြပါတယ်။

ဂျပန်နိုင်ငံဟာ ကနေဒါနိုင်ငံရဲ့ ထုတ်ကုန်တင်ပို့မှု စတုတ္ထအကြီးမားဆုံးနိုင်ငံဖြစ်ပြီး ၂၀၁၂ ခုနှစ်က နှစ်နိုင်ငံကုန်သွယ်မှုဟာ ကနေဒါဒေါ်လာ ၂၅ ဒသမ ၄ ဘီလီယံအထိ ရှိခဲ့ပါတယ်။ ကနေဒါနိုင်ငံအနေနဲ့ အာရှမှာတော့ ဂျပန်နိုင်ငံဟာ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပါတယ်။

ကနေဒါနိုင်ငံမှာ ဂျပန်နိုင်ငံရဲ့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာ ကနေဒါဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံ ရှိနေတာမို့ နှစ်နိုင်ငံ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုလည်း တိုးတက်နေပါတယ်။ ဒါကြောင့် စီးပွားရေးနဲ့ ကုန်သွယ်ရေး တိုးတက်ဆက်ဆံမှုရှိနေသလို စစ်ဘက်ရေးရာပူးပေါင်းမှုတွေ တိုးချဲ့ပြုလုပ်လာတဲ့ ဂျပန်နဲ့ ကနေဒါတို့ရဲ့ ခြေလှမ်းကို နိုင်ငံတကာက စိတ်ဝင်စားစွာ စောင့်ကြည့်နေကြပြီ ဖြစ်ပါတယ်။

ဆီးရီးယားစစ်သွေးကြွ ဓာတုလက်နက်ပိုင်ဟု ရုရှားဆို

ဆီးရီးယားနိုင်ငံရှိ ပြည်ပကျောထောက်နောက်ခံ စစ်သွေးကြွများသည် ဓာတုလက်နက်များ ပိုင်ဆိုင်ထားသည့်အထောက်အထားများ ပိုမိုတွေ့ရှိလာကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗော့က ပြောသည်။ ဓာတုလက်နက်များအသုံးပြုရေး စစ်သွေးကြွများအချင်းချင်း ဆွေးနွေးနေသည့်ဖုန်းကို ကြားဖြတ်နားထောင်ခဲ့ရသည်ဟု လာဗော့က ချန်နယ်ဝမ်း ရုရှားနှင့်တွေ့ဆုံမေးမြန်းရာတွင် ပြောကြားလိုက်သည်။ ရုရှားနိုင်ငံအနေဖြင့် စစ်သွေးကြွများနှင့် ဆက်နွယ်သော ဓာတုလက်နက်အထောက်အထားများကို ကုလသမဂ္ဂသို့ ပေးပို့ပြီးဖြစ်ကြောင်းလည်း လာဗော့က ပြောသည်။

စပိန်ပြည်သူများ ဘုရင်စနစ်ကို အလိုမရှိ

စပိန်နိုင်ငံ မြို့တော်မက်ဒရစ်တွင် ထောင်ပေါင်းများစွာသော ပြည်သူများက လမ်းမများပေါ်ထွက်ပြီး သက်ဦးဆံပိုင်ဘုရင်စနစ် အဆုံးသတ်ရန် ဆန္ဒပြခဲ့ကြသည်။ စက်တင်ဘာ ၂၈ ရက်က ပြုလုပ်သော အဆိုပါ ဆန္ဒပြသူများက ဘုရင်ဂျူအန်ကားလို့စ် ထီးနန်းစွန့်ရေး၊ ဘုရင်စနစ်အဆုံးသတ်ပြီး သမ္မတနိုင်ငံထူထောင်ရေး ဆော်ဩတိုက်တွန်းခဲ့ကြသည်။ စပိန်ဘုရင်ကားလို့စ်က သုံးနှစ်အတွင်း ရှစ်ကြိမ်မြောက် ခွဲစိတ်ကုသမှုခံယူနေစဉ် ထီးနန်းစွန့်လိမ့်မည်ဟူသော ကောလာဟလအပေါ် မဟုတ်မမှန်ကြောင်း ငြင်းဆိုလိုက်သည်။

အီတလီဝန်ကြီးချုပ် နုတ်ထွက်မည်ဟုခြိမ်းခြောက်

အီတလီဝန်ကြီးချုပ် အင်န်ရီကိုလက်တာက ၎င်း၏ ဝန်ကြီးအဖွဲ့ လာမည့်သီတင်းပတ်အတွင်း ပါလီမန်ကထောက်ခံမဲပေးခြင်း မပြုလုပ်နိုင်ခဲ့လျှင် ရာထူးမှနုတ်ထွက်မည်ဟု ခြိမ်းခြောက်လိုက်သည်။ ၎င်းအနေဖြင့် ဗဟိုလက်ဝဲပါတီများနှင့်အတူ ယူရိုသုံးဘီလီယံဘတ်ဂျက်ကို စီမံခန့်ခွဲနိုင်ခြင်း မရှိခဲ့ပြီး နောက်တစ်ရက်အကြာ စက်တင်ဘာ ၂၈ ရက်က ရာထူးမှနုတ်ထွက်ရန် ခြိမ်းခြောက်လိုက်သည်။ ယင်းဘတ်ဂျက်ငွေခွဲဝေမှု အဆင်မပြေခြင်းသည် အီတလီအစိုးရကို ပြိုကွဲသွားနိုင်သည်ဟု ဆိုသည်။

မြင့်မောင်စိုး - စုစည်းသည်

ဆောင်းပါး

ကျွန်တော်နဲ့ နယူးယောက်မြို့

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ကျွန်တော် နယူးယောက်မြို့ကို မရောက်တာ ခြောက်နှစ်တောင်ရှိသွားပြီ။

နောက်ဆုံးအကြိမ် ၂၀၀၆ ခုနှစ်ကရောက်ခဲ့တာ။ ဒီတုန်းက ကျွန်တော်နဲ့မိသားစုက အီတလီနိုင်ငံမှာနေကြတယ်။ ခရစ္စမတ်နေ့မှာ ရောက်ခဲ့တာ။ ဒီတစ်ခေါက်တော့ သမီးကို တက္ကသိုလ်ပို့ဖို့ ကျွန်တော်ရယ်၊ ဇနီးရယ်၊ သမီးရယ် သုံးယောက် ရန်ကုန်ကနေသွားခဲ့တယ်။

ရန်ကုန်က စင်ကာပူ၊ စင်ကာပူက ဂျာမနီနိုင်ငံ Frankfurt မြို့၊ စီးလာတဲ့ လေယာဉ် က A-380 နှစ်ထပ်လေယာဉ်ကြီး။ ခရီးသည်တွေက များလိုက်တာ။ Frankfurt လေယာဉ်ကွင်းမှာ ရဲက ကျွန်တော်တို့မိသားစုနဲ့ ရန်ကုန်ကအတူပါလာတဲ့ ကျောင်းသားမောင်နှမနှစ်ယောက်ကို မသင်္ကာလို့ စစ်ဆေးခံခဲ့ရပါတယ်။

အာရှက ခရီးသည်တွေကိုမှ ရွေးစစ်တာမို့ မသင်္ကာစရာရှိလို့ထင်ပါရဲ့။ နယူးယောက်မြို့ရောက်တော့ တူတော်မောင်က လာကြိုနေတယ်။ ရာသီဥတုက သိပ်မအေးလှသေးဘူး။ သမီးကို ရှုခင်းတွေလိုက်ပြပြီး တူတော်မောင်မိသားစုနေထိုင်တဲ့ New Jersey မြို့ကို သွားခဲ့တယ်။ ကားတွေက များပေမယ့် လမ်းကကောင်း၊ စည်းကမ်းလည်းရှိကြလို့ ထင်ပါရဲ့ ကားတန်းကြီးက ပုံမှန်ရှိနေတာ။ ရန်ကုန်မြို့ ကားကျပ်တာကို သွားသတိရမိတယ်။

ကျွန်တော် နယူးယောက်မြို့ကို ပထမဆုံး ၁၉၉၂ ခုနှစ်မှာ ရောက်ခဲ့တယ်။ ဒီတုန်းက နိုင်ငံတော်ခွင့်ပြုချက်နဲ့ UNICEF ဌာနချုပ်မှာ အကြီးတန်းအကြံပေးအရာရှိအဖြစ် တာဝန်ယူခဲ့တယ်။ လက်ထပ်ပြီး ကိုးလလောက်မှာ ရန်ကုန်က ကျွန်တော်ရယ်၊ ဇနီးသည်ရယ် ထွက်လာခဲ့ကြတာ။ အမေရိကန်နိုင်ငံကို ပထမဦးဆုံးအကြိမ်ရောက်ခဲ့တာ။ကျွန်တော်အင်္ဂလန်နိုင်ငံမှာ နိုင်ငံခြားပညာတော်သင်အနေနဲ့ ခြောက်နှစ် နေခဲ့တယ်။ ခြောက်နှစ်လုံးလုံး အင်္ဂလန်မှာပဲ နေခဲ့ရတယ်။ ဖောင်ဖျက်ပြီးလုပ်လိုက်တာ။ ဒုတိယအကြိမ် နိုင်ငံခြားမှာ သုံးနှစ်နီးပါးနေရတာက အနောက်ဂျာမနီမှာ။ ဘွဲ့လွန်ပါရဂူသုတေသန လုပ်ခွင့်ရခဲ့တာ။

ဂျာမနီနိုင်ငံကနေ ဂျီနီဗာမြို့မှာ လေးလလောက် ကမ္ဘာ့ကျန်းမာရေးဌာနချုပ်မှာ အလုပ်လုပ်ခဲ့သေးတယ်။ ၁၉၉၂ ခုနှစ် စက်တင်ဘာလမှာ နယူးယောက်ကို ရောက်တာမို့ ရာသီဥတုက အေးစပြုနေပြီ။ ဒီတုန်းက ဂျပန်က တစ်ဆင့်လာခဲ့ပြီး ယိုကိုဟားမားမြို့မှာ တစ်ပတ်လောက်နေခဲ့သေးတာ။ ယောက်ဖလုပ်သူက ဂျပန်မှာ အခြေကျနေပြီ။

နယူးယောက်မြို့ UNICEF ဌာနချုပ်မှာ ကျွန်တော်ရော ဇနီးပါ အလုပ်လုပ်ကြတယ်။ ရောက်ရောက်ချင်း ရုံးနဲ့နီးတဲ့ဟိုတယ်မှာ တစ်လလောက်နေခဲ့ကြတယ်။ ပြီးတော့မှ UNICEF ဌာနချုပ်ရုံးရဲ့ အပေါ်ဆုံးအထပ်မှာရှိတဲ့အဆောင်မှာ အခန်းငှားခဲ့တယ်။ အိပ်ခန်းတစ်ခန်း၊ မီးဖိုချောင်၊ ဧည့်ခန်း၊ ရေချိုးခန်းနဲ့ သပ်သပ်ရပ်ရပ်ရှိလှတယ်။ အခန်းကတော့ သိပ်မကြီးလှဘူး။ ရုံးရဲ့အပေါ်ဆုံးထပ်ဖြစ်တာမို့ သိပ်အဆင်ပြေတယ်။ နေတဲ့အခန်းကနေ ဓာတ်လှေကားစီးလိုက်တာနဲ့ ရုံးရောက်ပြီ။ အပြင်ထွက်ပြီး ရုံးတက်ရုံးဆင်းလုပ်စရာမလိုတော့ သိပ်ကိုဟန်ကျတယ်။

နောက်တော့ ရုံးနဲ့ကပ်လျက်ရှိတဲ့တိုက်မှာ အခန်းတစ်ခန်းငှားရမ်းပြီး နေထိုင်ခဲ့တယ်။နှစ်နှစ်လောက်နေပြီး UNICEF ရုံးချုပ်နဲ့ သိပ်မဝေးလှတဲ့ Roosevelt Island ဆိုတဲ့နေရာမှာ နေထိုင်ခဲ့တယ်။ တိုက်ခန်းကနှစ်ထပ်၊ အိပ်ခန်းနှစ်ခန်းပါတော့ ကျယ်ဝန်းတယ်။ ရုံးကို ရုပ်ရှင်ထဲမကြာခဏပါတဲ့ ကောင်းကင်မိုးပျံရထားနဲ့ အသွားအပြန်စီးရတယ်။ Roosevelt Island မှာ တိုက်ခန်းတွေပါတဲ့အဆောက်အအုံတွေက အများကြီး၊ ပန်းခြံကလည်း အကျယ်ကြီး၊ အကောင်းဆုံးက မနက်မနက် ထပြေးနိုင်တဲ့ ပြေးလမ်းက ကျွန်းပတ်လည်မှာရှိတော့ ကျွန်တော့်အတွက် သိပ်အဆင်ပြေတယ်။

ကျွန်တော်တို့နှစ်ယောက် နယူးယောက်ကို ပထမဆုံးအကြိမ် ရောက်တုန်းက UN မှာအလုပ်လုပ်နေကြတဲ့ မြန်မာတွေ အယောက် ၁၀၀ ကျော်ကျော်လောက်ရှိကြတယ်။ ရာထူးအကြီးဆုံးက UNDPက ဒေါက်တာ ဦးနေထွန်းနဲ့ UNICEF က ဒေါက်တာညီညီတို့ နှစ်ယောက်ဖြစ်တယ်။ ဒီရုံးမှာ အများစုက အရာထမ်းအနေနဲ့ အလုပ်လုပ်နေကြတယ်။ UNမှာ ရာထူးအဆင့်က နှစ်မျိုးရှိတယ်။ အရာရှိအဆင့်ကို Professional (P) လို့ သတ်မှတ်ပြီး အမှုထမ်းကိုတော့ General Services (GS) လို့ သတ်မှတ်ထားတယ်။

အမှန်တော့ အားလုံးလိုလိုဟာ P ရာထူးတွေရသင့်ပါတယ်။ ဒါပေမယ့် ဟိုတစ်ချိန်က မြန်မာပြည်က နိုင်ငံခြားထွက်ဖို့ ပုံစံအမျိုးမျိုးနဲ့ လိမ်ညာခဲ့ရတာမို့ ဘွဲ့ရှိတဲ့သူလည်း ဆယ်တန်းအောင်ဆိုပြီး လျှောက်ခဲ့ကြတော့ နယူးယောက်လည်းရောက်၊ အလုပ်လျှောက်တဲ့အခါ ပညာအရည်အချင်းတွေ ကနိမ့်ကုန်ရော။ ဒါကြောင့်လည်း များသောအားဖြင့် GS နဲ့ အလုပ်ဝင်ကြရတာ။

နယူးယောက်ရောက်ပြီး နှစ်နှစ်လောက်ကြာတော့ ကျွန်တော်အလုပ်တစ်ခုကိုစတင်ခဲ့တယ်။ ဒီအလုပ်ကို ဘယ်သူမှ စေ့ဆော်တာမဟုတ်ဘဲ မိမိစိတ်ထဲမှာ လုပ်သင့်လုပ်ထိုက်တယ်ထင်လို့ စလုပ်ခဲ့တာဖြစ်တယ်။ UN မှာ လုပ်နေတဲ့ မြန်မာတွေ အခုဆို တစ်ရာကျော်ကျော်ရှိနေတော့ မြန်မာအသင်း မရှိဘူးလားလို့ မေးမိတယ်။

အခုလို ရိုးရိုးလေးမေးလိုက်တာကို ဖြေတဲ့သူက ဆရာက ဒုက္ခတွေ့ချင်ပြီထင်တယ်၊ ဒီမှာမြန်မာအသင်းမရှိဘူး၊ ဘယ်သူမှစိတ်ဝင်စားမှာ မဟုတ်ဘူး၊ ဖွဲ့ရင်လည်း အဆင်ပြေမှာမဟုတ်ဘူး၊ ရန်တွေဖြစ်ပြီး အသင်းက ကွဲမှာသေချာတယ်ဆိုပြီး အမျိုးမျိုးကန့်ကွက်ခဲ့တယ်။ ကျွန်တော့်စိတ်ထဲမှာက တစ်မျိုး၊ အခုလိုအမိနိုင်ငံနဲ့ အဝေးကြီးမှာ အလုပ်လာလုပ်နေကြတဲ့သူတွေ စည်းစည်းလုံးလုံးနဲ့ရှိဖို့လိုတယ်။ ဒါကြောင့် မြန်မာ UN အသင်းထောင်သင့်တယ်ဆိုပြီး ကိုယ်နဲ့ရင်းနှီးတဲ့သူတွေကို တိုင်ပင်တယ်။

အားလုံးက ကျွန်တော်အကြံပြုတာကို လက်ခံကြပြီး အသင်းကိုစထောင်ခဲ့တယ်။ ကျွန်တော်က ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌက သူငယ်ချင်းဦးကျော်မြိုင်၊ နောက်တစ်ဦး Daw Wendy၊ အတွင်းရေးမှူးက စီးပွားရေးတက္ကသိုလ်တုန်းက တပည့်ဖြစ်ပြီး ဘောလုံးအတူတူကန်ခဲ့တဲ့ ကိုအောင်သွင်၊ တွဲဖက်ဥက္ကဋ္ဌက ဒေါ်မေသီခတို့ဖြစ်ပြီး အမှုဆောင်အင်အားတောင့်တောင့်တင်းတင်းနဲ့ လှုပ်ရှားခဲ့တာ။ စဖွဲ့ဖွဲ့ချင်း အစည်းအဝေးလုပ်တော့ ပြဿနာစတော့တာပါပဲ။ ဒါကအသင်းရဲ့အမည်ပေးတော့ ကျွန်တော်ကရိုးရိုးသားသားပဲ UN Myanmar Association ဆိုပြီး အသင်းနာမည်ပေးခဲ့တယ်။

အဲဒီမှာ မြန်မာဆိုတဲ့ ဝေါဟာရကိုသုံးတဲ့ ကျွန်တော့်ကို စွပ်စွဲတော့တာပဲ။ အစိုးရဘက်တော်သား၊ အစိုးရလူ ဆိုပြီးပေါ့။ အသင်းကို UN Burma Association ခေါ်သင့်တယ်ဆိုပြီး ဝေဖန်ကြတယ်၊ ပြစ်တင်ကြတယ်။ ဒီတုန်းက Myanmar and Burma ပြဿနာစနေတဲ့အချိန်။ ကျွန်တော်က သွေးရိုးသားရိုးနဲ့ ပေးလိုက်မိတဲ့အမည်။ အမှန်တော့ ကုလသမဂ္ဂဟာ Intergovernmental Organization တစ်ခုဖြစ်တယ်။ ဒါကိုလူအတော်များများက မေ့နေကြတယ်။ အဓိပ္ပာယ်က ကုလသမဂ္ဂဟာ Member States အဖွဲ့ဝင်နိုင်ငံတွေနဲ့ ဖွဲ့စည်းထားတာ။ အခုဆိုရင် စုစုပေါင်း ၁၉၃ နိုင်ငံရှိတယ်။

> ❒ *UN* အဆောက်အအုံရဲ့ မြက်ခင်းနံဘေးမှာ ခြောက်လုံးပြူး သေနတ်တစ်လက်အကြီးကြီးကို ထောင်ထားတယ်။ ကြေးနီနဲ့ လုပ်ထားတယ်။ ဒါပေမယ့် အထူးခြားဆုံးက ဒီသေနတ်ရဲ့ပြောင်းကို လိမ်ချိုးထားတာ၊ အဓိပ္ပာယ်က ငြိမ်းချမ်းရေးကို သရုပ်ဖော်ထားတာ။ လူသတ်တဲ့လက်နက်ကို လိမ်ချိုးထားတာ။ အဓိပ္ပာယ်အပြည့်အဝ၊ ကျွန်တော်တို့နိုင်ငံမှာလည်း ငြိမ်းချမ်းရေးရအောင် အဘက်ဘက်က ကြိုးစားနေရတယ်။ ရဖို့အရေးကြီးတယ်။ ဒီမြေဒီရေမှာ အတူနေထိုင်ကြသူတွေ၊ အေးအေးချမ်းချမ်း အေးအတူ၊ ပူအမျှနေကြဖို့ လိုအပ်ပါတယ်။

> ❒ အမြင်မတူတာက ရှင်သန်မှုရှိတယ်၊ မတူတာက ပြဿနာမဟုတ်ဘူး။ လူတိုင်းမှာကိုယ့်အမြင်၊ ကိုယ့်အယူအဆရှိရမယ်။ ကိုယ်ပိုင်စဉ်းစားခွင့်ရှိတယ်။ အခုလိုလွတ်လွတ်လပ်လပ်စဉ်းစားပြီးမှ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းရမယ်။ နားလည်မှုရှိအောင် ကြိုးစားရမယ်။

ဒီတော့အဖွဲ့ဝင်နိုင်ငံတစ်ခုမှာ အာဏာရထားတဲ့အစိုးရအလိုကျ မိမိနိုင်ငံရဲ့ အမည်ကို ပေးလို့ရတယ်။ အိမ်နီးနားချင်းနိုင်ငံတစ်ခုဖြစ်တဲ့ Cambodia ကိုကြည့်။ ခမာနီအစိုးရတက်လာတဲ့အချိန်မှာ သမိုင်းဝင်နာမည်ဖြစ်တဲ့ Kampuchea ကို အသုံးပြုတဲ့အတွက် ကုလသမဂ္ဂမှာ ဒီနာမည်ကိုပဲ အသိအမှတ်ပြုတယ်။

အစိုးရက Kampuchea ခေါ်တာကို Cambodia လို့ခေါ်လို့မရဘူး။ ကျွန်တော်က ဒီကိစ္စကို နားလည်အောင်ရှင်းပြပါတယ်။ ဒါနဲ့ပဲ UN Myanmar Association အနေနဲ့ UN Secretariat မှာသွားပြီး မှတ်ပုံတင်တယ်။ မှတ်ပုံတင်တဲ့အခါ အခြားနိုင်ငံသားတွေကလည်း ကျွန်တော်တို့လိုပဲ UN အသင်းတွေ ဖွဲ့ထားကြောင်း သိရပါတယ်။

ကျွန်တော်တို့အသင်းကြီးရဲ့ ပထမလှုပ်ရှားမှုက ၁၉၉၅ ခုနှစ် UN အနှစ် ၅၀ပြည့် အခမ်းအနားကျင်းပချိန်မှာ နိုင်ငံတကာအသင်းတွေရဲ့ Fashion Parade ။ ဒီအခမ်းအနားမှာ နိုင်ငံပေါင်းစုံက ပါဝင်လှုပ်ရှားကြတယ်။ မြန်မာအသင်းအနေနဲ့ ဘယ်နည်းဘယ်ပုံ ပါဝင်သင့်တယ်ဆိုတာကို အစည်းအဝေးလုပ်တိုင်ပင်ဆွေးနွေးတယ်။ နောက်ဆုံးတိုင်းရင်းသားဝတ်စုံနဲ့ပါဝင်ဖို့ သဘောတူကြတယ်။

လူမျိုးစုကြီးတွေဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင် ကျားမဝတ်စုံတွေနဲ့ အသင်းသူ အသင်းသားတွေက ဝတ်ဆင်ပြီး UN အဆောက်အအုံမှာ ပါဝင်ခဲ့တယ်။ အခုလို ဆင်ယင်ထုံးဖွဲ့မှု ဆန်းဆန်းပြားပြားနဲ့ ပြသနိုင်တာဟာ နိုင်ငံအတွက်ဂုဏ်ယူစရာဖြစ်ပါတယ်။ ပွဲရှိတော့လည်း အသင်းသားအားလုံးက တက်ညီလက်ညီနဲ့ပါဝင်ကြတယ်၊ လှုပ်ရှားကြတယ်။ အခုလှုပ်ရှားနေတာတွေ့ရတော့ တို့မြန်မာလူမျိုးတွေကို ဝေဖန်နေကြတာမမှန်ဘူး၊ တို့လူမျိုးအတူတူနေလို့မရဘူး၊ မတည့်ကြဘူးဆိုပြီး ဝေဖန်ခံရတယ်။ နိုင်ငံရေးမှာလည်း အမြဲတမ်း အခုလိုပဲ ဝေဖန်နေကြတာ ယနေ့အထိပဲ။

လွတ်လပ်ရေးမရခင်တုန်းကလည်း ခွဲရေး တွဲရေးပြဿနာ၊ လွတ်လပ်ရေးရပြီးချိန်မှာလည်း နိုင်ငံရေးပါတီတွေကွဲကြပြဲကြ၊ လွတ်လပ်ရေးတိုက်ပွဲအတူတူဝင်ကြတဲ့သူတွေ အမြင်ချင်းမတိုက်ဆိုင်လို့ တောခိုပုန်ကန်ခဲ့ကြ၊ ဖဆပလ အဖွဲ့မှာလည်း တည်မြဲ သန့်ရှင်း၊ သန့်ရှင်းမှာလည်း ဦး၊ ဗိုလ်၊ သခင်စတဲ့ သာဓကတွေရှိခဲ့တယ်။

ဒီသာဓကတွေကို ထောက်ပြပြီး မြန်မာတွေရဲ့ အကျင့်စရိုက်ကိုသုံးသပ်ဝေဖန်ခဲ့ကြတယ်။ ဝေဖန်နေကြတယ်။ ကျွန်တော့်အယူအဆကတစ်မျိုး။ အမြင်မတူတာက ရှင်သန်မှုရှိတယ်၊ မတူတာက ပြဿနာမဟုတ်ဘူး။ လူတိုင်းမှာကိုယ့်အမြင်၊ ကိုယ့်အယူအဆရှိရမယ်။ ကိုယ်ပိုင်စဉ်းစားခွင့်ရှိတယ်။ အခုလိုလွတ်လွတ်လပ်လပ်စဉ်းစားပြီးမှ တစ်ယောက်နဲ့တစ်ယောက်ညှိနှိုင်းရမယ်။ နားလည်မှုရှိအောင် ကြိုးစားရမယ်။ ငါပြောတာပဲမှန်တယ်။ မင်းတို့ပြောတာတွေက အမှားတွေ၊ ဒါကြောင့် ငါပြောတဲ့အတိုင်း လုပ်ရမယ်ဆိုတာကို ကျွန်တော်လက်မခံဘူး။ မိမိသဘော မိမိအမြင်ကို ပွင့်ပွင့်လင်းလင်းဖော်ထုတ်ခွင့်ရှိတယ်။ ဖော်ထုတ်ပြီး တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရအောင် ဆွေးနွေးရမယ်။ စိတ်ရှည်ရမယ်။ အပေးအယူရှိရမယ်။

ကျွန်တော်တို့ဆီမှာ အခုတလော အမုန်းတရားတွေ လွှမ်းမိုးနေတာတွေတွေ့ရတော့ စိတ်မကောင်းဖြစ်မိတယ်။ ငါ့ဘက်၊ သူ့ဘက်၊ ငါ့အမြင်၊ သူ့အမြင် ညှိနှိုင်းတာထက် အနိုင်ယူချင်စိတ်တွေများနေတယ်။ ရှင်တော်ဗုဒ္ဓသွန်သင်ထားသလို အလယ်အလတ်လမ်းစဉ်ကို လိုက်ကြစေချင်တာပါပဲ။

မြန်မာအသင်းပေါင်းပြီး မြန်မာအစားအစာဈေးရောင်းပွဲတွေလုပ်ကြတယ်။ မြန်မာပြည်က အနုပညာသည်တွေဖိတ်ပြီး Stage Showတွေ ကျင်းပကြတယ်။ လှုပ်ရှားမှုများသလို တစ်ဖက်က ပျော်စရာဖြစ်ပေမယ့် စိတ်မတွေ့တာတွေလည်း ကြုံခဲ့ရတယ်။ ကျွန်တော့်ဇနီးက မညည်းမညူနဲ့ ကူညီတယ်။ စိတ်ရှည်တယ်။ အသင်းမှာလုပ်ရင်းပုဂ္ဂိုလ်ရေးရာ အတိုက်အခိုက်တွေ မျိုးစုံခံခဲ့ရတယ်။ ဒါပေမယ့် ကျွန်တော်စိတ်မပျက်ပါဘူး။ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တစ်ခုလုပ်တဲ့နေရာမှာ အခုလိုပဲ ရင်ဆိုင်ရမှာပဲ။ ဒါတွေဟာ ဒုက္ခမဟုတ်ဘူး။ ကိုယ့်လိပ်ပြာကိုယ်သန့်တယ်။ အသင်းလုပ်တဲ့အတွက် ကိုယ်ကျိုးတစ်ခုမှ မရှိဘူး။ အချိန်၊ ငွေစိုက်ပြီးလုပ်ခဲ့ရတာ။ ကျွန်တော် ဒီအသင်းကြီးကို သုံးနှစ်လောက် ဦးစီးခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာ တာဝန်နဲ့ နယူးယောက်ကနေ ဘင်္ဂလားဒေ့ရှ်ကိုပြောင်းရပြီး အသင်းနဲ့အဆက်ပြတ်ခဲ့တယ်။

ဒီတစ်ခေါက် နယူးယောက်ကိုရောက်တော့ သမီးကို UN ကိုလိုက်ပို့တယ်။ UN Secretariat ရဲ့ ရှေ့က အဖွဲ့ဝင်နိုင်ငံတွေရဲ့ အလံတွေ လွှင့်ထူထားတဲ့နေရာမှာ ဓာတ်ပုံရိုက်ပေးတယ်။ UN အဆောက်အအုံကြီးက ပြုပြင်နေတာမို့ သမီးကိုပြချင်တဲ့ နေရာတစ်ခုကို မပြခဲ့ရဘူး။ဒါကတော့ UN အဆောက်အအုံရဲ့ မြက်ခင်းနံဘေးမှာ ခြောက်လုံးပြူးသေနတ်တစ်လက်အကြီးကြီးကို ထောင်ထားတယ်။ ကြေးနီနဲ့ လုပ်ထားတယ်။ ဒါပေမယ့် အထူးခြားဆုံးက ဒီသေနတ်ရဲ့ ပြောင်းကို လိမ်ချိုးထားတာ၊ အဓိပ္ပာယ်က ငြိမ်းချမ်းရေးကို သရုပ်ဖော်ထားတာ။ လူသတ်တဲ့လက်နက်ကို လိမ်ချိုးထားတာ။ အဓိပ္ပာယ်အပြည့်အဝ၊ ကျွန်တော်တို့နိုင်ငံမှာလည်း ငြိမ်းချမ်းရေးရအောင် အဘက်ဘက်က ကြိုးစားနေရတယ်။ ရဖို့အရေးကြီးတယ်။ ဒီမြေဒီရေမှာ အတူနေထိုင်ကြသူတွေ၊ အေးအေးချမ်းချမ်း အေးအတူ၊ ပူအမျှနေကြဖို့ လိုအပ်ပါတယ်။

UN ရောက်ရင်း ကျွန်တော်နဲ့အတူ UN မြန်မာအသင်းမှာလှုပ်ရှားခဲ့တဲ့သူတွေက လာနှုတ်ဆက်ကြတယ်။ နေ့လယ်စာအတူစားကြတယ်။ အသက်တွေက အနှစ် ၂၀ နီးပါး ကြီးကုန်ကြပြီ။ ထူးခြားတာက တချို့တွေက (P) ရာထူးတွေရနေကြပြီ။ ဝမ်းသာအားရစရာပဲ။ UN အသင်းကြီး လှုပ်ရှားနေတာကြားရလို့ ဝမ်းသာတယ်။ စိတ်မကောင်းဖြစ်ရတာက သမ္မတကြီး UN ရောက်တုန်း အသင်းဝင်တွေအကြားမှာ ပြဿနာတွေဖြစ်ကြတယ်လို့ ကြားရတယ်။ အသေးစိတ်ကိုတော့ မသိပါဘူး။

တစ်ညမှာ နယူးယောက်မြို့မှာ နာမည်ကြီးတဲ့ Broadway ပြဇာတ်သွားကြည့်ကြတယ်။ ပွဲက Mamma Mia ။ ကျွန်တော်အင်္ဂလန်မှာ ပညာသင်တုန်းက Euro Vission ပြိုင်ပွဲမှာ ဆုရခဲ့တဲ့ ABBA အဖွဲ့ဝင်တွေကို အခြေခံပြီး ပြတဲ့ပြဇာတ်သီချင်းတွေက ကျွန်တော်ငယ်ငယ်တုန်းက ကြိုက်တဲ့သီချင်းတွေဖြစ်တော့ ခံစားမိပါတယ်။

အခုလို အမေရိကန်နိုင်ငံကို တစ်ခေါက်ပြန်ရောက်တော့ ထူးခြားချက်တစ်ခုကို သတိထားမိပါတယ်။ ဒါကရွေးချယ်မှုပြဿနာ။ ကျွန်တော်က ကော်ဖီကြိုက်တယ်။ ဒါပေမယ့် ဒီမှာကော်ဖီဝယ်သောက်ရတာ မလွယ်လှဘူး။ ကော်ဖီတွေကမျိုးစုံ၊ ဘာကို ရွေးရမှန်းတောင်မသိဘူး။ ဒါကြောင့် ရွေးချယ်မှုတွေများလွန်းရင် အဆုံးအဖြတ်ပေးရတာ ခက်တယ်ဆိုတာကိုယ်တွေ့ပဲ။ ရန်ကုန်မှာ ကော်ဖီသောက်ရတာလွယ်တယ်။ ရွေးစရာသိပ်မရှိတော့ ပြဿနာမရှိဘူး။ ချမ်းသာခြင်းဒုက္ခဆိုတာ ဒါပဲထင်ပါရဲ့။

နယူးယောက်မြို့မှာ ကျွန်တော်တို့ ၁၀ ရက်လောက်ကြာတယ်။ သမီးဝယ်ချင်တဲ့ပစ္စည်းတွေ၊ သွားချင်တဲ့နေရာတွေ၊ ဝယ်ဖြစ်၊ ရောက်ဖြစ်တယ်။ သမီးကတက္ကသိုလ်ဝင်ခွင့်အနေနဲ့ နယူးယောက်မြို့မှာရှိတဲ့ နာမည်ကြီး Columbia တက္ကသိုလ်မှာရတယ်။ ဒါပေမယ့် သူက မြို့ကြီးမှာရှိတဲ့ တက္ကသိုလ်ကို မတက်ချင်ဘဲ သူ့စိတ်ကြိုက် Minnesota ပြည်နယ်မှာရှိတဲ့ Carleton College ကိုတက်ဖို့ ရွေးချယ်ခဲ့တယ်။

ခေတ်တွေကပြောင်းလဲသွားပြီ။ ကျွန်တော်က ပညာရေးကို စိတ်ဝင်စားတော့ နားလည်ပြီး တက္ကသိုလ်တွေအကြောင်းသိတယ်။ ဒါပေမယ့် ကျွန်တော်သိတာနဲ့ အခုခေတ်အခြေအနေနဲ့က မတူတော့ဘူး။ ဒါကြောင့်လည်း သမီးစိတ်ကြိုက်တက္ကသိုလ်ကို တက်ခွင့်ပြုလိုက်ရပါတယ်။ ။

ပြည်တွင်းသတင်း

လေးနိုင်ငံ ပြတိုက်ပညာ နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာ၊ ဂျပန်၊ မွန်ဂိုလီယာ၊ ထိုင်း လေးနိုင်ငံ ပြတိုက်ပညာ နှီးနှောဖလှယ်ပွဲ၏ နောက်ဆုံးနေ့ကို စက်တင်ဘာ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်ရှိ ဘက်စုံခန်းမ၌ စတင်ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ဂျပန်နိုင်ငံ အမျိုးသားပြတိုက်နှင့် တိုင်းရင်းသား ယဉ်ကျေးမှုပြတိုက် ညွှန်ကြားရေးမှူးချုပ် Kenichi Sudo ၊ ဂျပန်နိုင်ငံ အမျိုးသားပြတိုက်နှင့် တိုင်းရင်းသား ယဉ်ကျေးမှုပြတိုက် ပါမောက္ခ Katsumi Tamura၊ ပါမောက္ခ Naoko Sonoda၊ ဂျပန်နိုင်ငံမှ ပါမောက္ခများ၊ ထိုင်းနိုင်ငံ Kanchanaphisek National Museum မှ ညွှန်ကြားရေးမှူး Jarunce Inchardchai၊ မွန်ဂိုလီယာနိုင်ငံ အမျိုးသားသိပ္ပံနှင့် နည်းပညာတက္ကသိုလ်မှ ပါမောက္ခ Inchinkhorlougin Lkhagvasren နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ပါမောက္ခများ၊ ပြင်ပပညာရှင်များ၊ ပြတိုက်အရာထမ်း/အမှုထမ်းများ၊ ပြတိုက်ဒီပလိုမာသင်တန်းသူ သင်တန်းသားများနှင့် ပြတိုက်ပညာ ဝါသနာပါသူများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံတကာပြတိုက် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ " New Horizons in Asian Museums and Museology"ကို နိုင်ငံအလိုက် ဆွေးနွေး၍ ပြတိုက်ပညာရပ်ဆိုင်ရာ လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်ကြပြီး တက်ရောက်လာကြသော ပညာရှင်များက အပြန်အလှန်ဆွေးနွေး အကြံပြုကြသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပြည်ပမှ ပညာရှင်များနှင့် ပြည်တွင်း ပညာရှင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် မြန်မာ၊ ဂျပန်၊ မွန်ဂိုလီယာ၊ ထိုင်း လေးနိုင်ငံ ပြတိုက်ပညာနှီးနှောဖလှယ်ပွဲ နောက်ဆုံးနေ့တွင် တက်ရောက်လာကြသူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

※ *ကျောဖုံးမှ*

ရှိသည်။ မလေးရှားနိုင်ငံမှ အမျိုးသား ၅၇ ကီလိုတန်းတွင် ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်နေပြီး အင်ဒိုနီးရှားမှ မွေကစားသမား မောင်မယ်များမှာမူ ဝိတ်တန်းညှိနှိုင်းသွားမည်ဖြစ်သည်။

ဆီးဂိမ်းအကြို "မွေ" ပြိုင်ပွဲကျင်းပပါက လာအို၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံမှ မွေအားကစားသမားများနှင့်အတူ အုပ်ချုပ်သူများ၊ အာရှနှင့် အရှေ့တောင်အာရှမွေအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများသည် အောက်တိုဘာ ၃၁ ရက်၌ မြန်မာနိုင်ငံသို့ရောက်ရှိလာမည်ဖြစ်သည်။

ထိုသို့ ရောက်ရှိလာပြီးနောက် နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် မွေအားကစားနည်းနှင့်ပတ်သက်ပြီး ဒိုင်များကို သင်တန်းပေးမှုနှင့်လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၃ ရက် တစ်ရက်တည်း ဆီးဂိမ်းအကြို "မွေ"ပြိုင်ပွဲကျင်းပရန် ဆွေးနွေးစီစဉ်နေခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိတ္ထီလာ နန်းတော်ကုန်းရပ်ကွက် လူနေအိမ် ၁၀ လုံးခန့် ကန်ရေများဝင်ရောက်

မိတ္ထီလာ စက်တင်ဘာ ၂၉

မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် မိတ္ထီလာ မြောက်ကန်ရေမျက်နှာပြင်မြင့်တက်ပြီး နန်းတော်ကုန်းရပ်ကွက်ရှိ သဇင်လမ်း၊ စပယ်လမ်းများရှိ ကန်အနီးမှ လူနေအိမ် ၁၀ လုံး စက်တင်ဘာ ၂၉ ရက် နံနက်တွင် ကန်ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။ မိတ္ထီလာမြောက်ကန်သည် သဲနုန်းများပို့ချမှုများလာခြင်း၊ ဝက်လံပင်များ များစွာပေါက်ရောက်ခြင်းကြောင့် ကန်ကောမှု တစ်နှစ်ထက်တစ်နှစ် သိသာများပြားလာကာ မိုးရွာသွန်းမှုများသည့်နှစ်တိုင်းတွင် မြောက်ကန်ရေလျှံတက်မှု ဒဏ်ကို ကန်အနီးရှိ ရပ်ကွက်နေဒေသခံများ ခံစားရကြောင်း သိရသည်။ **(ထီလာသား)**

မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်သစ်များရွေးချယ်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ ဘဏ်များအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အထူးအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် နံနက်က အမှတ်(၂) စည်ပင်လမ်းသစ် ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း၌ အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပသည်။ **(အပေါ်ယာပုံ)**

ရွေးချယ်

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးနှင့် အထူးအစည်းအဝေးမှ အမှုဆောင်သစ်ရွေးချယ်ပွဲကိုကျင်းပပြီး အမှုဆောင်သစ်များကို ရွေးချယ်ခဲ့ရာ- ဥက္ကဋ္ဌ ဦးသိန်းထွန်း (ဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်)၊ ဒုတိယ ဥက္ကဋ္ဌ(၁) ဒေါက်တာစိန်မောင် (ဥက္ကဋ္ဌ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးသိမ်းဝေ (Executive Chairman၊ ရိုးမဘဏ်လီမိတက်)၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးသန်းချို(အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ၊ ကမ္ဘောဇဘဏ်လီမိတက်)၊ အထွေထွေအတွင်းရေးမှူး ဦးကျော်လင်း (ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာ့အသေးစားငွေရေးကြေးရေးဘဏ်လီမိတက်)၊ တွဲဖက် အထွေထွေအတွင်းရေးမှူး(၁) ဦးစိုးမင်း(MD၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ တွဲဖက် အထွေထွေအတွင်းရေးမှူး (၂) ဦးရဲမင်းဦး (MD ၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက်)၊ ဘဏ္ဍာရေးမှူး ဒေါ်ကြည်ကြည်သန်း (MD ၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးယုလွင် (ဒုတိယ မန်နေဂျင်းဒါရိုက်တာ၊ မြဝတီဘဏ်လီမိတက်)၊ စာရင်းစစ် ဦးတင်မောင်ဌေး (ဦးဆောင်ညွှန်ကြားရေးမှူး၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်)၊ စာရင်းစစ် ဒေါ်ယဉ်ယဉ်မြ (MD ၊ မြန်မာ့စီးပွားရေးဘဏ်) တို့ကို အများဆန္ဒနှင့်အညီရွေးချယ်လိုက်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဝဲကြီးကျေးရွာဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများ လာရောက်အဖမ်းခံ

နေပြည်တော် စက်တင်ဘာ ၂၉

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် တာဝန်ချိန်ရဲဝတ်စုံဖြင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဝဲကြီးကျေးရွာနေ ပြစ်မှုကျူးလွန်သူ ဇော်လတ်ပါအဖွဲ့များအား ဝင်ရောက်ဖမ်းဆီးစဉ် ဇော်လတ်၏ဇနီးမှ လီဆယ်အော်ဟစ်ခြင်းကြောင့် ကျေးရွာသူကျေးရွာသား ၃၀၀ ခန့်တို့က တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်၍ ရဲတပ်ဖွဲ့ဝင်များအား ရိုက်နှက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးယင်းသတင်းကို သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ထွက်ပြေးတိမ်းရှောင်

ယင်းဖြစ်စဉ်တွင် ဇော်လတ်ပါ ၁၀ ဦးနှင့် အကြမ်းဖက်ရာ၌ ပါဝင်ကျူးလွန်သူများကို တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေးဆောင်ရွက်စဉ် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး၊ ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဇေယျာသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကျည်တောင်ကန် နယ်မြေရဲစခန်းမှူးတို့က စက်တင်ဘာ ၂၅ ရက်ညနေ ၄ နာရီခွဲတွင် ဝဲကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေပါ စုစုပေါင်း ၂၂ ဦးတို့အား တွေ့ဆုံပြီး ဝဲကြီးကျေးရွာဖြစ်စဉ်နှင့် ပတ်သက်၍ ဥပဒေဘောင်အတွင်းမှ ရင်ဆိုင်ဖြေရှင်းရန်လိုအပ်ကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် ဥပဒေအရလာရောက်ဖြေရှင်းဆောင်ရွက်ရန် ချိန်းဆိုစာကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

အရေးယူဆောင်ရွက်

ထို့အတူ စက်တင်ဘာ ၂၆ ရက် ညနေ ၄ နာရီတွင် နေပြည်တော် ကောင်စီမှ တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်မှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ကြက်ခြေနီ၊ အရန်မီးသတ် စုစုပေါင်း ၁၀၂ ဦးတို့အား တွေ့ဆုံပြီး အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စွပ်စွဲခံရသူများကို ဥပဒေဘောင်အတွင်းမှ ဖြေရှင်းနိုင်ရေး ဝိုင်းဝန်းလုပ်ဆောင်ကြရန် လိုကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးနောက် ပြစ်မှုကျူးလွန်သူ ဇော်လတ်ပါ ၁၀ ဦးတို့သည် ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုနှင့်ပတ်သက်၍ စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်နယ်မြေရဲစခန်းသို့ လာရောက်အဖမ်းခံခဲ့ကြကြောင်းနှင့် ၎င်းတို့အား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်များသိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့နယ်ခွဲ အိမ်အမှတ် (၅/၁၈) ပြည်ထောင်စုလမ်းရပ်ကွက်(၅) ဝမ်ဖွီးကျေးရွာနေ နန်းခင်စန္ဒာ(ခ) နန်းခမ်းကော် (၃၉ နှစ်)(ဘ)ဦးစိုင်းလူ၏ နေအိမ်ကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာနေအိမ်မီးဖိုချောင်နှင့် အောက်ထပ်အခန်းအတွင်းမှ WYစာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀ နှင့် ဘိန်းစိမ်း ၉၆ ဂရမ်အား သိမ်းဆည်းရမိသည်။

ဆက်လက်၍ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် ခိုလမ်မြို့နယ်ခွဲ ရပ်ကွက်(၂) အိမ်အမှတ်(၄၁)နေ နန်းလှရင် (၄၃ နှစ်)(ဘ)ဦးလုံးခန်းစိန်၏နေအိမ်နှင့် ခြံဝင်းအတွင်းအတူနေ ၎င်း၏တူဖြစ်သူ ပီစော (၄၁ နှစ်)(ဘ)ဦးလုံးကန္တ၏ နေအိမ်အား ရှာဖွေစဉ် အရပ်ဝတ်ဖြင့် အမျိုးသားတစ်ဦးရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကမသင်္ကာ၍ စစ်ဆေးရန်ဆောင်ရွက်စဉ် ထွက်ပြေးသဖြင့်လိုက်လံဖမ်းဆီးခဲ့ရာ ၎င်းထံမှ ကျကျန်ခဲ့သော ဘေးလွယ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၀၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ကတ်တစ်ခု၊ ၎င်းကျည် ၁၉ တောင့်၊ ဘီအေ-၉၁ ပလတ်စတစ်လက်ပစ်ဗုံးတစ်လုံးနှင့် ငွေကျပ် ၁၀ သိန်း သိမ်းဆည်းရမိသည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့များက ထွက်ပြေးသူနောက်သို့လိုက်လံဖမ်းဆီးနိုင်ရေးဆောင်ရွက်ရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် နောင်ကျောင်းရေကန်အနီး၌ ၎င်းကိုတွေ့ရှိ၍ အဖမ်းခံရန်ပြောကြားစဉ် ၎င်းမှ လက်နက်ငယ်ဖြင့် စတင်ပစ်ခတ်ခဲ့၍ လုံခြုံရေးအရ ပြန်လည်ပစ်ခတ်ဖမ်းဆီးစဉ် ရေကန်အတွင်းသို့ ခုန်ချထွက်ပြေးသွားသဖြင့် ဆက်လက်ရှာဖွေရာ ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် ၎င်း၏ အလောင်းအား ဆယ်ယူရရှိသည်။

ဖြစ်စဉ် ဖြစ်ပွားရာနေရာမှ တရားခံ၏ ခါးပတ်အိတ်အတွင်း WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀ နှင့် ရေစိုပျက်စီးနေသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀ ဂရမ်ပါ တစ်ထုပ်တို့နှင့် အထက်ပါဖမ်းဆီးရမိ မူးယစ်ဆေးဝါးအပါအဝင် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ကာလတန်ဖိုးငွေကျပ် ၆၃၂၈၀၀၀ နှင့် ဘိန်းစိမ်း ကာလတန်ဖိုးငွေကျပ် ၄၄၉၅၀ ခန့်တို့အား သိမ်းဆည်းရမိသည်။

ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် SURF အမျိုးအစား နက်ပြာရောင် မော်တော်ယာဉ်တစ်စီးသည် ရပ်ကွက်(၂)ရှိ နန်းလှရင်၏နေအိမ်သို့ ရောက်ရှိလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်ပေါ်ပါမသင်္ကာဖွယ်သူနှစ်ဦးအားတွေ့ရှိ၍ ခိုလမ်ရဲစခန်းသို့ ပို့ဆောင်ပြီး ရှာဖွေစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ယာဉ်အတွင်း ပိုင်းကားနောက်ခန်းအတွင်းမှ အမ်-၂၂ မောင်းပြန် ရိုင်ဖယ်တစ်လက်၊ ၎င်းကျည် ၁၆၈ တောင့်၊ ကျည်ကတ်နှစ်ခု၊ ကိုးလုံးကျည် ၁၇ တောင့်၊ ၎င်းကျည်ခါးပတ် အနက်ရောင်တစ်ခု၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပါအထုပ်နှစ်ထုပ် ကာလတန်ဖိုး ကျပ်သိန်း ၈၀၀ ဖိုးခန့်ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ယာဉ်ပေါ်ပါ စိုင်းစံမင်း(၁၉နှစ်)(ဘ)ဦးလုံးလု ဝမ်ပုံကျေးရွာ ကာလိမြို့နယ်ခွဲနေသူနှင့် စိုင်းစိန်(၂၈နှစ်)(ဘ)ဦးလုံးစိုင်း ကျေးသီးမြို့နယ် ဝမ်ဖီးကျေးရွာနေသူတို့အား စစ်ဆေးဖော်ထုတ်ခဲ့ရာဖြစ်စဉ်တွင် သေဆုံးသူမှာ စိုင်းတိ(၄၁နှစ်)(ဘ)ဦးလုံးကောက်စက်ပန်း ပန်ဆွဲကျေးရွာ မိုင်းရှူးမြို့နယ်ခွဲနေသူဖြစ်ပြီး ၎င်းတို့သုံးဦးမှာ လက်နက်နှင့်မူးယစ်ဆေးဝါး သယ်ဆောင်၍ ဝမ်ဟိုင်းမှ မိုင်းရှူး-မိုင်းစံ-ကာလိ-ကွန်ဟိန်း လမ်းကြောင်းအတိုင်း ခိုလမ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ စိုင်းတိမှာ SSA(ဝမ်ဟိုင်း) အဖွဲ့မှ စီးပွားရေးတာဝန်ခံဖြစ်ကြောင်းနှင့် စိုင်းစိန်မှာ SSA(ဝမ်ဟိုင်း) အဖွဲ့မှ တပ်သားအဆင့်ရှိသူဖြစ်ပြီး အဖွဲ့ဝင်အမှတ်မှာ ၀၂၈၁၇၁ ဖြစ်ကြောင်း၊ ဖမ်းဆီးရမိသူနှစ်ဦးကို တရားဥပဒေအရ အရေးယူနိုင်ရေးနှင့် ကွင်းဆက်တရားခံများကို ဆက်လက်ဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်တွင်းသတင်း

■ **ရွှေဖုံးမှ**

ရှေးဦးစွာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး မိသားစုတွေ့ဆုံဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ဗီဒီယိုပြကွက်များဖြင့် တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပဏာမနှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် “ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး မိသားစုတွေ့ဆုံပွဲသို့တက်ရောက်ခွင့်ရ၍ အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ရခိုင်တိုင်းရင်းသားများသာမက ခရီးကြုံပြုရာတွင် အခြားပြည်ထောင်စုဖွား တိုင်းရင်းသားမိသားစုများကိုလည်း တွေ့ရ၍ တိုင်းရင်းသားမိသားစုအားလုံးနှင့်တွေ့ဆုံခွင့်ရသည်ဟုပင် ယူဆမိပါကြောင်း။

ယနေ့ တွေ့ဆုံပွဲသည် မိသားစုတွေ့ဆုံဆွေးနွေးပွဲဆိုသည့်အတိုင်း မိသားစုစိတ်ဓာတ်ဖြင့် အဓိက ရည်မှန်းချက်ပန်းတိုင်များကို မိသားစုဝင်တစ်ဦးအနေဖြင့် တက်ရောက်ဆွေးနွေးခွင့်ရ၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ဝမ်းမြောက်မိပါကြောင်း။

ယနေ့ နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားများ၏တာဝန်ဖြစ်သည်နှင့်အညီ အထူးသဖြင့် တိုင်းရင်းသားများတွင်လည်း တာဝန်ရှိပါကြောင်း၊ တောင်ပေါ်၊ မြေပြန့်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ထမ်းဆောင်နေကြခြင်း ဖြစ်ပါကြောင်း။

ထိုသို့ တောင်ပေါ်၊ မြေပြန့်နှင့် နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများအနက် ရခိုင်တိုင်းရင်းသားများသည် ထူးခြားစွာ ရပ်တည်နေကြသူများဖြစ်ပါကြောင်း၊ ရေပြင်နယ်နိမိတ်၊ ကုန်းတွင်းပိုင်းနယ်နိမိတ်၊ ပြည်ထောင်စု၏နယ်မြေအစိတ်အပိုင်းများကို ခက်ခက်ခဲခဲ စောင့်ရှောက်လျက်ရှိသည်ကို တိုင်းရင်းသားအားလုံး အသိပင်ဖြစ်ပါကြောင်း။

ယနေ့မြန်မာနိုင်ငံမြေပုံကို မူလအတိုင်းတည်ရှိစေရန် အချုပ်အခြာအာဏာ၊ နယ်မြေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဘာသာသာသနာအပေါ် တိုင်းရင်းသားများ၏ စောင့်ရှောက်နေမှုကို ကျွန်တော်တို့အလေးထားကြရမည်ဖြစ်ပါကြောင်း၊ နှုတ်ဖြင့် ဂုဏ်ပြုချီးမြှောက်နေရုံမျှသာမဟုတ် အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ရခိုင်တိုင်းရင်းသားများသာမက အခြား ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရန် အတွက်လည်း တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေကြမ်းကို ရေးဆွဲလျက်ရှိရာ တတိယမူကြမ်းကို ရှေ့နေချုပ်ရုံးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ရှေ့နေချုပ်ရုံးများသို့ တင်ပြထားပြီး ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးမှုသည် အဆိုပါဥပဒေကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်အတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေတောင်သူလယ်သမားများ ဖြစ်၍ တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် ဥပဒေကိုလည်း ဆောင်ရွက်လျက်ရှိရာ မကြာမီထုတ်ပြန်နိုင်တော့မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအတွက် အဆိုပါဥပဒေမှာ ပို၍အကျိုးရှိမည်ဖြစ်ပါကြောင်း။

ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူရဲ့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အသံများကို နားထောင်ပြီး ဆွေးနွေးမေးမြန်းခြင်းဖြင့် ဥပဒေများကို ဆောင်ရွက်ရာတွင်အတော်အသင့် အဆင်ပြေပါကြောင်း၊ သို့သော် အမှန်တကယ်အားဖြင့် ပြည်သူ့အကျိုးကို အားလုံးဖော်ဆောင်နိုင်ပြီလားဟုဆိုလျှင် အလုံးစုံမရရှိသေးပါကြောင်း။

သို့ဖြစ်၍ လွှတ်တော်နားချိန်များတွင် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို လွှတ်တော်ကိုယ်စားလှယ်များ သွားရောက်နားထောင်ရခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းသို့လည်း သွားရောက်ပြီး ပြည်သူများ၏ တင်ပြချက်များ၊ ပြည်သူ့အသံများကို နားထောင်ခဲ့ရာ မကြားဖူးသည်များ ကြားရ၊ နားထောင်ရ၍ အကျိုးရှိပါကြောင်း၊ ပြည်ပနိုင်ငံများမှ ပြည်သူများအနေဖြင့်လည်း မတတ်သာ၍ ပြည်ပသို့ သွားရောက် လုပ်ကိုင်နေရသော်လည်း နိုင်ငံအပေါ် မြတ်မြတ်နိုးနိုး ပါဝင်ဆောင်ရွက်စိတ် ရှိသည်ကို တွေ့ရပါကြောင်း။

ရခိုင်ပြည်နယ်သို့မူ မိမိအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း မသွားရောက်နိုင်ခဲ့ပါကြောင်း၊ သို့သော် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး မိသားစုတွေ့ဆုံဆွေးနွေးပွဲသို့ ယခုကဲ့သို့ တက်ရောက်ခွင့်၊ တွေ့ဆုံခွင့်၊ နားထောင်ခွင့်ရ၍ ယနေ့မိသားစုစိတ်ဓာတ်ဖြင့် ကောင်းကျိုးလိုရာ စာနာကြင်နာစိတ်များဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်ပွင့်လင်းလင်း တင်ပြသည်များကို မှတ်သားကာ လွှတ်တော်၌ပြန်လည်ဆွေးနွေးပြီး တိုက်ရိုက်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည်ဖြစ်သကဲ့သို့ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်း ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း” ဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ရခိုင်ပြည်နယ်သမိုင်းအကျဉ်းနှင့် လက်ရှိအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဦးဘိုမင်းဖြူ (တရားလွှတ်တော်ရှေ့နေ)က ရခိုင်ပြည်နယ် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဥပဒေပညာရှင် ဦးသာပွင့် (စစ်တွေ)က ရခိုင်ပြည်နယ်ဒေသတည်ငြိမ်ရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာအရေးပါပုံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရခိုင်တိုင်းရင်းသားကိုယ်စားပြုပုဂ္ဂိုလ် ဦးသိန်းရွှေက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လူမှုစီးပွားရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရခိုင်သဟာယအသင်းဥက္ကဋ္ဌ ဦးလှမောင်သိန်းက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ဖွံ့ဖြိုးရေး အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ မောင်ဇော်မျိုးနိုင်က ရခိုင်တက္ကသိုလ်ကျောင်းသားတစ်ဦးမှ လက်ရှိဖြစ်ပျက်နေသော အခြေအနေများကိုလည်းကောင်း၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)ဥက္ကဋ္ဌ ဒေါ်စောခင်တင့်က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လတ်တလောလိုအပ်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ရခိုင်ပြည်နယ် ၁၇ မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး တင်ပြချက်များကို သက်ဆိုင်ရာကိုယ်စားလှယ်များက အကျဉ်းချုပ်အားဖြင့် တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးက ရခိုင်အမျိုးသားရိုးရာ ခေါင်းပေါင်းနှင့် ရခိုင်အမျိုးသား အထိမ်းအမှတ် နဝရူပဗျာလရုပ်တုကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့် လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားသို့တက်ရောက်လာကြသော အထူးဧည့်သည်တော်များအား ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးက ရိုးရာခေါင်းပေါင်းနှင့် အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ရခိုင်ပြည်နယ်မှ တိုင်းရင်းသားများ၏ တင်ပြဆွေးနွေးမှုများမှာ ပြည့်စုံစနစ်ကျပါကြောင်း၊ ပြည်ထောင်စုအတွက် ပါအကျိုးရှိကြောင်း၊ ပြည်နယ်ကိုယ်စားလှယ်များ၏ တင်ပြချက်များကို အနီးကပ်ဆုံးပြည်ထောင်စုလွှတ်တော်တွင် တင်ပြသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးထံသို့လည်း တင်ပြချက်များကို ပူးတွဲ၍ တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ရခိုင်ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော်တို့သို့လည်း တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ယခုတင်ပြချက်များသည် ရခိုင်ပြည်နယ်အတွက်သာမက ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်ပါ အကျိုးရှိကြောင်း၊ တစ်ချိန်တွင်နိုင်ငံတော်အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံစေမည့် Master Plan ဖြစ်နိုင်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ရခိုင် ပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေး မိသားစု တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

❁ **ကျောဖုံးမှ**

ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စသည်တို့မှ ထုတ်လုပ်ရမည်ဖြစ်ပါကြောင်း။

Clean Coal မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်ကိစ္စနှင့် ပတ်သက်၍ အဖွဲ့အစည်းပေါင်းစုံကို ဂျပန်နိုင်ငံရှိ စက်ရုံများသို့ လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း၊ ဓာတ်အားတိုးတက် ထုတ်လုပ်ရေးအတွက် ရေတိုရေရှည် စီမံကိန်းများဖြင့် အကောင်အထည်ဖော် ထုတ်လုပ်ရမည်ဖြစ်၍ မည်သို့ဆောင်ရွက်သင့်သည်ကို ဝေဖန်အကြံပြုဆွေးနွေးရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုကို နိုင်ငံတော်ကသာ တာဝန်ယူဆောင်ရွက်နေခဲ့သဖြင့် အခက်အခဲများတွေ့ရှိပါကြောင်း၊ နိုင်ငံတော်တော်များများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့တွင် ထုတ်လုပ်ပို့လွှတ်မှု ဖြန့်ဖြူးရေးလုပ်ငန်းများကို ပုဂ္ဂလိကများမှ လုပ်ကိုင်ဆောင်ရွက်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၂ ခုနှစ်မှစတင်၍ သတင်းစာများတွင် ကြော်ငြာပြီး ပုဂ္ဂလိကများကို ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ခွင့် ခေါ်ယူခဲ့ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း ပုဂ္ဂလိကကဏ္ဍလာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် နေပြည်တော်တွင် နှစ်ကြိမ်ဆွေးနွေးပြီးဖြစ်ပါကြောင်း။

ယခုအချိန်၌ ထုတ်လုပ်မှုနှင့် ပို့လွှတ်မှုသည် ဝန်ကြီးဌာနတစ်ခုတည်းမှ ဆောင်ရွက်နေရပြီး ပြီးခဲ့သော နွေရာသီ တက္ကသိုလ်ဝင်တန်းစာမေးပွဲကာလမှစ၍ မိုးရွာသည့်ကာလတိုင်အောင် ကြိုးစားဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ရေအားလျှပ်စစ်စက်ရုံများတွင် ဓာတ်အားထုတ်လုပ်၍ မရတော့သည့်အဆင့်ထိ ရေများကျဆင်းခဲ့၍ စွမ်းအင်ဝန်ကြီးဌာနမှ Gas များ တောင်းခံပြီး သဘာဝဓာတ်ငွေ့သုံးစက်များ စွမ်းရည်ပြည့်လည်ပတ်ကာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ရပြီး စက်မှုဇုန်များကို လျှပ်စစ်ဓာတ်အားဖြတ်တောက်ခဲ့ရပါကြောင်း၊ ပုဂ္ဂလိကစက်ရုံများကလည်း ၂၀၀ မဂ္ဂါဝပ်ခန့် ဓာတ်အားထုတ်လုပ်၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်က ၂၀၁၀ မှ ၂၀၁၆ အထိ နွေရာသီနှင့် မိုးရာသီတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် လိုအပ်မှုပမာဏများ လျှပ်စစ်ဓာတ်အားပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော မီဒီယာများ၏မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဖြေကြားရာတွင် စက်မှုဇုန်များ လျှပ်စစ်မီးအပြည့်အဝရရှိရေးအတွက် လာမည့်နွေရာသီတွင် ဝန်ကြီးဌာန၊ စက်မှုဇုန်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံနှင့်မကွေးတိုင်းဒေသကြီးတို့တွင် ဆိုလာလျှပ်စစ်မီးရရှိရေးအတွက် MoU ရေးထိုးပြီးဆောင်ရွက်နေမှုအခြေအနေ၊ မီတာငှားရမ်းခနှင့်စပ်လျဉ်း၍ မီတာထိန်းသိမ်းစောင့်ရှောက်ခအား ဝန်ဆောင်မှုစရိတ်အဖြစ် ပြောင်းလဲသတ်မှတ်ပြီး ငွေကျပ် ၁၀၀၀ မှ ၅၀၀ ထိလျှော့ချပေးမှုကိုလည်းကောင်း၊ လျှပ်စစ်သံလိုက်သုံး ရိုးရိုးမီတာတစ်လုံးကို ငွေကျပ် ၈၅၀၀၀ မှ၆၅၀၀၀ ထိ တန်ဖိုးလျှော့ချပေးမှုကိုလည်းကောင်း၊ Digital မီတာကို ငွေကျပ်တစ်သိန်းမှ ကိုးသောင်းအထိလည်းကောင်း တန်ဖိုးလျှော့ချပေးသွားမည့် အခြေအနေတို့ကို ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခွင့်၊ ဖြန့်ဖြူးခွင့်ပေးထားပြီး မီတာသုံးစွဲခများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး၊ အစိုးရမှသတ်မှတ်သည့် ဈေးနှုန်းဖြင့်သာ ရောင်းချစေရေးအတွက် ဝန်ကြီးဌာနက ထိန်းသိမ်းဆောင်ရွက်နေပါကြောင်း၊ ဧရာဝတီမြစ်ပေါ်တွင် ရေအားလျှပ်စစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားပညာရှင်များ လေ့လာတိုင်းတာလျက်ရှိပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ထွက်ရှိလာသော ဓာတ်အားကို သာရယူဖြန့်ဖြူးမည်ဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ် ထုတ်လုပ်ရာတွင် သဘာဝအရင်းအမြစ်များကို မထိခိုက်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဓာတ်အားပေးခြင်းလုပ်ငန်းကို ယခင်က ပုဂ္ဂလိကများဖြင့်သာ ဆောင်ရွက်ခဲ့ပြီး မိမိတို့အစိုးရလက်ထက်တွင် ဓာတ်အားလိုင်းများ စတင်တည်ဆောက်ခြင်းဖြစ်ပါကြောင်းနှင့် ရခိုင်ပြည်နယ်မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ဖြင့် ကျောက်ဖြူဒေသတွင် ၅၀ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံတည်ဆောက်၍ ဓာတ်အားဖြန့်ဝေပြီး ထပ်မံလိုအပ်သော ဓာတ်အားကို Grid မှ ဖြည့်စွက်၍ ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် လျှပ်စစ်မီးမရရှိသေးသည့်ဒေသအသီးသီးတွင် ဓာတ်အားရရှိရေး နည်းမျိုးစုံဖြင့် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသမီးလင်းရေးအတွက်လည်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှဦးစီး၍ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရန် ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့အပြင် လေစွမ်းအင်၊ နေစွမ်းအင်၊ ဒီရေလှိုင်း စသည်တို့မှ လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်သော်လည်း နိုင်ငံတကာတွင် အမေရိကန်၊တရုတ်၊ အိန္ဒိယ၊ ဂျပန်စသည့်နိုင်ငံများ၌ပင် လျှပ်စစ်ဓာတ်အားကို Clean Coal Technology နည်းစနစ်ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း Clean Coal Technology နည်းပညာဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေးဆောင်ရွက်ရာတွင် ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် သဘောပေါက်စေရေး မီဒီယာများကလည်း ဝိုင်းဝန်းကူညီအသိပညာပေး ရေးသားဖော်ပြပေးစေလိုပါကြောင်းနှင့် လိုအပ်သည့်သတင်းအချက်အလက်များအား မိမိတို့ဝန်ကြီးဌာနတွင် ရယူနိုင်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်တစ်စီး ငွေကျပ် သိန်း ၆၀ ဖြင့် အရစ်ကျ ရောင်းချပေး

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်သူကရွေးချယ်တင်မြှောက်လိုက်သည့် လက်ရှိနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် အပြောင်းအလဲ၏အသီးအပွင့်များကို အောက်ခြေပြည်သူများ ပိုမိုတိုက်ရိုက်ခံစားနိုင်စေရန် အစိုးရဝန်ကြီးဌာနများ၏လုပ်ငန်းဆောင်တာအဝဝကို ပြည်သူဗဟိုပြုလုပ်ငန်းစဉ်များအဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာနများ၊ စက်ရုံများပြုပြင်ပြောင်းလဲနေမှု၊ မြန်မာမီနီဆလွန်းကားများ ရောင်းချမှု၊ ဝင်းသူဇာဆိုင်များ တင်ဒါခေါ်ယူမှုအခြေအနေများနှင့်ပတ်သက်၍ ပြည်သူများအား တင်ပြနိုင်ရန် စက်မှုဝန်ကြီးဌာန စက်မှုစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်-

မေး။ ။ စက်မှုဝန်ကြီးဌာနရဲ့ အနာဂတ်ရည်မှန်းချက်ကို ဘယ်လိုပုံစံနဲ့သွားမလဲဆိုတာ ဖြေကြားပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ ။ စက်မှုဝန်ကြီးဌာနရဲ့ အနာဂတ်ရည်မှန်းချက်က လက်ရှိဖွဲ့စည်းပုံမှာ ဦးစီးဌာန သုံးခု၊ လုပ်ငန်းခြောက်ခုရှိတယ်။ လုပ်ငန်းခြောက်ခုဆိုတာကတော့ အကြီးစားလုပ်ငန်းသုံးခုနဲ့ ရိုးရိုးစက်မှုလုပ်ငန်းသုံးခု ဖြစ်ပါတယ်။ ရိုးရိုးဆေးဝါး၊ အထည်၊ စက္ကူ၊ အိမ်သုံးပစ္စည်းစက်ရုံတွေကို ပုဂ္ဂလိကနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့စနစ်နဲ့ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ဘိလပ်မြေစက်ရုံ သုံးရုံရှိပါတယ်။ ပုဂ္ဂလိကနဲ့ အကျိုးတူပူးပေါင်းလုပ်ဖို့ ကြိုးစားနေပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံခြားအဖွဲ့အစည်းတွေ ပါလာမယ်။ နည်းပညာပိုင်း လိုအပ်ချက်၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်တဲ့အတွက် နိုင်ငံခြားနဲ့ ဖက်စပ်တာ ပါလာပါမယ်။

စက်မှုလုပ်ငန်းအောက်မှာ ရှိနေတဲ့ စက်ရုံတွေက အဲဒီလို ဆောင်ရွက်သွားပြီးရင် တဖြည်းဖြည်း စက်မှုလုပ်ငန်း ခြောက်ခုလုံးကို ကျုံ့ပစ်လိုက်မှာဖြစ်ပါတယ်။ ဆိုလိုတာက ခြောက်ခုကနေ နှစ်ခုပဲကျန်ရင် ကျန်မယ်။ ဘယ်လောက်ကျန်မယ်ဆိုတာ တိတိကျကျတော့ မမှန်းသော်လည်း တဖြည်းဖြည်းတော့ ချုံ့လိုက်မှာ ဖြစ်တဲ့အတွက် တစ်ခုဖြစ်ရင် ဖြစ်မယ်၊ နှစ်ခုဖြစ်ရင် ဖြစ်ပါမယ်။

ပြီးတော့ ဦးစီးဌာနသုံးခုရှိတဲ့ အနက်မှာ ဦးစီးဌာနနှစ်ခုကို ပေါင်းဖို့ အဆိုပြုဖွဲ့စည်းပုံ တင်ထားပါတယ်။ စက်မှုစီမံကိန်းဦးစီးဌာနနဲ့ စက်မှုညွှန်ကြားရေး ဦးစီးဌာနတို့ ကိုပေါင်းပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်။ စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာနဆိုတာရှိပါသေးတယ်။ လက်ရှိမှာ ဖွဲ့စည်းပုံ ခွင့်ပြုအင်အား ၉၀၀ ရှိပါတယ်။ အဲဒီမှာ နိုင်ငံတော်ရဲ့အဓိက ကျောရိုး စီးပွားရေးက အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းတွေ ဖြစ်တဲ့အတွက် အဲဒါကို တိုးတက်အောင်မြင်အောင် လုပ်ပေးရမှာဖြစ်တော့ စက်မှုကြီးကြပ်ရေးအဖွဲ့နဲ့ ပေါင်းပြီး ဖွဲ့စည်းပုံကြီးမားအောင် ဆောင်ရွက်နေပါတယ်။

စက်မှုဝန်ကြီးဌာနရဲ့အနာဂတ်ရည်မှန်းချက်က ထုတ်လုပ်မှုလုပ်တဲ့လုပ်ငန်းတွေ နောက်ပိုင်းမှာ မရှိသလောက် နည်းသွားမယ်။ သို့သော်လည်း နိုင်ငံတော်ရဲ့စက်မှုကဏ္ဍကို ထိန်းသိမ်းကူညီပေးမယ်၊ မူဝါဒချပေးမယ်၊ ညွှန်ကြားချက်လုပ်မယ်၊ လိုအပ်တဲ့ကိန်းဂဏန်းတွေကို ကောက်ဖို့အတွက် စက်မှုညွှန်ကြားရေးဦးစီးဌာနရှိပါမယ်။

စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာနက တိုင်းဒေသကြီးနဲ့ပြည်နယ်မှာရှိတဲ့ စက်မှုဇုန်တွေ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းတွေကို မူဝါဒအတိုင်း လိုက်နာမှု ရှိ၊ မရှိ၊ အထက်က ချမှတ်တဲ့အတိုင်း ကြီးကြပ်မှုရှိ၊ မရှိ ဒါတွေကို လိုက်စစ်ဆေးပါမယ်၊ လိုအပ်တဲ့ကိန်းဂဏန်းတွေကောက်ယူမယ်၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံ

တကာနှင့် ချိတ်ဆက်ပေးတဲ့ဌာန အနေနဲ့ သွားပါမယ်။

ထုတ်လုပ်မှုကို နိုင်ငံတော်က ဝင်ရောက်လုပ်ကိုင်တာကို မလုပ်တော့ဘူး၊ စက်မှုကဏ္ဍအနေနဲ့ လိုအပ်တဲ့မူဝါဒ ချပေးတာ၊ ကြီးကြပ်တာ၊ လမ်းညွှန်တဲ့အပိုင်းက ရှိရမှာ ဖြစ်တဲ့အတွက် ဦးစီးဌာနအနေနဲ့ သွားဖို့ ရည်မှန်းထားပါတယ်။ နိုင်ငံတကာမှာကြည့်ရင်လည်း တချို့ဆိုရင် စက်မှုနဲ့ ကုန်သွယ်မှုကို ခပ်ပါးပါးလေး ပေါင်းစပ်ထားတယ်။ နိုင်ငံတကာ ကျင့်သုံးနေတဲ့အတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကို ညင်ညင်သာသာ ပြောင်းနိုင်အောင် တဖြည်းဖြည်း ဆောင်ရွက်နေပါတယ်။

မေး။ ။ လက်ရှိ ဝင်းသူဇာအရောင်းဆိုင်တွေ တင်ဒါခေါ်ယူထားရှိမှုအခြေအနေကိုလည်း ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ ။ အမှတ်(၁)စက်မှုဝန်ကြီးဌာနက အိမ်သုံးနဲ့ လူသုံးကုန်ပစ္စည်းထုတ်တဲ့အခါကျတော့ ဒါတွေကို ကျေးလက်နေ ပြည်သူတွေအထိ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိပြီးတော့ ဝယ်ယူသုံးစွဲနိုင်အောင် စီမံလုပ်ကိုင်ရပါတယ်။ လိုအပ်တဲ့အခါ ဝယ်သူခက်ခဲမှု မရှိစေဖို့အတွက် ယခင်အစိုးရလက်ထက်မှာ ဝင်းသူဇာဆိုင်ဆိုပြီးတော့ လုပ်ပေးထားပါတယ်။ ဈေးကားလှည့်တာ၊ မြို့ရွာတွေမှာ အလွယ်တကူဝယ်ယူနိုင်အောင် ဆိုင်တွေဖွင့်ပြီးတော့ လုပ်ထားတာရှိပါတယ်။

ပြီးတော့ ဝန်ကြီးဌာနက ထုတ်တဲ့ ကုန်ပစ္စည်းအားလုံးကို ရောင်းချပေးပါတယ်။ အဲဒီလိုလုပ်ရင်းက ဒီအစိုးရသစ် နှစ်နှစ်ကျော်ကျော် ရောက်လာတဲ့အချိန်မှာ ပုဂ္ဂလိကအရောင်းဆိုင် အသွင်ကူး

ဦးသွင်မြင့်မောင်
ညွှန်ကြားရေးမှူးချုပ်
စက်မှုစီမံကိန်း ဦးစီးဌာန။

ပြောင်းဖို့ဆိုတဲ့ အခြေအနေအရ ပုဂ္ဂလိက အရောင်းဆိုင်အဖြစ် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် တစ်နိုင်ငံလုံး ဆိုင်ပေါင်း ၇၀ ကျော်ရှိပါတယ်။

မြေယာပိုင်ဆိုင်မှု အရှုပ်အရှင်း နည်းနည်းရှိတဲ့ဆိုင်အချို့ကို သက်ဆိုင်ရာပိုင်ဆိုင်တဲ့ဌာနကို ပြန်ပေးပြီး အကြမ်းဖျင်းအားဖြင့် ၅၀ ဆိုင်ကို ဝင်းသူဇာ အရောင်းဆိုင်ကနေ ပုဂ္ဂလိကအရောင်းဆိုင်အဖြစ် လုပ်နိုင်အောင် သတင်းစာထဲမှာကြော်ငြာထည့်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ထဲမှာ စာချုပ်သက်တမ်းစေ့တဲ့ဆိုင်က ၃၈ ဆိုင်ရှိပါတယ်။ ၂၀၁၄ ခုနှစ်ထဲမှာ အချိန်စေ့တာ ၁၃ ဆိုင်ဖြစ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် ၅၀ ဆိုင်ကို ငှားဖို့ဆောင်ရွက်ခဲ့ပါတယ်။ အရင်ခေတ်က ငှားတဲ့အခါမှာတော့ စက်မှု(၁)က ပစ္စည်းပဲ တင်ရမှာဖြစ်တဲ့အတွက်လည်း တချို့ဈေးနှုန်းနည်းတာလေးတွေရှိပါတယ်။ ပွင့်လင်းလာတဲ့အနေအထားမှာ ၃၈ ဆိုင်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တင်ဒါခေါ်လိုက်တဲ့ အခါကျတော့ ကြမ်းခင်းဈေးမမီတာ လေးဆိုင်ရှိခဲ့ပါတယ်၊ တင်သွင်းသူမရှိတာက လေးဆိုင် ဖြစ်ပါတယ်။

ပုဂ္ဂလိကအရောင်းဆိုင်ဖြစ်သွားရင် ဝန်ကြီးဌာနပစ္စည်းဆိုပြီး တင်ရောင်းစရာမလိုတော့ဘူး၊ အရက်ဆိုင်၊ ကာရာအိုကေ၊ အနှိပ်ခန်းဆိုင်တော့ ဖွင့်လို့မရပါဘူး။ ပြည်သူကို တိုက်ရိုက်အကျိုးပြုတဲ့ ဆိုင်တွေဖြစ်ဖို့သာ လိုပါတယ်။ အဲဒီဆိုင်တွေကို စာချုပ်သက်တမ်း ၁၀ နှစ်အထိ ငှားဖို့ ဆောင်ရွက်ထားပါတယ်၊ တစ်နှစ်တစ်ကြိမ် ဈေးနှုန်းပြန်လည်စဉ်းစားပါမယ်။

အရင်က ငှားရမ်းထားတာမို့ မပြီးပြတ်သေးတဲ့ ကိစ္စအချို့တော့ ရှိပါတယ်။ စက်တင်ဘာမှာ ငှားပြီးရက်တစ်ရက်တော့ သတ်မှတ်ပေးရပါတယ်။ ဘယ်ရက်မှာလွှဲမယ်ဆိုပြီး သတ်မှတ်ပေးထားပါတယ်။ မသတ်မှတ်ပေးရင် သို့လော သို့လော ဖြစ်နေမယ်။ ဟိုဆိုင်က တစ်မျိုး၊ ဒီဆိုင်က တစ်မျိုးဖြစ်မှာ ဖြစ်တဲ့အတွက် ရက်တစ်ရက်ကို သတ်မှတ်တဲ့အခါ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ဆိုပြီး သတ်မှတ်ပေးလိုက်ပါတယ်။ တချို့ကလည်း ပစ္စည်းရွှေ့ဖို့ အချိန်သတ်မှတ်ချက်၊ အခက်အခဲရှိတာလေးတွေလည်း တွေ့ရပါတယ်။

ဒါတွေကို အဆင်ပြေအောင်လည်း တင်ဒါအောင်တဲ့အဖွဲ့တွေကို ပြန်ညှိနှိုင်းဆောင်ရွက်ခိုင်းထားပါတယ်။ ကျွန်တော်တို့အနေနဲ့တော့ ပွင့်ပွင့်လင်းလင်းနဲ့ တင်ဒါကို စက်တင်ဘာ ၁၇ ရက်နေ့ နံနက် ၉ နာရီမှာ ပိတ်ပြီး ပုံးတွေထဲထည့်ပြီး အဲဒီရှေ့မှာ တစ်ပုံးချင်းဖွင့်ပြီးတော့ လူအားလုံးကို Power Point နဲ့ပြပြီး ကြေညာပေးခဲ့ပါတယ်။ အများဆုံးလူကို လေလံဈေးနှုန်း အများဆုံး တင်တဲ့လူအဖြစ် ရွေးပေးလိုက်တာပါ။ ဘာမှလည်း ထပ်မခေါ်ပါဘူး၊ အများဆုံးတင်တဲ့လူ ရသွားတာဖြစ်ပါတယ်။

ဂျာနယ်တစ်စောင်မှာ ရေးထားသလို တင်ဒါစနစ်က ပွင့်လင်းမြင်သာမှုမရှိဘူး၊ တချို့ကိုပဲ အတင်းအကျပ် ဖယ်ခိုင်းတယ်ဆိုတာ မဟုတ်ပါဘူး။ အားလုံးတစ်ပြေးညီ သတ်မှတ်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဝင်းသူဇာဆိုင်များနဲ့ပတ်သက်ရင် အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ သက်ဆိုင်ရာဌာနကို ဆက်သွယ်အတည်ပြုမေးမြန်းခြင်းမရှိဘဲ ရေးသားထားတာဟာ ဌာနရဲ့ပုံရိပ်ကို ထိခိုက်စေပါတယ်။

တွေ့ဆုံမေးမြန်း
ခင်မောင်ထွေး
ဓာတ်ပုံ-ဇော်နိုင်

မေး။ ။ လက်ရှိ မြန်မာမီနီဆလွန်းကားတွေကို အရာထမ်းတွေအတွက် ရောင်းချပေးနေမှုနဲ့ ယခင်ကရော ဘယ်လိုရောင်းချပေးခဲ့သလဲဆိုတာ သိလိုပါတယ်ခင်ဗျာ။

ဖြေ။ ။ အရင်က မော်တော်ကားကို ပြည်ပက တင်သွင်းခွင့် ပိတ်ထားတဲ့အချိန်၊ ပြည်တွင်းမှာ ဈေးကွက် သိန်းထောင်ချီတဲ့အချိန်မှာ တော်ရုံတန်ရုံ လူလတ်တန်းစားတွေ မော်တော်ကား မစီးနိုင်ပါဘူး။ ဒါကြောင့် အမှတ်(၂) စက်မှုဝန်ကြီး ဦးစိုးသိန်းက စဉ်းစားပြီး လူလတ်တန်းစားအနေနဲ့ ကိုယ်ပိုင်မော်တော်ယာဉ်ကို သက်သောင့်သက်သာ ဈေးနှုန်းအချိုသာဆုံး စီးနင်းနိုင်ဖို့ ရည်ရွယ်ပြီး ၂၀၁၀ ခုနှစ်မှာ တရုတ်နိုင်ငံက ကုမ္ပဏီတစ်ခုလာစပ်တဲ့ ချယ်ရီဝက်ဂွန်ကား၊ ဆီစားနှုန်း သက်သာတဲ့ ဓာတ်ဆီတစ်ဂါလန်ဆိုရင် မိုင် ၅၀ လောက်သွားနိုင်တဲ့အတွက် လူလတ်တန်းစားအနေနဲ့ ကောင်းကောင်း စီးနိုင်တာကြောင့် ဝန်ကြီးဌာနက စေတနာမှန်နှင့်တင်သွင်းပြီးတော့ တပ်ဆင်ထုတ်လုပ်ရောင်းချမယ်ဆိုပြီး စတင်ခဲ့တာပါ။

မှာယူခဲ့ပြီးတော့ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလမှာ ပစ္စည်းတွေရောက်ပါတယ်၊ မတ်လအကုန်မှာ ရောင်းချနိုင်အောင်ဆိုပြီးတော့ စတင်အဆင့်မြင့်လုပ်ထားပါတယ်။ ၂၀၁၁ ခုနှစ် မတ်လမှာ လွှတ်တော်လုပ်နေတဲ့အချိန်၊ နိုင်ငံတော်အစိုးရ လွှဲပြောင်းတဲ့အချိန်လေးမှာ စတင်ရောင်းချနိုင်ခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းတာဝန်ယူတဲ့ အချိန်ပေါ့။ အဲဒီလို ရောင်းချရာမှာ တစ်ဦးတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်နဲ့ ရောင်းလို့မရပါဘူး၊ မော်တော်ကားရောင်းချတဲ့ ဘုတ်အဖွဲ့ ဖွဲ့ထားပါတယ်။ ဝန်ကြီးက ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက အဖွဲ့ဝင်ပါ။ သက်ဆိုင်ရာ မော်တော်ကားထုတ်လုပ်တဲ့ ဦးဆောင်ညွှန်ကြားရေးမှူးက အဖွဲ့ဝင်၊ ကျွန်တော်က ရုံးအဖွဲ့မှူးပါ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ပါ၊ အဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်ပါတယ်။ ဦးလှမိုးက ညွှန်ကြားရေးမှူး၊ အဲဒီအချိန်တုန်းက ကစလ(၁)မှာ မော်တော်ကားရောင်းချရေးမှာ ညွှန်ကြားရေးမှူး၊ သူက အဖွဲ့ဝင်ပါ။ ဒီလို ငါးဦးပါတဲ့ ကော်မတီနဲ့ ဆုံးဖြတ်ပြီး ရောင်းချပေးခဲ့ပါတယ်။

ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ကျွန်တော်တို့ရဲ့ တစ်ဦးချင်းသဘောနဲ့ ရောင်းချလို့မရပါဘူး။ ကော်မတီရဲ့ ဆုံးဖြတ်ချက်အရ ရောင်းချတာတို့၊ အခါအားလျော်စွာ စီမံခန့်ခွဲရေးကော်မတီကိုတင်ပြပြီး အတည်ပြုချက်ယူတာတို့ လုပ်ရပါတယ်။ မလိုလားအပ်တဲ့ ပြဿနာမဖြစ်အောင် စုပေါင်းဆောင်ရွက်တဲ့ သဘောပါ။

စုစုပေါင်း မြန်မာမီနီ ၂၀၀၀ ကျော်လောက် ရောင်းချခဲ့ပါတယ်။ ၂၀၁၁ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် မတ်လအထိ စုစုပေါင်း အစီး ၉၉၀ ရောင်းပေးခဲ့ပါတယ်။ ၅၅ သိန်းနဲ့ ရောင်းခဲ့တာပါ။ ရောင်းတဲ့အချိန်မှာ ခုနကပြောတဲ့ ကော်မတီက စဉ်းစားပြီးတော့ နီးစပ်ရာပဲ လျှောက်တဲ့သူကို ရောင်းတဲ့စနစ်မဟုတ်ဘဲ အလွှာပေါင်းစုံ ပါဝင်ရရှိအောင် စဉ်းစားပြီးတော့မှ ကော်မတီရဲ့ ဆုံးဖြတ်ချက်နဲ့ ရောင်းချခြင်းဖြစ်ပါတယ်။

အဲဒီလို ရောင်းချတဲ့အခါမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များက လွှတ်တော် ကိုယ်စားလှယ်တွေအတွက် ၅၀၂ စီး၊ အနုပညာရှင်များအတွက် ၆၂ စီး၊ အတတ်ပညာရှင်တွေအတွက် ၃၇ စီး၊ အငြိမ်းစားဝန်ထမ်းတွေအတွက် ၆၃ စီး၊ အစိုးရဝန်ထမ်းတွေအတွက် ၂၀၄ စီးနဲ့ လျှောက်လွှာတင်ပြတဲ့ ပြင်ပပုဂ္ဂိုလ်တွေအတွက် ၁၂၂ စီး စုစုပေါင်း အစီး ၉၉၀ ရောင်းချပေးခဲ့ပါတယ်။

မြန်မာသံတော်ဆင့်ဂျာနယ်မှာ ရေးထားသလို လွှတ်တော်ကိုယ်စားလှယ်တွေထဲမှာ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်နှစ်ဦးကိုပဲ ပထမဆုံး ရောင်းပေးတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ ကားတွေကို ထုတ်လုပ်မှုအခြေအနေအရ အသုတ်လိုက်ခဲ့ရောင်းပေးတဲ့အခါ သူတို့နဲ့အတူ အခြားလွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးကို အုပ်စုလိုက်ရောင်းပေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့မှာ မှတ်တမ်းမှတ်ရာ အထောက်အထားတွေ ရှိပါတယ်။

၂၀၁၂ ခုနှစ် မေလကနေ ၂၀၁၃ ခုနှစ် ဩဂုတ်လအထိ ငွေကျပ်၇၅ သိန်းနှုန်းနဲ့ အစိုးရဝန်ထမ်းတွေအတွက် ၂၃၈ စီး၊ ပြင်ပပုဂ္ဂိုလ်တွေအတွက် ၄၆၉ စီး စုစုပေါင်း ၇၀၇ စီး ရောင်းချပေးခဲ့ပါတယ်။ လက်ရှိ ၂၀၁၃ ခုနှစ် စက်တင်ဘာလမှာတော့ ငွေကျပ်သိန်း ၆၀ နှုန်းနဲ့ စုစုပေါင်း ၄၂၃ စီး ရောင်းချပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ချယ်ရီ QQ3 အနေနဲ့ကတော့ ၂၀၁၁ ခုနှစ် ဩဂုတ်လကနေ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအထိ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နဲ့ ပုသိမ်မြို့ကြီးတွေမှာ အစီး ၁၀၀၀၊ ၂၀၁၂ ခုနှစ် မတ်လကနေ မေလအထိ ပဲခူး၊ မွန်၊ မန္တလေး၊ နေပြည်တော်နဲ့ ဧရာဝတီ တိုင်းဒေသကြီးတွေမှာ သက်ဆိုင်ရာ ပြည်နယ်အစိုးရရဲ့အစီအစဉ်နဲ့ အစီး ၈၀၀ ရောင်းချပေးခဲ့ပါတယ်။

မော်တော်ကား တင်သွင်းခွင့်ရလာတဲ့ လက်ရှိအချိန်မှာတော့ ၇၅ သိန်း ဈေးနှုန်းနဲ့မကိုက်တော့ လက်ရှိအခြေအနေအရ နည်းလမ်းတစ်ခုကိုပြန်စဉ်းစားပြီး သိန်း ၆၀ နဲ့ ရောင်းချပါတယ်။ အရစ်ကျစနစ်နဲ့ရောင်းတာ ဖြစ်ပါတယ်။ အစိုးရဝန်ကြီးဌာနမှာရှိတဲ့ အရာထမ်းတွေကို ရောင်းပေးမယ်ဆိုပြီး အခုဘုတ်အဖွဲ့နဲ့ စီမံခန့်ခွဲရေး ကော်မတီက ဆုံးဖြတ်တာ အစီး ၄၀၀ ကျော်ကို ရောင်းဖို့ စက်တင်ဘာလအတွင်းမှာ ဆောင်ရွက်ခဲ့ပါတယ်။ နည်းလမ်းသုံးခုနဲ့ ရောင်းမှာဖြစ်ပါတယ်။

နည်းလမ်းသုံးခုက ဘာလဲဆိုတော့ သိန်း ၆၀ လက်ငင်းပေးတဲ့သူကို ဦးစားပေး တစ်အဖြစ် သတ်မှတ်ပြီး ငွေကျပ် ၁၀ သိန်းကို အရင်သွင်းပြီး တစ်ရစ်ကို နှစ်သိန်းခွဲနဲ့ လပေါင်း ၂၀ သွင်းမယ့်သူကို ဦးစားပေး နှစ်သတ်မှတ်ပါတယ်။ နောက်ပြီး တစ်လကို နှစ်သိန်းခွဲနှုန်းနဲ့ နှစ်နှစ်ငွေသွင်းမယ့်သူကို ဦးစားပေး သုံး သတ်မှတ်ပါတယ်။ ဒါတွေကို ဝန်ကြီးဌာနအသီးသီးမှာရှိတဲ့ အရာထမ်းတွေကို သက်ဆိုင်ရာဌာနကြီးမှူးရဲ့ထောက်ခံချက်နဲ့ လျှောက်လွှာတွေ၊ စာချုပ်တွေ ထုတ်ပေးပါတယ်။ လျှောက်လွှာကို အများကြီးထုတ်မပေးပါဘူး။ ရှိတဲ့ကားအရေအတွက်ပေါ်မူတည်ပြီး လျှောက်လွှာပေးတာပါ၊ လက်ရှိလည်း တင်တဲ့ လျှောက်လွှာအရေအတွက်နဲ့ ကားအရေအတွက်ဆိုရင် ပြည့်သွားပါပြီ။ စစ်ပြီးတော့ ထုတ်ပေးနေပါတယ်။ အကြမ်းဖျင်း ၁၀၀ လောက် ထုတ်ပေးပြီးဖြစ်ပါတယ်။

မေး။ ။ ဒီလို ရောင်းချပေးခဲ့တဲ့အပေါ်မှာ ပြန်လည်သုံးသပ်မိတဲ့ အမြင်နဲ့ ခံစားချက်ကိုလည်း သိပါရစေ။

ဖြေ။ ။ လွယ်လင့်တကူ ဝယ်ယူလို့ရအောင် စီစဉ်ပေးခဲ့ပါတယ်။ စေတနာမှန်နဲ့ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ စေတနာပါပဲ။ အဲဒီခေတ်မှာ ကားဈေးနှုန်း သိန်းထောင်ကျော် ပေါက်နေတာပါ။ လူလတ်တန်းစားတွေ ၅၅ သိန်းနဲ့ ကိုယ်ပိုင်ကားလေး စီးနိုင်အောင် နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ အချိန်ကိုက်ဖြစ်နိုင်အောင် ကြိုတင်ပြီး စီမံခဲ့ပါတယ်။

ရုံးလုပ်ငန်းအရ စောတယ်၊ နောက်ကျတယ် ဖြစ်သွားတာမျိုးက ဖန်တီးယူတာမဟုတ်ပါဘူး၊ စေတနာအမှန်နဲ့ လုပ်ပေးခြင်းကြောင့် ကားတွေစီးနေရတာကို မြင်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ကိုယ့်ရဲ့လုပ်ဆောင်ချက်၊ ကိုယ့်ဝန်ကြီးဌာနရဲ့လုပ်ဆောင်ချက်ကို အဲဒီအချိန်အခါမှာ ဖြစ်သွားတဲ့ ပီတိက ငါပင်ပန်းရကျိုးနပ်တယ်လို့ ခံစားရပါတယ်။ ဝန်ထမ်းတစ်ယောက်အနေနဲ့ ပြည်သူလူထုအကျိုးကို တတ်နိုင်သမျှသယ်ပိုးခဲ့ရတဲ့အတွက် ကျေနပ်ပါတယ်။ ကြည်နူးပီတိဖြစ်ရပါတယ်။

* *ကျောဖုံးမှ*

ကြာချိန်မှာ ၂ နာရီ ၁၅ မိနစ်သာ ကြာမြင့်မည်ဖြစ်သည်။

လက်ဝဲရစ်အနေဖြင့် ရန်ကုန်ဘူတာကြီးမှ ၉နာရီ ၅၅မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ပုဇွန်တောင်ဘူတာသို့ ၉နာရီ ၅၈မိနစ်၊ မလွှကုန်းဘူတာသို့ ၁၀နာရီ ၀၄ မိနစ်၊ ကံဘဲ့ဘူတာသို့ ၁၀နာရီ ၁၆ မိနစ်၊ တံတားလေးဘူတာသို့ ၁၀နာရီ ၂၈ မိနစ်၊ ပုရွက်ဆိတ်ကုန်းဘူတာသို့ ၁၀နာရီ ၃၄ မိနစ်၊ မင်္ဂလာဒုံဘူတာသို့ ၁၀နာရီ ၄၅ မိနစ်၊ တညင်းကုန်းဘူတာသို့ ၁၁နာရီ ၀၇မိနစ်၊ အင်းစိန်ဘူတာသို့ ၁၁ နာရီ ၂၀မိနစ်၊ သမိုင်းဘူတာသို့ ၁၁နာရီ ၃၀မိနစ်၊ ကမာရွတ်ဘူတာသို့ ၁၁နာရီ ၄၀မိနစ်၊ ကြည့်မြင်တိုင်ဘူတာသို့ ၁၁နာရီ ၅၀ မိနစ်၊ ဘုရားလမ်းဘူတာသို့ ၁၂နာရီ ၀၃ မိနစ်တို့နှင့် ရန်ကုန်ဘူတာကြီးသို့ ၁၂ နာရီ ၁၀ မိနစ်တို့တွင် လည်းကောင်း ပြန်လည်ဆိုက်ရောက်မည်ဖြစ်သည်။ လက်ယာရစ်အနေဖြင့် ရထား ဆိုက်ရောက်ချိန်များမှာ ရန်ကုန်ဘူတာကြီးမှ ၇ နာရီ ၂၅ မိနစ်တွင်ထွက်ခွာပြီး ဘုရားလမ်းဘူတာသို့ ၇နာရီ ၂၉ မိနစ်၊ ကြည့်မြင်တိုင်ဘူတာသို့ ၇ နာရီ ၄၁ မိနစ်၊ ကမာရွတ်ဘူတာသို့ ၇နာရီ ၅၁ မိနစ်၊ သမိုင်းဘူတာသို့ ၈ နာရီ၊ အင်းစိန်ဘူတာသို့ ၈နာရီ ၁၀ မိနစ်၊ တညင်းကုန်းဘူတာသို့ ၈ နာရီ ၂၃ မိနစ်၊ မင်္ဂလာဒုံဘူတာသို့ ၈ နာရီ ၄၅ မိနစ်၊ ပုရွက်ဆိတ်ကုန်းဘူတာသို့ ၈ နာရီ ၅၆ မိနစ်၊ တံတားလေးဘူတာသို့ ၉ နာရီ ၀၂ မိနစ်၊ ကံဘဲ့ဘူတာသို့ ၉ နာရီ ၁၄ မိနစ်၊ မလွှကုန်းဘူတာသို့ ၉ နာရီ ၂၆ မိနစ်၊ ပုဇွန်တောင်ဘူတာသို့ ၉နာရီ ၃၄ မိနစ်တို့နှင့် ရန်ကုန်ဘူတာကြီးသို့ ၉ နာရီ ၄၀ မိနစ်တို့တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်သည်။

အဆင့်မြင့် (RBE)အဲကွန်းမြို့ပတ်ရထားအား လက်မှတ်ရောင်းခကို လူတစ်ဦးလျှင် ငွေကျပ် ၄၀၀နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ပြီး အဲကွန်းရထားဖြစ်သည့်အတွက် ရထားပေါ်၌ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းနှင့် အခြားအနံ့ပြင်းသည့်အရာများလည်း ယူဆောင်ခွင့် ပြုမည်မဟုတ်ကြောင်း သိရသည်။ ပြည်သူများအနေဖြင့် လက်မှတ်ကို (RBE) အဲကွန်းမြို့ပတ်ရထားဆိုက်ရောက်ရာ ဘူတာများ၌ဝယ်ယူရမည်ဖြစ်ပြီး ခုံမဲ့လက်မှတ်များလည်း ဝယ်ယူစီးနိုင်သည့်အပြင် နိုင်ငံခြားသားခရီးသည်များ လိုက်ပါစီးနင်းမည်ဆိုပါက အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာဖြင့် လက်မှတ်ဝယ်ယူစီးခွင့်ပြုမည် ဖြစ်သည်။ ရန်ကုန်မြို့တွင်း၌ အဆိုပါ (RBE) အဲကွန်းမြို့ပတ်ရထားကို နေ့စဉ်ရှစ်ခေါက် ပြေးဆွဲပေးမည်ဖြစ်သည်။ ယခင် ရန်ကုန်မြို့ပတ်ရထားသည် နေ့စဉ်တွဲဆိုင်း ၂၀ ဆိုင်းဖြင့် စုစုပေါင်းခေါက်ရေ ၂၀၀ ကိုပြေးဆွဲပေးလျက်ရှိရာ နေ့စဉ်ပြည်တွင်းခရီးသည် ကိုးသောင်းကျော်နှင့် နိုင်ငံခြားသားခရီးသည် ၅၀ခန့် စီးနင်းလိုက်ပါလျက်ရှိသည်။ ယခုအခါ အဆိုပါ (RBE) အဲကွန်းမြို့ပတ်ရထား တစ်ပတ်အတွင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သဖြင့် ရန်ကုန်မြို့ပတ်ရထားတွဲဆိုင်းမှာ ၂၂ ဆိုင်းအထိတိုးလာမည်ဖြစ်ပြီး ခေါက်ရေမှာလည်း ၂၀၈ ခေါက်အထိ များပြားလာမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

စိတ်ထောင်းကိုယ်ကြေ အိုဇာတာ ကံခေလေရော့သလား

ကြည်ထွန်း(လူမှုဝန်ထမ်း)

'အမှည့်တဝင်းဝင်း၊ အကင်းတဖြိုက်ဖြိုက်'ဆိုတဲ့အတိုင်း အသက်ငါးနှစ်အောက်ကလေး သေနှုန်းကျဆင်းအောင် နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေတဲ့ ယနေ့ကမ္ဘာမှာ အသက် ၆၀ နဲ့အထက် သက်ကြီးရွယ်အိုဦးရေကတော့ တစ်နေ့တခြား ဒီရေအလား တိုးပွားနေပါတယ်။ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) နဲ့ Help Age International တို့ ကြီးမှူးပြုစုကြပြီး Aging in the Twenty-First century; A celebration and A challenge ခေါင်းစဉ်ပါ သက်ကြီးရွယ်အိုတိုးပွားခြင်း ဖြစ်စဉ်ကို ထုတ်ပြန်လိုက်ပြီဖြစ်ပါတယ်။ ဒီအစီရင်ခံစာမှာ ၂၀၀၂ ခုနှစ် ဒုတိယအကြိမ် သက်ကြီးရွယ်အိုဆိုင်ရာ ကမ္ဘာ့ညီလာခံနောက်ပိုင်းအောင်မြင်မှုတွေ၊ ကွာဟမှုတွေကို ဖော်ပြထားပြီး အနာဂတ်မှာ သက်ကြီးရွယ်အို တိုးပွားလာမယ့် ကမ္ဘာကြီးအတွက် ကြိုတင်ပြင်ဆင်ရမယ့် နည်းလမ်းတွေကို အကြံပြုထားပါတယ်။

ကမ္ဘာအရပ်ရပ်က သက်ကြီးရွယ်အိုများစွာဟာ သူတို့ရဲ့ ဆည်းဆာနေညိုချိန်ဘဝကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ဖြတ်သန်းနေကြရပါတယ်။ သာဓကအားဖြင့် ၂၀၁၁ ခုနှစ်က တရုတ်နိုင်ငံမှာ အသက် ၆၀ ကျော်သူ ၁၈၅ သန်းကျော်ရှိပါတယ်။ ဒီဦးရေဟာ တရုတ်တစ်နိုင်ငံလုံးလူဦးရေရဲ့ ၁၃ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ယခုနှစ်ကုန်ရင်တော့ သန်းပေါင်း ၂၀၀ ကျော်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဈေးကွက်ပြုပြင်ရေးတွေလုပ်ခဲ့တဲ့ ဆယ်စုနှစ်သုံးခုလောက်မှာ တရုတ်လူမျိုးတို့ရဲ့ လက်ရည်တစ်ပြင်တည်းနေထိုင်တဲ့ ရိုးရာအစဉ်အလာပုံစံဟာ ပြောင်းလဲသွားပါတယ်။ နှစ်ပေါင်း ၅၀ အတွင်းမှာ မူလပျမ်းမျှသက်တမ်း ၄၁ နှစ်က ၇၃ နှစ်အထိ မြင့်တက်လာပါတယ်။ မိသားစုစီမံကိန်းမူဝါဒအရ မြို့နေပြည်သူတွေဟာ ရှေးတုန်းက သားသမီး ဆယ့်လေးငါးယောက်ယူရာက မိသားစုတစ်စုကို ကလေးတစ်ယောက်နှုန်းပဲယူရပါတယ်။ ဒါ့ကြောင့် မိသားစုတွေမှာ လူကြီးနှစ်ဦး ကလေးတစ်ဦး အချိုးအစားကို ပြောင်းသွားပြီး သက်ကြီးဦးရေ ပိုမိုများပြားလာတာပါ။

တရုတ်နိုင်ငံအရှေ့မြောက်အစွန်ဆုံးက ဟေလုံကျန်ပြည်နယ်၊ ဟာဘင်းမြို့မှာ လူဦးရေ ၉ ဒသမ ၉ သန်းရှိပါတယ်။ ဆောင်းရာသီမှာ အနုတ် ၃၀ စင်တီဂရိတ်အထိ အေးချမ်းတဲ့ ဒေသတစ်ခုပါ။ သက်ကြီးရွယ်အို ၁ ဒသမ ၁ သန်းရှိတဲ့အနက် ၁၁၀၀၀ အတွက်ပဲ အစိုးရနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေက စောင့်ရှောက်မှုပေးနိုင်ပါတယ်။ ဟာဘင်းမြို့တော်မှာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ကိုင်တဲ့ ရိပ်သာ ၂၀၀ ခန့်ပဲ ရှိပါတယ်။ တိုးပွားလာတဲ့ သက်ကြီးရွယ်အိုဦးရေနဲ့ လက်ခံနိုင်တဲ့ ဘိုးဘွားအရေအတွက် ကွာဟမှုကြောင့် လိုင်စင်မဲ့ဘိုးဘွားရိပ်သာတွေ ပေါ်လာပါတယ်။ ဒီလုပ်ငန်းကို တရားဝင်လုပ်ကိုင်ကြစေဖို့ ဒေသဆိုင်ရာအာဏာပိုင်တွေက ၂၀၀၈ ခုနှစ်ကစပြီး ရေခွန်နဲ့မီးခွန်ကို အထူးနှုန်းနဲ့ ပေးဆောင်စေသလို နေရာတစ်နေရာအတွက် ယွမ် ၁၀၀၀ ဆောင်းပေးခြင်း စတာတွေကိုလည်း ပံ့ပိုးပေးထားပါတယ်။ ဒီပံ့ပိုးမှုမျိုးကို တရားဝင်ရိပ်သာတချို့ပဲ ရရှိတာဖြစ်တဲ့အတွက် ကျန်ဘိုးဘွားတွေအတွက် လောက်ငမှုမရှိ ဖြစ်နေရပါတယ်။

ဒီလိုပံ့ပိုးမှုဟာ ဗဟိုအစိုးရရဲ့ စွမ်းဆောင်ချက်တစ်ရပ်ဖြစ်ပြီး ဒေသဆိုင်ရာအာဏာပိုင်တွေအနေနဲ့လည်း သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ဖြည့်ဆည်းစီမံမှုရဲ့ ရှေးဦးဆောင်ရွက်ချက်လို့ ဆိုရပါမယ်။ ဟာဘင်းမြို့တော်ဟာ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသတစ်ခုဖြစ်ပြီး အရှေ့ဘက်ကမ်းရိုးတန်းမြို့တွေထဲမှာ အဆင်းရဲဆုံး မြို့ဖြစ်ပါတယ်။ Shandong Province က Qicgdap နဲ့ ရှန်ဟိုင်းလိုဒေသမျိုးမှာ ဒေသဆိုင်ရာအာဏာပိုင်တွေက ဘိုးဘွားရိပ်သာတွေအတွက် တစ်ဦးကို ယွမ် ၈၀၀၀ ကနေ ယွမ် ၁၀၀၀၀ အထိ ဖြည့်ဆည်းပေးနိုင်ပေမယ့် ဟာဘင်းမြို့အနေနဲ့ကတော့ အဲဒီလို ဆောင်ရွက်နိုင်စွမ်းမရှိလေတော့ တရားဝင် ကိုယ်ပိုင်ဘိုးဘွားရိပ်သာတွေအနေနဲ့ ထောက်ပံ့ငွေမလုံလောက်မှုကြောင့် ၅၀ ရာခိုင်နှုန်းလောက်ပဲ လှုပ်ရှားနိုင်ပါတော့တယ်။

သက်ကြီးရွယ်အို ဘိုးဘွား ၁၀၀၀ ကို စစ်တမ်းကောက်ယူကြည့်ရာမှာ ၈၅ ရာခိုင်နှုန်းဟာ သားသမီးမြေးမြစ်တွေနဲ့ အတူတူနေဖို့လိုလားကြပြီး ၇ ရာခိုင်နှုန်းလောက်ကတော့ ဘိုးဘွားရိပ်သာတွေရဲ့ စောင့်ရှောက်မှုကို ခံယူလိုကြပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကြည့်မယ်ဆိုရင် ၉၇ ရာခိုင်နှုန်းဟာ ဘိုးဘွားရိပ်သာကို ပို့ဆောင်ဖို့ထက် မိရိုးဖလာဓလေ့ထုံးစံအတိုင်း မိအိုဖအိုတွေကို ကြည့်ရှုစောင့်ရှောက်လိုကြပါတယ်။ လူမှုစောင့်ရှောက်ရေး လုပ်ငန်းတွေကို အစိုးရအနေနဲ့ ပိုပြီးအာရုံစိုက် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးဖို့ လူမှုဗေဒပညာရှင် Tang Jun က တိုက်တွန်းလိုက်ပါတယ်။ တွေ့ဆုံမေးမြန်းခန်းတစ်ရပ်မှာ Tang က သက်ကြီးရွယ်အိုတွေကို ကိုယ်ပိုင်အိမ်နဲ့ နေထိုင်နိုင်ရေး အစီအမံဖန်တီးပေးဖို့၊ အချိန်အခါမရွေး ကျန်းမာရေးလိုအပ်ချက်ရှိလျှင် ဆရာဝန်နှင့်သူနာပြုများကို အရေးပေါ်ခေါ်ဆိုပေးနိုင်ဖို့ ဆန္ဒပြုထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဟာဘေးမြို့တော်နဲ့ အခြားသောမြို့တော်တွေမှာ သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုဂေဟာ ၁၁၀ လောက်ကို အိမ်တိုင်ရာရောက်ဆောင်ကြဉ်းပေးဖို့ ရည်ရွယ်ခဲ့ပေမယ့် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ဂေဟာအချို့ကို ပိတ်လိုက်ရပါတယ်။ ပေကျင်းမြို့တော် Pingguoyuan မှာ ဝန်ဆောင်မှုညံ့ဖျင်းကြောင်း စောဒကတက်ကြရာက Community based care center တစ်ခု ပိတ်ခဲ့ရပါတယ်။ မိအိုဖအိုတွေကို တရုတ်ရိုးရာဓလေ့အရ စောင့်ရှောက်နိုင်စွမ်းနည်းပါးလာတဲ့ မျက်မှောက်ခေတ်မှာ သက်ကြီးရွယ်အိုတွေဟာ နိုင်ငံတော်နဲ့ ပုဂ္ဂလိကဘိုးဘွားရိပ်သာတွေမှာသာမက လိုင်စင်မဲ့ဘိုးဘွားရိပ်သာတွေမှာ ခိုကိုးနေထိုင်ရတဲ့ဘဝကို တစ်စတစ်စရောက်ရှိနေပါပြီ။ အလုပ်လုပ်နိုင်သူနဲ့ မှီခိုသူ အချိုးအစားပြောင်းလဲလာတဲ့ ခေတ်ကိုဦးတည်နေပြီဖြစ်တဲ့အတွက် တစ်ချိန်က နိုင်ငံအတွက် ပေးဆပ်ခဲ့ကြတဲ့ အိုမင်းမစွမ်းသူတွေဟာ ဒုက္ခနဲ့ သောကကို တွေ့တွေ့ဆိုင်ဆိုင် ရင်ဆိုင်နေရတယ်ဆိုတာ ဟာဘေးစစ်တမ်းက သက်သေပြလိုက်တာပါပဲ။

တရုတ်နိုင်ငံက ပျိုရွယ်သူတွေဟာ မိမိတို့ ဘဝအသက်မွေးမှုအတွက် ဇာတိရပ်ရွာကိုစွန့်ခွာ၊ မိဘတွေကိုထားရစ်ခဲ့ပြီး မြို့ကြီးပြကြီးတွေကို သွားရောက်လုပ်ကိုင်သူတွေ တစ်နေ့တခြားများပြားနေပါတယ်။ ဒီလိုနဲ့ သားသမီးတွေက မိအိုဖအိုတွေကို ဂရုစိုက်ဆောင်ရွက်မှုမရှိတဲ့ ပြဿနာဟာ ပိုပြီးကြီးထွားလာပါတယ်။ တရုတ်ရုပ်သံ CCTV က စာရင်းကောက်ယူချက်အရ မိဘရပ်ထံ လုံးဝပြန်မလာသူတွေဟာ ၁၁ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး တစ်နှစ်တစ်ခေါက် ပြန်လာသူတွေ ၃၃ ဒသမ ၄ ရာခိုင်နှုန်းလောက်ရှိတယ်လို့သိရပါတယ်။ မိအိုဖအိုတွေကို အရွယ်ရောက်တဲ့သားသမီးတွေက စိတ်ပိုင်းဆိုင်ရာအထောက်အပံ့အဖြစ် တွေ့ဆုံ အားပေးစကားလေးတောင် မပြောဆိုကြတဲ့အတွက် တရားစွဲဆိုမှုတွေရှိလာပါပြီ။ ဒါ့ကြောင့် တရုတ်ဥပဒေပြုရေးအဖွဲ့က သက်ကြီးရွယ်အိုတွေရဲ့ အကျိုးစီးပွားနဲ့ အခွင့်အလမ်းကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ 'မိအိုဖအိုပစ်မထားရေး' ဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းလိုက်ရပြီဖြစ်ပါတယ်။ ဒီဥပဒေဟာ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁ ရက်ကစပြီး အာဏာတည်ပါတယ်။ ဒီလို ဥပဒေပြဋ္ဌာန်းလိုက်တဲ့အတွက် တရုတ်နိုင်ငံက အဖော်မဲ့အထီးကျန်ဖြစ်နေရတဲ့မိဘတွေ၊ သက်ကြီးရွယ်အိုတွေအတွက်တော့ အားဆေးတစ်ခွက်လို့ ဆိုရပါမယ်။

ဆက်လက်တင်ပြလိုတာကတော့ ကြံရာမရလို့ ထွက်ပေါက်ရှာကြတဲ့ ဂျပန်နိုင်ငံက သက်ကြီးရွယ်အိုတွေအကြောင်းပါ။ တိုကျိုမြို့မှာ သက်ကြီးရွယ်အိုများ အလစ်သုတ်ခိုးယူမှုတွေ တဖြည်းဖြည်းများပြားနေပါတယ်တဲ့။ ၂၀၀၈ ခုနှစ်က ဆိုင်ပစ္စည်းအလစ်သုတ်မှု ၁၇၈၀၀ ရှိတဲ့အနက် ၂၃ ရာခိုင်နှုန်းဟာ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုတွေပါ၊ အသက် ၇၆ နှစ်အရွယ် အဘွားအိုတစ်ဦး ပစ္စည်းခိုးယူရတဲ့အကြောင်းရင်းကတော့ သူ့မှာ မိဘတွေမရှိတော့တဲ့နောက် အထီးကျန်ဆန်မှုကို ထွက်ပေါက်ပေးတဲ့အနေနဲ့ ကျူးလွန်ခဲ့တာပါလို့ တရားရုံးမှာတင်ပြပါတယ်။ ဂျပန်နိုင်ငံမှာ ပစ္စည်းခိုးယူကြတဲ့ သက်ကြီးရွယ်အိုတွေရဲ့ ၂၅ ရာခိုင်နှုန်းဟာ သူတို့ရဲ့ အထီးကျန်ဆန်ဆန်နေရမှုကို မကျေမနပ်ဖြစ်ရလို့ ကျူးလွန်ရကြောင်း၊ ၈ ရာခိုင်နှုန်းကတော့ သူတို့အနေနဲ့ လောကကြီးမှာ နေထိုင်ရတာဟာ အဓိပ္ပာယ်မဲ့နေတယ်လို့ ခံစားရလို့ ကျူးလွန်ရကြောင်း၊ ရာခိုင်နှုန်း ၅၀ ကျော်ကတော့ သူတို့မှာ အပေါင်းအသင်းမရှိတဲ့အတွက် စိတ်ညစ်လို့ ခိုးမှုကျူးလွန်ရတယ်လို့ ပြောကြပါတယ်။ နယ်မြေခံရဲများကတော့ သူတို့တွေကို အခြားအပြစ်ဒဏ်ပေးခြင်းထက် လူမှုရေးလုပ်ငန်းတွေမှာ ဝင်ရောက် တာဝန်ထမ်းဆောင်စေခြင်းက ပိုပြီးထိရောက်နိုင်တယ်။ သူတို့ရဲ့ စိတ်ဓာတ်ရေးရာကို ပြန်လည်တက်ကြွလာအောင် လုပ်ပေးနိုင်တယ်လို့ ပြောကြပါတယ်။

မြန်မာနိုင်ငံမှာလည်း အခြားနိုင်ငံတွေမှာလို ဗျသနတရားတွေနဲ့ ရင်ဆိုင်နေရလို့ အထီးကျန်ပြီး အကျည်းတန်ဘဝကိုရောက်နေတဲ့ သက်ကြီးရွယ်အိုတွေရှိပါတယ်။ အဘိုးအိုတစ်ဦးဟာ တစ်ချိန်တုန်းက လက်သမားအလုပ်၊ ပန်းရန်အလုပ်တွေနဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့ပြီး အသက် ၈၈ နှစ်အရွယ်မှာ နားလည်းမကြား၊ မျက်စိတစ်ဖက်လည်းမမြင်တဲ့ဘဝ ရောက်ရသူပါ။ ဒီလိုနဲ့ နတ်ကွန်းစင်အောက် ခေါင်းထိုးအိပ်ရတဲ့ ခိုကိုးရာမဲ့သက်ကျားအိုကြီးကို မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(တောင်ပိုင်း)ရပ်ကွက်က ရပ်မိရပ်ဖတွေက ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာကို ပို့လိုက်ရတဲ့သတင်းကို ဇူလိုင်လ ၅ ရက်နေ့ထုတ် သတင်းစာမှာ ဖတ်လိုက်ရပါတယ်။ ဩဂုတ်လ ၂၅ ရက်နေ့ထုတ် သတင်းစာမှာတော့ အိမ်ထောင်နဲ့ကွဲကွာနေသူဖြစ်ပြီး ဘက်ထရီလုပ်ငန်းလုပ်ကိုင်တဲ့ အသက် ၇၂ နှစ်အရွယ်ရှိ အဘိုးအိုတစ်ဦးဟာ သူနေထိုင်ရာ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းအိမ်ရာ မြေညီထပ် အိပ်ခန်းအဝင်တန်းမှာ ကြိုးဆွဲချ သေဆုံးမှုဖြစ်ပွားခဲ့တယ်လို့ ပါရှိပြန်ပါတယ်။ ဒီလို အိုဇာတာကံခေပြီး စိတ်ထောင်းကိုယ်ကြေဖြစ်ရတဲ့ သက်ကြီးရွယ်အိုတွေ ကမ္ဘာတစ်ဝန်းမှာ ဘယ်လောက်များများရှိမယ်ဆိုတာ မတွေးဝံ့စရာပါ။

လူကိုးဦးမှာ တစ်ဦး အသက် ၆၀ ကျော်အရွယ်ဖြစ်နေတဲ့ ယနေ့ကမ္ဘာကြီးဟာ ၂၀၅၀ ပြည့်နှစ်ရောက်ရင် လူငါးဦးမှာ တစ်ဦးဖြစ်လာမယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်။ ဒီလို သက်ကြီးရွယ်အိုတိုးပွားလာတဲ့အရေးဟာ ဝမ်းပန်းတသာကြိုဆိုရမယ့်ကိစ္စဖြစ်ပေမယ့် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ဆိုရင်လည်း မမှားပါဘူး။ ဒီစိန်ခေါ်မှုကြီးကို မလွဲမသွေရင်ဆိုင်ကြရမယ့် မျိုးဆက်သစ်လူငယ်တွေအနေနဲ့ မဝေးတော့တဲ့အနာဂတ်ကို ချင့်မျှော်တွေးဆပြီး နည်းကောင်းလမ်းမှန်တွေ ရှာကြံဆောင်ရွက်ကြဖို့လိုပါပြီ။ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကို စိုက်လိုက်မတ်တတ် ဆောင်ရွက်နေတဲ့ ဌာနတွေ၊ အဖွဲ့အစည်းတွေကိုလည်း အတတ်နိုင်ဆုံးအကူအညီပေးခြင်းဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းမှာ တစ်တပ်တစ်အား ပါဝင်ကြပါစို့။ ။

သက်ကြီးရွယ်အို ဘိုးဘွား ၁၀၀၀ ကို စစ်တမ်းကောက်ယူကြည့်ရာမှာ ၈၅ ရာခိုင်နှုန်းဟာ သားသမီး မြေးမြစ်တွေနဲ့ အတူတူနေဖို့ လိုလားကြပြီး ၇ ရာခိုင်နှုန်းလောက်ကတော့ ဘိုးဘွားရိပ်သာတွေရဲ့ စောင့်ရှောက်မှုကို ခံယူလိုကြပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင် ၉၇ ရာခိုင်နှုန်းဟာ ဘိုးဘွားရိပ်သာကို ပို့ဆောင်ဖို့ထက် မိရိုးဖလာဓလေ့ထုံးစံအတိုင်း မိအိုဖအိုတွေကို ကြည့်ရှုစောင့်ရှောက်လိုကြပါတယ်။

ညောင်ဦး၌ ဘက်ထရီစက်ဘီးငှားရမ်းသူများပြား နိုင်ငံခြားသားခရီးသွားများနှစ်သက်

ညောင်ဦး စက်တင်ဘာ ၂၉

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စုဝေးတည်ရှိရာ ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိလေ့လာကြသည့်အခါ ယခင်က စက်ဘီးများကို ငှားရမ်းအသုံးပြုခဲ့ကြသော်လည်း ဖွန်လနောက်ပိုင်း တရုတ်နိုင်ငံမှ တင်သွင်းရောက်ရှိလာသော ဘက်ထရီစက်ဘီးများကို နှစ်သက်စွာ ငှားရမ်းအသုံးပြုလာကြသဖြင့် ဒေသခံများက စက်ဘီးများအစား ဘက်ထရီစက်ဘီးများကိုဝယ်ယူ၍ ငှားရမ်းသည့်လုပ်ငန်းကို တွင်ကျယ်စွာ ဆက်လက်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ **(အပေါ်ယာပုံ)**

"ဘက်ထရီစက်ဘီးက ဘက်ထရီအားကုန်သွားရင် ခြေထောက်နဲ့နင်းပြီး သွားရင်လည်းရတယ်။ ဧည့်သည်တွေက ဘက်ထရီနဲ့မောင်းရင်း ကျန်းမာရေးလေ့ကျင့်ခန်းအဖြစ် စက်ဘီးစီးသလို နင်းလို့ရတော့ ဘက်ထရီစက်ဘီးပဲ ငှားရမ်းမှုများပြားလာတယ်။ လက်ရှိအရင်က စက်ဘီးအစီး ၅၀ လောက် လျှော့ဈေးနဲ့ ပြန်ရောင်းရတော့မယ်" ဟု စက်ဘီးငှားရမ်းသူ ပုဂံမြို့မှ ဦးဆန်းထွန်းက ပြောကြားသည်။

တရုတ်နိုင်ငံထုတ် ဘက်ထရီစက်ဘီး အစီးရေ ၃၀၀ ကျော်ခန့်ကို ပုဂံနှင့် ညောင်ဦးမြို့မှ ငှားရမ်းသည့်လုပ်ငန်းရှင်များက ဝယ်ယူအသုံးပြုလျက်ရှိပြီး တစ်ရက်လျှင် ငှားရမ်းခ ကျပ် ၈၀၀၀၊ တစ်နာရီ ကျပ် ၂၀၀၀ ဖြင့် စီးပွားဖြစ်ထွန်းနေကြကြောင်း၊ ပေါ့ပါးလွယ်ကူ၍ လူသက်သာစွာ လည်ပတ်ခရီးသွားနိုင်သောကြောင့် ငှားရမ်းလုပ်ကိုင်သူများသာမက ဒေသခံတို့ကလည်း ကိုယ်ပိုင်အသုံးပြုရန် ဝယ်ယူလာကြကြောင်း၊ ၎င်းတို့က မန္တလေးမြို့ရှိ တက်စိန် လျှပ်စစ်(ဘက်ထရီ)ဆိုင်ကယ် စက်ဘီးဖြန့်ချိရေးကုမ္ပဏီမှ ဝယ်ယူခဲ့ကြောင်း သိရသည်။

"ပုဂံ-ညောင်ဦးဒေသမှ ကျွန်တော်တို့ဆီက ဝယ်ယူသူ ၁၀ ဦးကျော်လောက်ရှိပါတယ်။ ပြန်ရောင်းဖို့နဲ့ ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ဖို့ ဝယ်ကြတာ၊ အာမခံခြောက်လနဲ့ ကုမ္ပဏီက ရောင်းပေးတာ အစီး ၅၀ ကျော် ရှိပါပြီ။ အချို့က ဈေးကွက်တစ်ခုအနေနဲ့ ရွှေလီ-ကြယ်ခေါင်က ဝယ်ဖြန့်တာ၊ ကားနဲ့ အစီးလိုက်သယ်ရောင်းသူ ရှိပေမယ့် သူတို့ရဲ့အာမခံက မသေချာနိုင်ဘူး။ ဖောက်သည်တွေက အာမခံကို သဘောကျလို့ ကျွန်တော်တို့ဆီမှာ ဝယ်သူများလာတယ်" ဟု လျှပ်စစ်(ဘက်ထရီ)ဆိုင်ကယ်/စက်ဘီး ဖြန့်ချိသည့် တက်စိန်ကုမ္ပဏီ မန်နေဂျာက ပြောကြားသည်။ **(ဝ၄ဝ)**

မီးဘေးသင့်နေအိမ်များ ပြန်လည်ဆောက်လုပ်

ရွှေဘို စက်တင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ၌ ဩဂုတ် ၂၄ ရက်က ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် နေအိမ်အချို့ကို မီးရှို့ဖျက်ဆီးမှုများ ဖြစ်ပွားခဲ့ရာ နယ်/လုံ ဝန်ကြီး ဗိုလ်မှူးကြီး ကြည်နိုင်၊ စည်ပင်ဝန်ကြီး ဦးတင်လှိုင်မြင့်တို့က အနီးကပ်ကြီးကြပ်၍ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဘာသာရေးခေါင်းဆောင်များ ဦးဆောင်၍ မီးလောင်သွားသောနေအိမ်များကို ရှင်းလင်းပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **(အောက်ဝဲပုံ)**

ပြန်လည်တည်ဆောက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ဘိလပ်မြေ ၃၁၉ အိတ်ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ I.B.E.C ဆရာတော် ဦးသောဘနက မတည်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဟာဂျီဦးဖိုးလုံး (နေပြည်တော်)နှင့် အလှူရှင်များက လိုအပ်သည့် အိမ်ဆောက်ပစ္စည်းများပံ့ပိုး၍ အိမ်ထောင်စု ၅၁ စုအတွက်နေအိမ်များ ပြန်လည်တည်ဆောက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်၌ အဆောက်အအုံငါးလုံးပြီးစီးခဲ့ပြီး နေအိမ်များကိုလည်း အောက်တိုဘာလအတွင်း အပြီးသတ်ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး(၁/၂၀၁၃)ကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာနမှူးက လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကို စုံစမ်းရေးကော်မတီဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီမံကိန်းများဆောင်ရွက်ရန်နှင့် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးရာမှ တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများ၊ နိုင်ငံတော်စီမံကိန်းများအတွက် သိမ်းဆည်းထားသည့် လယ်ယာမြေများအား ထိုက်သင့်သော လျော်ကြေးငွေနှင့်အသုံးမပြုသည့် လယ်ယာမြေများအား ပြန်လည်အပ်နှံရေး စနစ်တကျစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မကွေးမြို့မှ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်ကြီး ပြုပြင်ရန်လိုအပ်နေ



မကွေး စက်တင်ဘာ ၂၉

မြသလွန်စေတီတော်မြတ်ကြီးနှင့် မနီးမဝေး ဘုရားကုန်းတော်အတက်လမ်းရှိ ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည် ဖောင်းရစ်တော်မှစ၍ ငှက်ပျောဖူးတော်အထိ အက်ကြောင်းကြီးများလိုက်၍ ကွဲအက်စပြုနေပြီဖြစ်သည်။ ဘုရားဖူးလာသော ဒေသခံတစ်ဦးက "တချို့က မြသလွန်ဘုရားကြီးဖူးပြီး ဒီဘုရားကိုဖူးဖို့ သတိမရကြဘူး။ သမိုင်းကို မသိကြတာလည်းပါတာပေါ့။ ဒီဘုရားကြီးက မြသလွန်ဘုရားကြီးနဲ့ သမိုင်းဆက်နွယ်နေတဲ့ ရှေးဟောင်းစေတီကြီးတစ်ဆူဖြစ်တဲ့အတွက် ဒီဘုရားကြီးကိုလည်း အချိန်မီပြုပြင်ထိန်းသိမ်းသင့်ပါတယ်" ဟု ပြောသည်။

ဆုတောင်းပြည့် စေတီတော်မြတ်ကြီးနှင့် တစ်ပြိုင်နက် တည်ထားသော ရွှေလင်မျှော်စေတီကြီး၏ အနောက်ဘက်ကမ်းနဖူးပြိုကျနေသည့်အပိုင်းကို ပြန်လည်မွမ်းမံ၍ သံကူကွန်ကရစ်မြေထိန်းနံရံကြီးကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ တည်ဆောက်လျက်ရှိသည်။

လိုလား

ပျက်စီး ယိုယွင်းစပြုနေပြီဖြစ်သော သမိုင်းဝင် ရှေးဟောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီးကိုလည်း အချိန်မီပြုပြင်ထိန်းသိမ်းရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

ကျော်စွာ (မကွေး)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့ မိသားစုများနှင့် ရဲချုပ်တွေ့ဆုံ

မန္တလေး စက်တင်ဘာ ၂၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ဝင်းအောင် လိုက်ပါလျက် စက်တင်ဘာ ၂၇ ရက်က မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အတွင်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနများသို့ သွားရောက်ပြီး တပ်ဖွဲ့ဝင်မိသားစုများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံ

ရဲချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံ မြို့မရဲစခန်းသို့ သွားရောက် စစ်ဆေးခဲ့ပြီး မြို့မစခန်းမှူးရုံးခန်းတွင် ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ မိမိနယ်မြေရှိ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းပါဝင်မှုသာ ပြည်သူလူထုဗဟိုပြုသော ရဲလုပ်ငန်းစနစ် အောင်မြင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများနှင့် သတင်းဖလှယ်ခြင်း၊ အသိအမြင်များ ဖလှယ်ခြင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒုစရိုက်သမား၊ လောင်းကစားသမား၊ မူးယစ်ဆေးဝါးသတင်းများရရှိက ပြောကြားပေးပါရန်နှင့် မိမိ တပ်ဖွဲ့ဝင်များ၏ အမှားများကိုလည်း ရပ်မိရပ်ဖများကလည်း ပြောဆိုဆုံးမနိုင်ပါကြောင်း၊ တိုင်ကြားပါကလည်း စိစစ်၍ အရေးယူသွားမည်ဖြစ်ကြောင်း၊ ရဲစခန်းတွင် CCTV တပ်ဆင်ထားမှုများနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ပေးထား၍ မည်သူမဆိုလာရောက် လေ့လာကြည့်ရှုနိုင်ပါကြောင်း၊ ရဲချုပ်မှ အလှူငွေပေါင်းစုံ၊ လူတန်းစားမျိုးစုံ ရပ်မိရပ်ဖများနှင့် တစ်လလျှင် တစ်ကြိမ်တွေ့ဆုံသွားရန် မြို့နယ် ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးတို့အား ညွှန်ကြားထားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနများမှ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး Rule of Law နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များ လိုက်နာဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

နိုင်ငံခြားဧည့်သည်များ စက်ဘီးခရီးစဉ်ကို ပိုမိုစိတ်ဝင်စား

မန္တလေး စက်တင်ဘာ ၂၉

မြန်မာနိုင်ငံသို့ ဥရောပနိုင်ငံများမှ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်များသည် ယခင်ကထက် မန္တလေးမြို့နှင့် အနီးဝန်းကျင် စက်ဘီးခရီးစဉ်များကို ပိုမိုစိတ်ဝင်စားလာမှုရှိကြောင်း ဟော်လန်နိုင်ငံ ဆာဝါဒီခရီးသွားလုပ်ငန်းမှ ယခုလာမည့် ပွင့်လင်းရာသီတွင် မန္တလေးမြို့နှင့် အနီးဝန်းကျင် စက်ဘီးခရီးစဉ်များ လာရောက်နိုင်ရန် စီစဉ်ထားရှိမှုများပြားနေကြောင်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တောင်သမန်အင်းပတ်လမ်းတွင် ကမ္ဘာလှည့်ခရီးသည်များနှင့်အတူ စက်ဘီးစီးနေသည့် ဆာဝါဒီခရီးသွားလုပ်ငန်းမှ မစ္စစ်ဘန်ဒါက ပြောကြားသည်။

"ကျွန်မတို့အဖွဲ့မှာ အမျိုးသားလေးဦးနဲ့ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၁ ဦးပါရှိပါတယ်။ အားလုံးနီးပါးက အသက် ၄၀ ကျော်တွေ ဖြစ်ပါတယ်။ မန္တလေးမြို့ကို ရန်ကုန်မြို့မှ လေယာဉ်ဖြင့် စက်တင်ဘာ ၁၈ ရက်က ရောက်ရှိခဲ့ပြီး အဲဒီနေ့မှာပဲ သီပေါမြို့ကို ရောက်ရှိခဲ့ပြီး သီပေါမြို့မှာ နှစ်ညအိပ်ခဲ့ပါတယ်။ ပလောင်ရွာများကို ခြောက်နာရီကြာ ခြေကျင်သွားရောက်လေ့လာခဲ့ပါတယ်။ သီပေါမှ ကျောက်မဲကို လိုင်းကားဖြင့် သွားရောက်ခဲ့ပြီး ကျောက်မဲမှာတစ်ညနဲ့ ရှမ်းရွာမှာ တစ်ညအိပ်ခဲ့ပါတယ်။ ရှမ်းရွာရောက်ရန် ခြောက်နာရီကျော် လမ်းလျှောက်ခဲ့ပြီး ကျောက်မဲမှ ပြင်ဦးလွင်သို့ မီးရထားဖြင့်သွားရောက်၍ လမ်းမှာ နာမည်ကျော် ဂုတ်ထိပ်တံတားကို လေ့လာခဲ့ပါတယ်။ မန္တလေးမြို့ကို စက်တင်ဘာ ၂၄ ရက်မှာ ရောက်ရှိလေ့လာခဲ့ပါတယ်။ စက်တင်ဘာ ၂၅ ရက်မှာ မန္တလေးမှ အင်းဝ၊ အင်းဝမှ စစ်ကိုင်း ခရီးစဉ်တို့ကို စက်ဘီးဖြင့် သွားရောက် ကြည့်ရှုလေ့လာခဲ့ရာ အထူးစိတ်ဝင်စားသူတွေများပါတယ်" ဟု မစ္စစ်ဘန်ဒါက ပြောကြားသည်။

(ဝ၄ဝ)

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများမြှင့်တင်

ပြင်ဦးလွင် စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းသည် ပြင်ဦးလွင်ခရိုင်တရားရုံး၌ ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီး၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ မိုးကုတ်မြို့နယ်တို့မှ မြို့နယ်တရားသူကြီးများ၊ တရားရေးဝန်ထမ်းများအား တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ ရုံးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူအများ ယုံကြည်ကိုးစားသော တရားစီရင်ရေးဖြစ်အောင် ဆောင်ရွက်ရန်၊ အမှုများ စီရင်ဆုံးဖြတ်ရာတွင် လာဘ်ပေး၊ လာဘ်ယူ ကင်းရှင်းရန်၊ အဂတိတရားကင်းရှင်းရန်၊ အမှုလက်ကျန်ကျဆင်းရန်၊ အချုပ်တရားခံ အမှုမှန်မှန်နှင့် မြန်မြန် ပြီးပြတ်စေရန်၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီရင်ဆုံးဖြတ်ကြရန်၊ ပြည်သူကိုအကျိုးပြုသော တရားစီရင်ရေးဖြစ်အောင် ဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

(၁၄၇)

သဘာဝရေလှောင်ကွင်းအတွင်း ငါးမျိုးစိုက်ထည့်

စဉ့်ကူး စက်တင်ဘာ ၂၉

ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးသယံဇာတ ပေါကြွယ်ဝစေရေးတို့အတွက် စဉ့်ကူးမြို့နယ် ငွေတောင်ကျေးရွာအနီး ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသော သဘာဝရေလှောင်ကွင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ ရေလှောင်ကွင်း၌ ကျင်းပကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် ခရိုင်မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး သဘာဝရေလှောင်ကွင်းအတွင်းသို့ ငါးမြစ်ချင်း(ငါးမှုံကြီး) ၁၅ သိန်း၊ ငါးမြစ်ချင်း ငါးသန် ၃၀၀၀၀၊ ငါးခုံးမကြီး ၃၀၀၀၀၊ ရွှေဝါငါးကြင်း ၃၀၀၀၀ နှင့် တီလားပီးယား ၃၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၆၂၀၀၀၀ စုပေါင်းစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

(၄၃၃)

ပျဉ်းမနားမြို့ပေါ်ရှိဈေးများ၌ ဖုန်းဆင်းကတ်များချထားပေး

ပျဉ်းမနား စက်တင်ဘာ ၂၉

ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးတွင် တန်ဖိုးနည်းဖုန်းဆင်းကတ်များကို ဆိုင်ခန်းရှင်များသို့ မဲစနစ်ဖြင့် ချထားပေးခြင်းကို စက်တင်ဘာ ၂၈ ရက်က ကျင်းပရာ အာဟာရသုခဈေးတာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဈေးသူဈေးသားများအား WCDMA ဆင်းကတ် ၆၀ ကို မဲစနစ်ဖြင့် ချထားပေးခဲ့သည်။

ဖုန်းဆင်းကတ် ချထားပေးမှုနှင့် ပတ်သက်၍ အာဟာရသုခဈေးရှိ ကုန်စုံရောင်းချသူတစ်ဦးက "ကျွန်မတို့အနေနဲ့ ယခင်က အော်တိုကြိုးဖုန်း တစ်လုံးရှိပါတယ်၊ အခုလို သက်ဆိုင်ရာက ဈေးဆိုင်ခန်းပိုင်ရှင်တွေကို တတိယအကြိမ် မဲစနစ်ဖြင့် ချထားပေးတာ အခုတစ်ခါမှာ မဲပေါက်လို့ ဖုန်းဆင်းကတ်ကို ငွေကျပ် ၁၅၀၀ နဲ့ ရပါတယ်။ Hand Set ကတော့ ဈေးသင့်တာဝယ်သုံးလို့ ရပါတယ်၊ အခုလို တန်ဖိုးနည်းဖုန်း ချထားပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ရှင်းပြသည်။

ထို့အတူ ပျဉ်းမနားမြို့အမှတ်(၁) မြို့မဈေးတွင် ဂျီအက်စ်အမ် ဆင်းကတ် ၉၆ ကတ်ကို လည်းကောင်း၊ ယုဇနဈေးတွင် ဂျီအက်စ်အမ် ဆင်းကတ် ၃၀ ကို လည်းကောင်း၊ နေပြည်တော် သပြေကုန်းဈေး၌ WC-DMA ဆင်းကတ် ၅၀ တို့ကို မဲစနစ်ဖြင့်ချထားပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးသတင်းတိုကောက်နုတ်ချက်

မန္တလေး စက်တင်ဘာ ၂၉

✤ ပြည်ကြီးတံခွန်မြို့နယ် သာယာဝတီမင်းကြီးလမ်း ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ၅၈ လမ်းကြားတစ်လျှောက် လမ်းမီးထွန်းခြင်းလုပ်ငန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည်။

✤ ပုသိမ်ကြီးမြို့နယ် ဇီးချိုကုန်းကျေးရွာနှင့် ဆင်ရွာကြီးကျေးရွာ ဆက်သွယ်သောလမ်းသည် အရှည်(၁/၇)မိုင်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် (၀/၅)မိုင်အား ကျောက်ချောလမ်းဆောင်ရွက်ခဲ့ပြီးဖြစ်၍ ဆောင်ရွက်ရန်လမ်းအရှည်(၁/၂)မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၈ လက်မ ကျောက်ချောခင်းရန်အတွက် ငွေကျပ် ၄၄ ဒသမ ၄၂ သန်းနှင့် လမ်းပေါ်တွင် အရှည် ၁၈ ပေ၊ အကျယ် ၅ ပေ၊ အနက် ၅ ပေ မြောင်းကူးကွန်ကရစ်တံတားနှစ်စင်းအတွက် ငွေကျပ် ၄ သန်း စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၄၈ ဒသမ ၄၂ သန်းဖြင့် ဦးစားပေးဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်။

✤ဝမ်းတွင်းမြို့နယ် ပဲနံ့သာကျေးရွာအုပ်စု ကံကြီးကျေးရွာမှ ဘုရားဖြူ-ရွှေပေါ်ကျွန်းလမ်းမကြီးသို့ဆက်သွယ်သည့် လမ်းအရှည်ပေ ၆၆၀၀အား အကျယ်ပေ ၂၀၊ အမြင့် ၂ ပေ မြေသားလမ်းဖောက်လုပ်ရန်အတွက် ငွေကျပ် ၉ ဒသမ ၉၆ သန်းနှင့် ပေ (၁၀၀ × ၂၀) ရေကျော်တစ်စင်းအတွက် ငွေကျပ် ၁၀ သန်း စုစုပေါင်း ခန့်မှန်းငွေကျပ် ၁၉ ဒသမ ၉၆ သန်းဖြင့် ဦးစားပေးဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်။

✤ ကျောက်ပန်းတောင်း-ကန်ပေါက်လမ်း အရှည် (၆/၀)မိုင် မြေသားလမ်းကြမ်းအား အောက်ခံမြေသားတာပေါင်တင်ပြီး အကျယ် ၁၂ ပေ၊ ထု ၈ လက်မ ကျောက်ချောခင်းခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၄၈ ဒသမ ၈၀ သန်းဖြင့် နှစ်အလိုက်အပိုင်းခွဲ၍ စီစဉ်ဆောင်ရွက်ပေးသွားနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်။

✤ မြို့သာ-မြင်းခြံလမ်းမှ ဖြူတွင်းကျေးရွာသွားလမ်း အရှည်(၁/၅)မိုင်၊ မြို့သာ-မြင်းခြံလမ်းမှ ထန်းတပင်ရွာသွားလမ်း အရှည်(၁/၆)မိုင်၊ မြို့သာ- မြင်းခြံလမ်းမှ အောက်ရိုး-အိုင်သာ-တောင်ကုန်း-ထန်းချောင်းကျေးရွာချင်းဆက် လမ်းအရှည်(၄/၀)မိုင်၊ မြို့သာ အနောက်ရွာ-လက်ပံကားလျား-ကျင်းသာ-ပျဉ်းလှတော ကျေးရွာချင်းဆက်လမ်း အရှည်(၈/၂)မိုင်နှင့် ရွာသစ်-ဂွန်းကံ-ဝါးရုံချောင်း ကျေးရွာချင်းဆက်လမ်း အရှည်(၂/၅)မိုင်၊ ကျေးရွာချင်းဆက်လမ်းငါးလမ်း စုစုပေါင်း အရှည် (၁၈/၂)မိုင်၊ အကျယ်ပေ ၂၀ အမာခံမြေသားလမ်းဖောက်လုပ်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၈၀ ဒသမ ၇၅ သန်းဖြင့် လမ်းတစ်လမ်းချင်းကို နှစ်အလိုက်ဦးစားပေးဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်။

ဒီစီအီး(မန္တလေး)

အပူပိုင်းဒေသ
စိမ်းစိုဖို့
သစ်တော
သစ်ပင်တွေ
ထိန်းသိမ်းစို့

ပြည်တွင်းသတင်း

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း အထက်မြန်မာပြည်ရုံးဖွင့်

မန္တလေး စက်တင်ဘာ ၂၉

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် (International Kanbawza Insurance Co., Ltd.)၏ အထက်မြန်မာပြည်ရုံးချုပ်ဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက်က ချမ်းအေးသာစံမြို့နယ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ ပုဂ္ဂလိကအာမခံလုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးမင်းသိန်း၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် အထက်မြန်မာပြည်ရုံးချုပ်တာဝန်ခံ ဦးဝင်းဦးတို့က အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် အထက်မြန်မာပြည် ရုံးချုပ် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်တင်ဘာ ၂၄ ရက်က ဖွင့်လှစ်သော အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် အထက်မြန်မာပြည် ရုံးချုပ်သည် အထက်မြန်မာပြည်တွင် ရှိသော ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သော အာမခံ အကာအကွယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အနီးကပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်မှုကိုခံယူပြီး နိုင်ငံတကာအဆင့်မီသော အာမခံဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်တိုးတက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က ပြောကြားသည်။ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း ကုမ္ပဏီလီမိတက်သည် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူ့ပြည်သား အသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ မြွေအန္တရာယ်အာမခံ၊ အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံနှင့် သမာဓိအာမခံတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန္တလေးကိုယ်ပွား)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း ၂၉-၉-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၆၅၀၀-၆၅၅၅၀၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၆၅၀၀-၆၅၅၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉-၉၇၆	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၃-၁၃၂၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၉-၇၇၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၁-၃၁.၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၅၅	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၆-၃၀၁	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၅၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၅၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၇၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဆီးဂိမ်းပြိုင်ပွဲ၌ ယာဉ်ကြောပိတ်ဆို့မှုကင်းစင်ရေး ယာဉ်ထိန်းရဲတစ်ထောင်ကျော်ချထားမည်

ရန်ကုန် စက်တင်ဘာ ၂၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ခြင်းကြောင့် သက်ဆိုင်ရာတို့က အသီးသီးပြင်ဆင်လျက်ရှိပြီး မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့မှလည်း ယာဉ်ထိန်းရဲ အင်အား ၁၀၀၀ ကျော်အသုံးပြုကာ ဆီးဂိမ်းကျင်းပရာမြို့များအတွင်း ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ သွားလာမှု အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အားကစားသမားတွေ သွားလာမှုလမ်းကြောင်း၊ လာရောက်အားပေးမယ့် ပရိသတ်တွေ သွားလာမှုလွယ်ကူစေရေးနဲ့ တာဝန်ရှိသူတွေအားလုံး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ဖို့အတွက် ကျင်းပတဲ့မြို့တိုင်းမှာ ယာဉ်ကြောပိတ်ဆို့မှုမရှိအောင် ဂရုပြုလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ယာဉ် ထိန်းရဲတွေကို စနစ်တကျ သင်ကြား လေ့ကျင့်ပေးထားပြီး စုစုပေါင်း အင်အား ၁၀၀၀ ကျော် အသုံးပြုသွားမယ်" ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်ထွေးက ပြောကြားသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်၊ ငွေဆောင်တို့၌ ကျင်းပမည်ဖြစ်ပြီး နေပြည်တော်၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အင်အား ၂၀၀ ခန့်၊ မန္တလေး၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အား ၂၆၀၊ ရန်ကုန်၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အား ၆၀၀ ခန့်၊ ပုသိမ်နှင့် ငွေဆောင်၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အား ၅၀ ခန့်ဖြင့် ဆီးဂိမ်းကာလ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် သွားလာရေးလွယ်ကူမှုရှိစေရန် ဆောင်ရွက်ပေးမည်ဖြစ်သည်။ **သွန်းဝသန်**

တအုပ်တပေလူ့မိတ်ဆွေ

အောက်တိုဘာလပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၁-၅)ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာလ(၆-၁၀) ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့်မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၀ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁၃ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ကြိမ်ခန့်နှင့် ဒုဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ပြီး ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြို့၊ ပဲခူးမြို့၊ ရွှေကျင်မြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ဖြူးမြို့နယ်၊ ညောင်ပင်သာဘူတာ အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေမီလွင်၏ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းလွင် ၇/ဖမန(နိုင်)ဝ၄၇၃၆၁ ဖြစ်ပါသည်။ **ဦးအောင်ဆန်းလွင်**



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ခ/၁၉၉၊ ဧရိယာ (၂၅×၅၀)ပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ အောင်မေတ္တာအထက်လမ်း၊ အမှတ် ၃၀၉ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးဇော်ဝင်းအောင် ၁၂/သကတ(နိုင်)၁၃၄၀၂၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)

LL.B, D.B.L,D.M.L, D.I.L,D.L.P WIPO(Switzerland)

ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)

B.Sc, Hon(IC), H.G.P,R.L, D.B.L

တရားလွှတ်တော်ရှေ့နေများ

အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

၁၉၈၅ ခုနှစ် သစ်တော(သိပ္ပံ)ဘွဲ့ရ ချစ်သူငယ်ချင်းအပေါင်းတို့

ဒို့ရဲ့ ပထမအကြိမ် ဆရာကန်တော့ပွဲကို ၂၇-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)မှာ တက္ကသိုလ်ရိပ်သာလမ်း (Crystal Jade) ဟိုတယ်မှာ ကျင်းပမှာ ဖြစ်ပါတယ်။

အားလုံးစုံစုံညီညီနဲ့ ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအတွက် အောက်ပါအတိုင်း ကြိုတင်ဆက်သွယ်ကြပါရန် နှိုးဆော်အပ်ပါတယ်။

ဆက်သွယ်ရန် - ဦးစောဂျွန်ရွှေဘ(DGM) ဖုန်း-၀၉-၈၅၆၈၃၅၅
ဦးသိန်းရွှေ (AD) ဖုန်း-၀၉-၄၂၂၄၅၈၁၇၉
ဦးတက်တိုး (AD) ဖုန်း-၀၉-၈၅၅၂၂၂၀

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၂၂၊ မြေကွက်တည် နေရာအမှတ် ၂၂၊ အနော်မာလမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဦးမောင်တင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည် ပေါက် ဦးမောင်တင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ချို ၁၂/သကတ(နိုင်)၁၃၄၁၃၆ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် ဉ-၇၄၈၈ မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးအောင်ငြိမ်း အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးအောင်ငြိမ်းက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်ဦးကျော်ကျော်ဝင်းက ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ကန့်ကွက်လိုပါက ယနေ့မှစ၍၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးကျော်ကျော်ဝင်း ၁၂/လမတ(နိုင်)၀၂၁၀၉၂ ရပ်ကွက်(၃)၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ ရန်ကုန်**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ် ဉ-၇၂၃၉ မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးကြည်ဆောင် အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူဦးကြည်ဆောင်က အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်ဦးကျော်ကျော်ဝင်းမှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါကရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးကျော်ကျော်ဝင်း၁၂/လမတ(နိုင်)၀၂၁၀၉၂ ရပ်ကွက် (၃)၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ ရန်ကုန်**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် ဉ-၇၅၀၂ မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်စောရင် အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်စောရင်က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်ဦးကျော်ကျော်ဝင်းမှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးကျော်ကျော်ဝင်း ၁၂/လမတ(နိုင်)၀၂၁၀၉၂ ရပ်ကွက် (၃)၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ ရန်ကုန်**

ရက်ပေါင်း ၇၁ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များအား အသင့်ဖြစ်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ဟိုတယ်ဇုန်ရှိ ဟိုတယ် အထွေထွေမန်နေဂျာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး **(အပေါ်ပုံ)** (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်တို့၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပချိန်တွင် နေပြည်တော်၌ ဟိုတယ် ၅၃ လုံးနှင့် အခန်းပေါင်း ၄၁၄၅ ခန်း အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ နေပြည်တော်သို့ လာရောက်မည့် အားကစားသမားများ နေထိုင်စားသောက်ရေးအတွက် အားကစားရွာ စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့ဟိုတယ် ဝန်ထမ်းများ၏ ဧည့်ဝတ်ကျေပွန်ရေးနှင့် ဝန်ဆောင်မှုအရည်အသွေး မြင့်မားစေရေးတို့ကို ယခုကပင် မပြတ် လေ့ကျင့်သွားကြရမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုတယ်အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဟိုတယ်အလိုက် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မီးရှူးတိုင်ကို နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများက လေ့ကျင့်သယ်ဆောင်ခြင်းကို ယနေ့ နေ့လယ်ပိုင်းက ကျင်းပခဲ့သည်။

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဆီးဂိမ်းမီးရှူးတိုင် လေ့ကျင့်သယ်ဆောင်

မီးရှူးတိုင်ကို နေပြည်တော်ရှိ မြို့တော်ခန်းမမှ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအထိ ခေတ်အဆက်ဆက် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားနည်းမျိုးစုံမှ အားကစားသမား ၇၈ ဦးတို့က လက်ဆင့်ကမ်း သယ်ဆောင်လေ့ကျင့်ခဲ့ကြသည်။

စိုးညွန့်

ဆီးဂိမ်းအမီ မော်တော်ယာဉ်ပြေးဆွဲပေးနိုင်ရေး မန္တလေး၌ ဆောင်ရွက်

မန္တလေး စက်တင်ဘာ ၂၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံရှိ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်နှင့် ချောင်းသာတို့တွင် ကျင်းပသွားမည်ဖြစ်ရာ မန္တလေးမြို့မှ မန္တလေး မန္တလာသီရိ အဆင့်မြင့် နိုင်ငံတကာ အားကစားကွင်းသို့ သွားလာနိုင်ရန် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြိုတင်စီမံ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ နိုင်ငံတကာ အဆင့်မြင့် အားကစားကွင်းအနီးတွင် စင်းလုံးငှားကုမ္ပဏီများမှ Taxi မော်တော်ယာဉ်ဂိတ်များ၊ မြို့တွင်းယာဉ်လိုင်းများနှင့် ၎င်းတို့၏ ခရီးစဉ်နှုန်းထားများနှင့် မန္တလေး-နေပြည်တော် ပြေးဆွဲမည့်ယာဉ်အသင်းများကို ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီးနှင့် ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီတို့က စီစဉ်ထားခြင်းဖြစ်သည်ဟု သိရသည်။

သတ်မှတ်ပေးထား

မန္တလေး-နေပြည်တော် ပြေးဆွဲပေးမည့် ယာဉ်အသင်း(၁၁)သင်းရှိပြီး လက်ရှိပြေးဆွဲနေသော ယာဉ်ပေါင်း ၂၇ စီးမှ ၄၈ စီးအထိ ပိုမိုပြေးဆွဲသွားမည်ဖြစ်ပြီး မြို့တွင်းယာဉ်အသင်း ၂၅ သင်းမှ ယာဉ် ၉၄ စီးတို့ ပြေးဆွဲပေးရာတွင် ခရီးစဉ် နှုန်းထားမှာ ၂၀၀ ကျပ်ဖြစ်၍ ပုသိမ်ကြီးမှ ဟုန်းချောသို့ ပြေးဆွဲနေသော အမှတ်(၁၁)နှင့် အမှတ်(၂၇) ယာဉ် အသင်းသည် ခရီးစဉ်နှုန်းထား ၃၀၀ ကျပ် သတ်မှတ်ပေးထားကြောင်း သိရသည်။

ယာဉ်ကြောပိတ်ဆို့မှု

မန္တလေး မန္တလာသီရိ နိုင်ငံတကာ အဆင့်မြင့်အားကစားကွင်း၌(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲစဉ် ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်၍ ကွင်း၏ပတ်ဝန်းကျင်တွင် ကိုယ်ပိုင်ယာဉ်များ ရပ်နားရန် စီစဉ်ထားရှိမည့်အပြင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက အချိန်ပြည့် ယာဉ်လမ်းကြောင်း ရှင်းလင်းပေးသွားမည်ဟု သိရသည်။

တင်မောင်(မန္တလေး)

အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ မြန်မာနှင့် ဗီယက်နမ် ယှဉ်ပြိုင်စဉ်။

လူကုန်ကူးမှု တိုက်ဖျက်ရေး တို့တွေပါဝင် ကူညီပေး

✱ ကျောဖုံးမှ

ကျင်းပသည့် အမျိုးသားအုပ်စုပွဲတွင် ထိုင်းအသင်းက မြန်မာ(ခ)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ မလေးရှားအသင်းက မြန်မာ(က) အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှားနိုင်ငံတို့ပါဝင်ကြပြီး အမျိုးသားပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ(က)၊ မြန်မာ(ခ)၊ ထိုင်း၊ မလေးရှား၊ အမျိုးသမီးပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှားတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်

တန့်ကြည့်တောင် ရန်အောင်ချမ်းသာ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမဗုဒ္ဓိအရှင်သူမြတ်ကြီး၏ သက်တော် (၇၈)နှစ်ပြည့်

မွေးနေ့မင်္ဂလာအခါတော်

(၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁ရက်) ၅-၁၀-၂၀၁၃ရက် (စနေနေ့)

(၁၃၇၅ခုနှစ် တော်သလင်းလကွယ်နေ့) ၄-၁၀-၂၀၁၃ရက် မွေးနေ့အကြို အခမ်းအနားအစီအစဉ် မန္တလေးမြန်မာ့ရိုးရာ အမျိုးသား/သမီး ခြင်းအလှခတ်၊ ဝိုင်းလည်ခတ်တို့ဖြင့် ဖျော်ဖြေပါမည်။ မန္တလေးပါဝါ ချောတိုင်တက်အဖွဲ့စွမ်းရည်ပြ ဖျော်ဖြေပါမည်။

ဒေသခံအမျိုးသား (၅)ယောက်တစ်ဖွဲ့ဝင်ကြေး ကျပ်(၂၀၀၀)ပေးသွင်း၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ အောင်နိုင်သည့်အဖွဲ့ ဆုငွေ ကျပ်(၅၀၀၀၀) ချီးမြှင့်မည်။

စက်ဘီးစီးပြိုင်ပွဲကြီး

ပခုက္ကူ-ဆိပ်ဖြူလမ်း၊ မိုင်တိုင် ၃၆၊ နယ်ခြားဆိုင်းဘုတ်မှ တန့်ကြည့်တောင်ဘုရားအထိ အမျိုးသား/သမီး ကျန်းမာရေးကောင်းသူတိုင်း ဝင်ကြေး (၅၀၀ဝိ/-)ပေးသွင်း၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ မိမိကြိုက်နှစ်သက်ရာ စက်ဘီးနှင့်ဆိုင်ကယ်ဦးထုပ်ဆောင်း၍ ယှဉ်ပြိုင်ရမည်။ အချိန် မွန်းလွဲ ၁း၀၀နာရီ

တန့်ကြည့်တောင် တာဝေး အပြေးပြိုင်ပွဲကြီး

တန့်ကြည့်တောင်ဒေသ၊ မြို့စိုးအုပ်စုနှင့် ဆီကျွဲဝအုပ်စုအတွင်းရှိ အမျိုးသား/သမီး ကျန်းမာရေးကောင်းသူတိုင်း ဝင်ကြေး ကျပ်(၁၀၀၀)ပေးသွင်း၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်က ပထမရရှိသူများ ပါဝင်ခွင့်မရှိပါ။ ဖိနစ်စီး၍ ပါဝင်ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲကျင်းပမည့်အချိန်၊ နေရာနှင့် အကွာအဝေး၊ နံနက် ၈နာရီ၊ အမျိုးသမီး (၄)မိုင်၊ နံနက် ၉နာရီ အမျိုးသား (၆)မိုင်၊ တန့်ကြည့်တောင် တောင်တက်ကားလမ်း

စက်ဘီးစီးနှင့် တာဝေးအပြေးပြိုင်ပွဲများအတွက် (ပထမဆု ကျပ် တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်း၊ ဖွဲ့ဆု၊ နှစ်သိမ့်ဆုများ) ချီးမြှင့်ပေးမည်။

ဧည့်ခံကျွေးမွေးမည့်အစီအစဉ်-နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ထမင်းအပါအဝင် အာဟာရဒါန စားသောက်ဖွယ်မျိုးစုံတို့ဖြင့် ဧည့်ခံကျွေးမွေးပါမည်။

မဖိတ်မွေးနေ့၊ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မည်သူမဆို လာရောက်သုံးဆောင်နိုင်ပါသည်။

ည ၇း၀၀နာရီ ဆီမီးကိုးထောင်၊ ပန်းကိုးထောင်၊ သစ်သီးကိုးထောင်တို့ဖြင့် တန့်ကြည့်တောင်စွယ်တော်ရှင်ဘုရားကြီးအား ကပ်လှူပူဇော်ပါမည်။

(၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁ရက်) နံနက် ၇နာရီတွင် တန့်ကြည့်တောင်ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ပူဇော်ပြီး ရေစက်သွန်းချအမျှပေးဝေပါမည်။

မွေးနေ့ကျင်းပရေးအဖွဲ့၊ တန့်ကြည့်တောင်

ပျောက်ဆုံးကြောင်း

ကျွန်မ အေးအေးနိုင်၏ Passport No.MA-၁၀၃၈၉၃ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက **ဖုန်း-၀၉-၃၆၀၄၆၀၀၅** သို့ ဆက်သွယ်ပေးပါရန်။

ဖခင်အမည်မှန်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၂၂)၊ တက္ကသိုလ်ဝင်တန်းမှ မောင်တင်ဇော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင်ဖြစ်ပါသည်။

ဦးဇော်လွင်

မီး သတိပြု

နိုင်ငံတကာအားကစားသတင်း

ဥရောပထိပ်တန်းလိဂ်များ ကစားမည့်ပွဲစဉ်များ

သီဟ

ပရီမီယာလိဂ် ပွဲစဉ်(၆)		**အောက်တိုဘာ ၁ ရက်**
အဲဗာတန်	- နယူးကာဆယ်	နံနက် ၁း၃၀ (ယခင်နှစ် ၂-၂)
အီတလီစီးရီးအေ ပွဲစဉ်(၆)		**အောက်တိုဘာ ၁ ရက်**
ဖီအိုရင်တီးနား	- ပါးမား	နံနက် ၁း၁၅ (ယခင်နှစ် ၂-၀)
စပိန်လာလီဂါ ပွဲစဉ်(၇)		**အောက်တိုဘာ ၁ ရက်**
ဂရန်နာဒါ	- **ဘီလ်ဘာအို**	နံနက် ၂း၃၀ (ယခင်နှစ် ၁-၂)

စက်တင်ဘာ ၂၈/၂၉ ဘောလုံးပွဲရလဒ်များ

ဆွမ်ဆီး	၁-၂	အာဆင်နယ်
ဖရန့်ဖတ်	၂-၂	ဟမ်းဘတ်
ဂျီနိုအာ	၀-၂	နာပိုလီ
အေစီမီလန်	၁-၀	ဆမ်ဒိုးရီးယား
အဲလ်မာရီးယား	၀-၂	ဘာစီလိုနာ
ဆိုစီဒက်	၁-၁	ဆီဗီလာ
ရီးရဲမက်ဒရစ်	၀-၁	အက်သလက်တီကို
ပီအက်စ်ဂျီ	၂-၀	တူးလောက်
အီဗီယန်	၁-၁	ဘော်ဒိုး
လိုင်ယွန်	၀-၀	လိုင်လီ
နိုက်	၁-၀	ဂူအင်ဂမ့်
စိန့်အက်တီယန်	၂-၂	ဘတ်စတီယာ
ဆိုးချော့	၂-၀	ဗလင်စီနက်
ရန်းနက်စ်	၁-၃	နန့်တက်စ်
ဝါဒါဘရီမင်	၃-၃	နူရင်ဘတ်
အိုဆာဆူနာ	၀-၁	လီဗန်တေး
တိုရီနို	၀-၁	ဂျူဗင်တပ်စ်
အတ္တလန္တာ	၂-၀	အူဒီးနီးစ်
ကက်ဂလီယာရီ	၁-၁	အင်တာမီလန်
ကာတာနီးယား	၂-၀	ချီယေဗို
ဗီရိုနာ	၂-၁	လီဇော်နို
ဆက်ဆူအိုလို	၂-၂	လာဇီယို

မိုယက်စ် မန်ယူနဲ့ ခရီးကြမ်းဖြတ်သန်းမှု

မိုးမြင့်လင်းလက်

ဒီနှစ်ဘောလုံးရာသီမှာ ဆိုးရွားတဲ့ရလဒ်တွေနဲ့အတူ ဖြတ်သန်းနေတဲ့ မန်ယူကို ပရိသတ်တွေသံသယဝင်နေကြပြီဖြစ်ပါတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာ ခြောက်ပွဲကစား၊ သုံးပွဲရှုံးရလဒ်ဟာ ပရိသတ်တွေအတွက် စိတ်ပျက်စရာဖြစ်စေခဲ့ပါပြီ။ ဖာဂူဆန်ရဲ့ မန်ယူခေတ်ကို လွမ်းစိတ်ဖြစ်တဲ့သူတွေကို အပြစ်ပြောဖို့စောသေးပေမယ့် ဖြစ်တန်ရာလို့ သုံးသပ်ရမလိုဖြစ်နေတာတော့အမှန်ပါပဲ။

နှစ်ပေါင်း ၂၆ နှစ်အတွင်းမှာ မန်ယူကို အောင်မြင်မှုတွေ ရယူပေးခဲ့တဲ့ ဖာဂူဆန်နဲ့ထပ်တူ ပမာမပြုလိုပေမယ့် နည်းပြသစ်မိုယက်စ်ရဲ့ စီမံမှုအပေါ် သံသယဝင်စရာတော့ ဖြစ်စပြုနေပြီဖြစ်ပါတယ်။ မိုယက်စ်ဟာ ဒီနှစ်ဘောလုံးရာသီမှာ မန်ယူကို ကိုင်တွယ်ခဲ့ရာမှာ လီဗာပူးကို တစ်ဂိုး-ဂိုးမရှိ၊ မန်စီးတီးကို လေးဂိုး-တစ်ဂိုး၊ ဝက်စ်ဘရွန်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲတွေရခဲ့တာမို့ ဆိုးရွားတဲ့ရလဒ်တွေကို ပိုက်ထွေးနေရပြီဖြစ်ပါတယ်။

ပရီမီယာလိဂ်ခြောက်ပွဲကစားပြီးချိန်မှာ တန်းစီဇယားအဆင့် ၁၂ ကို ကျဆင်းသွားတဲ့ မန်ယူကို ပရိသတ်တွေ မချိတင်ကဲငေးကြည့်နေရုံကလွဲပြီး ဘာမှမတတ်နိုင်ပါဘူး၊ မိုယက်စ်အပေါ်အားမလိုအားမရတွေ၊ မန်ယူကစားသမားတွေရဲ့ နိုင်လိုစိတ်ဆူဝေမှုမရှိတဲ့ အနေအထားတွေဟာ တကယ့်ကို စိတ်ပျက်လက်ပျက်ဖြစ်စေတဲ့ အခြေအနေတွေပါပဲ။

မန်ယူရဲ့ တိုက်စစ်စုဖွဲ့မှုအပိုင်းမှာ ရွှန်းနေ၊ ဗန်ပါစီ၊ ဟာနန်ဒက်စ်နဲ့ ဝဲလ်ဘတ်စတဲ့ တိုက်စစ်မှူးတွေဟာ မန်ယူရဲ့ အောင်မြင်မှုအတွက် လုံလောက်တဲ့ အင်အားလို့ ထင်မှတ်ရင် လက်ခံရမယ့် အနေအထားရှိပါတယ်။ ဒါပေမယ့် ပြိုင်ဘက်ရဲ့အနေအထားနဲ့ ကစားအားကိုကြည့်ပြီး ကစားသမားခင်းကျင်းမှု၊ ကစားသမားတွေရဲ့ အောင်ပွဲဝင်စိတ်ဓာတ် မြှင့်တင်ပေးနိုင်မှုအပိုင်းနဲ့ တကယ်တမ်းလိုအပ်တဲ့ ကစားသမားဖြည့်ဆည်းမှုအပိုင်းတွေမှာတော့ မိုယက်စ်ဟာ လိုအပ်ချက်ရှိနေတာတော့ အမှန်ပါပဲ။

မန်ယူဟာ ရာသီအစပိုင်းတွေမှာ ရုန်းကန်မှုတွေရှိနေတတ်ပြီး ရလဒ်ပိုင်း မတည်ငြိမ်မှုတွေ ရှိနေတတ်ပေမယ့် မိမိကွင်း မိမိပရိသတ်ရှေ့မှာ ဝက်စ်ဘရွန်းလိုအသင်းကို ရှုံးပွဲကြုံတွေ့ရတာဟာ ပရိသတ်တွေအတွက် ခံပြင်းစရာကောင်းနေပါတယ်။ ဒါဟာ မန်ယူအတွက်လိုအပ်ချက်တွေ၊ ပြုပြင်မှုတွေ ပြုလုပ်သင့်တယ်ဆိုတာ မီးမောင်းထိုးပြနေသလိုပါပဲ။

မန်ယူရဲ့ ယိုယွင်းမှုဟာ ပြိုင်ဘက်တွေကို စိတ်ဓာတ်မြှင့်တင်ပေးရာရောက်စေပြီး မန်ယူရဲ့အရှိန်အဝါကို အလေးထားစရာမလိုတဲ့ စိတ်အင်အားတွေဖြစ်ပေါ်စေတာမို့ နည်းပြမိုယက်စ်ဟာ အဲဒီအချက်ကို အမြန်ဆုံးချေဖျက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ မန်ယူရဲ့လက်ရှိအနေအထားက နောက်ထပ်တစ်ပွဲရှုံးရင် တန်းဆင်းဇုန်နားအထိ ရစ်ဝဲသွားနိုင်တဲ့အနေအထားရှိတာမို့ နည်းပြမိုယက်စ်အတွက် ကြိုးတန်းပေါ် လမ်းလျှောက်နေရတဲ့ အခြေအနေဖြစ်နေပြီဖြစ်ပါတယ်။

ရင်လေးစရာ

မန်ယူအတွက် လက်ရှိအနေအထားဟာ အချက်ပေးခေါင်းလောင်းသံအဖြစ် ယူဆရမှာဖြစ်ပြီး စိတ်ဓာတ်မြှင့်တင်မှု၊ ဗျူဟာပြောင်းလဲမှု၊ လိုအပ်တဲ့ ကစားသမားတွေ ဖြည့်ဆည်းမှု မပြုလုပ်ခဲ့ရင်တော့ ဆိုးရွားတဲ့ကာလကို ဖြတ်သန်းပြီး လက်ရှိပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်ဖို့ဆိုတာ ရင်လေးစရာပါပဲ။

ဒေါ့မွန်နှင့် ဘိုင်ယန်ရှုံးပွဲမရှိ

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်များကို စက်တင်ဘာ ၂၈ ရက်က ကျင်းပရာ ဒေါ့မွန်နှင့် ဘိုင်ယန်မြူးနစ်တို့သည် ယခုနှစ်ရာသီအတွင်း ရှုံးပွဲမရှိ ဆက်လက်အောင်ပွဲခံလျက်ရှိသည်။ ဒေါ့မွန်က ဖရိုင်းဘတ်ကို ငါးဂိုးပြတ်ဖြင့်နိုင်ပြီး ဇယားထိပ်ဆုံးရောက်လာသည်။ ဘိုင်ယန်မြူးနစ်က ဝုဖ်ဘတ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ခုနစ်ပွဲတွင် ၁၉ မှတ် ရရှိထားသည်။

နာပိုလီထိပ်ဆုံးရောက်

အီတလီစီးရီးအေပြိုင်ပွဲများကို စက်တင်ဘာ ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဂျီနိုအာကို ဂေါ်ဒန်ပန်ဒွေဖ်၏ ဂိုးများဖြင့် နာပိုလီတို့နိုင်ပြီး ဇယားထိပ်ရောက်လာသည်။ မက်ဆီဒိုးနီးယား တိုက်စစ်မှူးပန်ဒွေဖ်က ပွဲစပြီး ၁၄ မိနစ်အကြာတွင် တစ်ဂိုးသွင်းယူခဲ့သည်။ လော်ရင်ဇို၏ မတင်ဘောမှတစ်ဆင့် ပန်ဒွေဖ် တစ်ဂိုးထပ်မံ သွင်းယူပေးခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

နော့ဝှစ်တို့ စတုတ်ကို အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၆) အဖြစ် စတုတ်အိမ်ကွင်း၌ သွားရောက်ကစားသော နော့ဝှစ်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ စတုတ်အသင်းအတွက် ဂိုးကို ပထမပိုင်း ၃၄မိနစ်တွင် ဂျိုနသန်ဟော်ဆင်က သွင်းယူပေးသည်။ အဆိုပါဂိုးကို ချေပနိုင်ရေးအတွက် အိမ်ရှင်စတုတ်တို့ ကြိုးစားသော်လည်း ပွဲပြီးသည်အထိ မချေပနိုင်သဖြင့် နော့ဝှစ်ကို အရှုံးပေးခဲ့ရသည်။

Shwe Mine Yoon Travels & Tours Company Limited
ရွှေမိုင်းယွန်းခရီးသွားလာရေး ကုမ္ပဏီလီမိတက်
V.VIP - 200000 Ks
VIP - 140000 Ks. FIRST CLASS - 80000 Ks
Oct 18, Nov 8,15
(5 Days & 4 Nights)

မောင်ရဲရင့်မိုးအတွက် မွေးနေ့ဆုတောင်း

ဖေဖေဒုတိယဗိုလ်မှူးကြီးခင်ဇော်မိုး-မေမေဒေါ်ဆွေဆွေဦးတို့၏သားလေး၊ မမဆွေမြတ်နိုးစံ၏မောင်၊ **မောင်ရဲရင့်မိုး**၏ ၃၀-၉-၂၀၁၃ရက်တွင်ကျရောက်သော (၄)နှစ်မြောက်မွေးနေ့မှသည်

"ရဲ"ဆိုတဲ့ သူရဂုဏ်သတ္တိနှင့်အတူ
"ရင့်"ကျက်တဲ့ အတွေးအခေါ်များနှင့်
"မိုး"ယံထက်မှာ၊ တင့်တယ်စွာဖြင့်

ဘာသာ၊ သာသနာအကျိုး သယ်ပိုး၍ အလိုရှိတိုင်း ပြည့်စေသော်…

သားသားကိုချစ်တဲ့ အန်တီများ
(ဌေး၊ သီ၊ ချို၊ ဥမ္မာ၊ လွင်၊ မိုး၊ လဲ့)

ဆရာဒွေး
အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ဇဝနသီဒ္ဓိရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် ဥ-၇၄၈၆ ၄င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးပွား အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူဦးပွားက အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်ဦးကျော်ကျော်ဝင်းမှ ငွေပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ကျော်ဝင်း ၁၂/လမတ(နိုင်)၀၂၁၀၉၂
ရပ်ကွက် (၃)၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ ရန်ကုန်

ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်မြို့၊ မြို့ကွက်သစ်အပိုင်း(င)၊ ဆန်ဆိုင်း(ခ)၊ မြို့မရပ်၊ ဦးပိုင်အမှတ် ၂၆၄အား မူလပိုင်ရှင် ဦးဘိုသိန်း(ခ)တောင်တွင်းဘိုသိန်း ၁၃/ကတန(နိုင်)၀၀၄၀၀၈ ထံမှ တရားဝင်စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဦးစိုင်းခွန်ထွန်းဝန်း (ဘ)ဦးနော်အောင် ၁၃/ကတန(နိုင်)၁၁၅၈၀၈ က ပိုင်ရှင်အမည်ပြောင်း၍ မြေစာရင်းပုံစံ(၁၀၅) ရေးကူးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးစိုင်းခွန်ထွန်းဝန်း ၁၃/ကတန(နိုင်)၁၁၅၈၀၈
အမှတ် ၃၊ တာချီလိတ်လမ်း၊ ဖုန်း-၀၉-၅၂၅၁၆၅၆

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသီဒ္ဓိရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရမြောက်ရပ်၊ မြေကွက်အမှတ် ဥ-၇၄၄၈ မြေကွက်နှင့်၄င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမောင်သိန်းအမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူဦးမောင်သိန်းက အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်ဦးကျော်ကျော်ဝင်းမှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ကျော်ဝင်း ၁၂/လမတ(နိုင်)၀၂၁၀၉၂
ရပ်ကွက် (၃)၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ ရန်ကုန်

၁၃-၉-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ One Lion King Trading Co.,Ltd. ၏ ဒါရိုက်တာဖြစ်သူ ဦးတင်ဇော်၏ အသိပေးရှင်းလင်းဖြေရှင်းခြင်းအပေါ် ပြန်လည်အသိပေးရှင်းလင်းခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ တောင်ကြယ်ခက်ဝင်း၊ ၈၅ လမ်း၊ (၃၄/၃၅)လမ်းကြား၊ အမှတ်(၉/က)နေ ဦးအောင်အောင် ၉/မနတ(နိုင်)၀၉၈၁၁၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၃-၉-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ One Lion King Trading Co.,Ltd. ၏ ဒါရိုက်တာဖြစ်သူ ဦးတင်ဇော်၏ အသိပေးရှင်းလင်းဖြေရှင်းခြင်းအပေါ် ပြန်လည်အသိပေးရှင်းလင်းအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးအောင်အောင်သည် San-A ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၈၆၀၀/၂၀၁၃ ဖြင့် (၇-၈-၂၀၁၃)ရက်တွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းခဲ့ခြင်းမှာ ယင်းကုန်အမှတ်တံဆိပ်ဖြင့် သွားတိုက်တံအမျိုးမျိုးထုတ်လုပ်သည့် NINGBO JIANJIE DAILY& COSMETICS CO., LTD.,Add. East Industrial Zone, Guanhaiwei Town, Cixi, Zhejiang, China ၏ ၅-၈-၂၀၁၃ ရက်စွဲပါ Exclusive Agency Authorization Letter အရ မြန်မာနိုင်ငံတွင် အဆိုပါကုန်အမှတ်တံဆိပ်ဖြင့် သွားတိုက်တံများဖြန့်ဝေရန်နှင့် ယင်းကုန်အမှတ်တံဆိပ်ကို ဦးအောင်အောင်အမည်ဖြင့် မှတ်ပုံတင်ရန် ခွင့်ပြုခဲ့သောကြောင့် မှတ်ပုံတင်သွင်းခဲ့ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် မှတ်ပုံတင်သွင်းထားသည့် ကုန်အမှတ်တံဆိပ်ပစ္စည်းနှင့်ပတ်သက်၍ မှတ်ပုံတင်သွင်းခြင်းမပြုမီက ယင်းကုန်အမှတ်တံဆိပ်အား မည်သူမဆို သုံးစွဲခွင့်ရှိသော်လည်း ကျွန်ုပ်၏အမှုသည် မှတ်ပုံတင်သွင်းပြီးနောက်ပိုင်း ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်မရှိဘဲ ယင်းကုန်အမှတ်တံဆိပ်ပါပစ္စည်းများအား ရောင်းဝယ်ဖောက်ကားခွင့်မရှိကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီဂီဝင်း(LL.B,D.B.L,D.M.L)	**ဒေါ်ခင်ချို**(LL.B)	**ဒေါ်ခင်သူသူသန်း**(LL.B,LL.M)
စဉ်-၈၁၈၀	**စဉ်-၉၁၁၃**	**စဉ်-၃၇၆၅၉**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၅၄၁၇၆၄၆၊	**ဖုန်း-၀၉-၄၉၃၁၉၂၃၂၊**	**ဖုန်း-၀၉-၄၂၀၀၀၈၈၈၃**
အိမ်ဖုန်း-၀၉-၇၃၁၄၇၉၅၁၊		

အခန်း(၉/၁၁)၊ အခန်းအမှတ် ၁၀၁(ပထမထပ်)၊ ၃၆ လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

လယ်ဝေးမြို့နယ်ရေဘေးသင့်ပြည်သူများအား ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး

ဦးလှရှောင် မြို့နယ်အုပ်ချုပ်ရေးမှူး လယ်ဝေးမြို့နယ်။

ဒေါက်တာ ဒေါ်ခင်စန်းမြင့် ဆေးရုံအုပ်ကြီး ခုတင်(၁၀၀)လယ်ဝေး ပြည်သူ့ဆေးရုံ။

အမေးအရေး-မင်းမင်းလတ်(မန်းတက္ကသိုလ်)
ဓာတ်ပုံ-ကိုကိုရူပ

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု ဆင်ဆိပ်ကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှု ဖြစ်ပွားခဲ့၍ ၎င်းကျေးရွာရှိ ဒေသခံများကို ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီစောင့်ရှောက်မှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စေ့ငုမေးမြန်းရေးသားခဲ့သည်။

လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှရှောင်က"ကျွန်တော်တို့ လယ်ဝေးမြို့နယ် ခရမ်းကိုင်း အုပ်စုမှာမိုးသည်းထန်စွာ သုံးရက်ဆက်တိုက် ရွာသွန်းမှုကြောင့် ပလွေးချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ခရမ်းကိုင်းအုပ်စု ဆင်ဆိပ်ကျေးရွာအတွင်းသို့ရေဝင်ရောက်မှု ဖြစ်ပေါ်ပါတယ်။ စက်တင်ဘာ၂၅ ရက် နံနက် ၁ နာရီမှာ ရွာထဲကိုစတင်ရေလျှံဝင်ရောက်မှုဖြစ်ပေါ်ကာကျေးရွာအုပ်ချုပ်ရေးမှူး၏ဆက်သွယ်အကြောင်းကြားချက်အရ နေပြည်တော်ကောင်စီဝင်လယ်ဝေးမြို့နယ်တာဝန်ခံဦးမြင့်ဆွေထံ သတင်းပို့ပြီး ကျွန်တော်တို့ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြီး မော်တော်ယာဉ်များဖြင့် သွားရောက်၍ ဆင်ဆိပ်ကျေးရွာရှိ ရွာသူရွာသားများအားလုံး အိမ်ထောင်စု ၇၄ စု၊ လူဦးရေ ၁၉၁ ဦးကို လယ်ဝေးမြို့ပေါ်ရှိ ဖောင်တော်ချက်မ ဓမ္မဗိမာန်တော်ကြီးမှာ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး ရေဘေးသင့်ပြည်သူများကို လိုလေသေးမရှိ ကူညီစောင့်ရှောက်ပေးနေပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအထူးဆေးကုအဖွဲ့၊ တပ်မတော်ခုတင်(၁၀၀၀)ဆေးရုံကြီးမှ ဆေးကုသမှုပါရဂူ ဗိုလ်ကြီးရဲမင်းသူက ရှင်းပြရာတွင် "ရေဘေးဒုက္ခသည်တွေကို ဆေးကုသမှုပေးရန်အတွက် စက်တင်ဘာ ၂၅ ရက် ညနေ ၄ နာရီမှာ ကျွန်တော်တို့ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ခုတင်(၁၀၀၀)မှ တပ်မတော်သား အင်အားငါးဦးဟာ ဓမ္မဗိမာန်တော်ကြီးကို ရောက်ရှိပြီး ရေဘေး ဒုက္ခသည်တွေထဲက ထိခိုက်ဒဏ်ရာရရှိသူ သုံးဦး၊ ဖျားနာသူ ၁၅ ဦးကို ချက်ချင်းကုသပေးပါတယ်။ တခြားအသက်အရွယ်ကြီးသူတွေကို သွေးတိုးရောဂါနဲ့ အထွေထွေရောဂါ စမ်းသပ်ကုသပေးပါတယ်။ ဆေးပစ္စည်းများကို လိုလေသေးမရှိ ပေးဝေပြီး ဆေးရုံတက်ဖို့လိုအပ်သော အရေးပေါ်လူနာတွေအတွက် လူနာတင်ယာဉ်ကို အဆင်သင့် ထားရှိပေးပါတယ်"ဟု ရှင်းပြသည်။

ခုတင်(၁၀၀)လယ်ဝေး ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်စန်းမြင့်က "ကျွန်မတို့အနေနဲ့ အခု ကယ်ဆယ်ရေးစခန်းမှာ စတင်ဖွင့်လှစ်တဲ့ စက်တင်ဘာ ၂၅ ရက်မှာ လူနာ ၁၆ ဦး၊ စက်တင်ဘာ ၂၆ ရက်မှာ ၃၀ ၊ စက်တင်ဘာ ၂၇ ရက်မှာ လူနာလေးဦး စုစုပေါင်း လူနာ ၅၀ ဆေးထိုးကုသပြီး အားဆေးနဲ့တခြားဆေးဝါးများကိုလည်းအကန့်အသတ်မရှိပေးဝေပြီး ပြုစုစောင့်ရှောက်ပါတယ်"ဟု ရှင်းပြသည်။

ကိုသက်ပိုင်စိုး ဒို့လယ်ဝေးပရဟိတလူငယ်အဖွဲ့။

လယ်ဝေးမြို့ခံ ဒို့လယ်ဝေး ပရဟိတလူငယ်များ အဖွဲ့မှ ကိုသက်ပိုင်စိုးက "ကျွန်တော်တို့အနေနဲ့ စက်တင်ဘာ ၂၆ ရက်နဲ့ စက်တင်ဘာ ၂၇ ရက် နှစ်ရက်မှာ ရေဘေးဒုက္ခသည် တွေအားလုံးကို ရေသန့်ဘူးကြီး ၂၀ လီတာဝင် ဘူး ၂၀နဲ့ နံနက်စာ ထမင်းကျွေးပါတယ်။ တခြားလိုအပ်လျက် ရှိတာတွေကို အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ကူညီစောင့်ရှောက်ပေးပါတယ်"ဟု ရှင်းပြသည်။

နေပြည်တော် လယ်ဝေးမြို့နယ်တွင် မိုးသည်းထန်စွာ သုံးရက်ဆက်တိုက်ရွာသွန်းမှုကြောင့် ပလွေးချောင်း ရေကြီးမှုဖြစ်ပေါ်ကာ ဆင်ဆိပ်ကျေးရွာသို့ ရေဝင်ရောက်သည့်အတွက် ၎င်းကျေးရွာရှိရေဘေးသင့်ဒုက္ခသည်များကို လယ်ဝေးမြို့နယ်ရှိ ဖောင်တော်ချက်မ ဓမ္မဗိမာန်တော်ကြီး၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိမှုအပေါ် နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးမြင့်ဆွေ၏ဦးဆောင်မှုဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းများဖြစ်သော အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်စသော NGO အဖွဲ့အစည်းများကဒုက္ခသည်များအတွက် အမှတ်-၂၊ ၃၊ ၅၊ ၆ ရပ်ကွက်နှင့်ချမ်းသာကြီးရပ်ကွက်တို့မှ အလှူရှင်များ စုပေါင်း၍ သုံးရက်စာ ထမင်းထုပ်များနှင့် အစားအစာ ခေါက်ဆွဲခြောက်များ၊ မုန့်များ၊ အလှူငွေများ ပေးအပ်ခဲ့ပြီး စက်တင်ဘာ ၂၇ ရက်နံနက်ပိုင်းတွင် ဆင်ဆိပ်ကျေးရွာတွင် ဝင်ရောက်နေသော ရေများ ကျဆင်းသွား၍ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဘေးဒုက္ခသည်များအနေနှင့် မိမိတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်ရာတွင် တာဝန်ရှိသူများက မော်တော်ယာဉ်များဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အမှတ်(၂) တပ်မတော် ခုတင် (၁၀၀၀) ဆေးရုံမှ ဆေးကုသမှု ပါရဂူ ဗိုလ်ကြီး ရဲမင်းသူ။

ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ကူညီထောက်ပံ့ပေးစဉ်။

သတင်းဆောင်းပါးနှင့်နယ်သတင်း

ညောင်ဖောက်ကျေးရွာ ရေလျှံ

ဝမ်းတွင်း စက်တင်ဘာ ၂၉

စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက မိုးအဆက်မပြတ်ရွာသွန်းသဖြင့် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သဖန်းကျေးရွာနှင့်ညောင်ဖောက်ကျေးရွာကြားရှိ ချောင်းရေလျှံ၍ ညောင်ဖောက်ကျေးရွာ အိမ်မြေ ၂၀ ခန့်တွင် ရေများဝင်ရောက်ခဲ့သည်။ စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက အင်းအတွင်းရှိ ရေထုတ်ပြွန်များမှ ရေဖောက်ပေး၍ ရေများပြန်ကျသွားကြောင်း သိရသည်။

မောင်သဖန်း

ဘေးဖြစ်စေသော လက်နက်ကိုင်ဆောင်သူအား အရေးယူ

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် စက်တင်ဘာ ၂၆ ရက်က သန်လျင်မြို့မရဲစခန်းမှ တာဝန်မှူးနှင့်အဖွဲ့သည် မြို့မတောင်ရပ်ကွက်နှင့် ပဲခူးစုရပ်ကွက်နှစ်ခုကြား ဖို့မြေလမ်းထိပ်၌ လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်နေဝင်းလမ်းမပေါ်၌ ကျော်ဦး (၄၅ နှစ်) ထန်းပင်ကုန်းရပ်ကွက် သန်လျင်မြို့နေသူ၏ ခါးကြား၌ အရိုးအသွား ၂၂ လက်မခွဲခန့်ရှိ လူကိုအန္တရာယ်ဖြစ်စေနိုင်သည့် နှစ်ဖက်သွား ဦးချွန်ဓားကို ရှာဖွေတွေ့ရှိရသဖြင့် သက်သေများရှေ့၌ သိမ်းဆည်း၍ လက်နက်ကိုင်ဆောင်ထားသူအား သန်လျင်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ဖြိုးမင်းလတ်

စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှုရှိမရှိစစ်ဆေး

မလှိုင် စက်တင်ဘာ ၂၉

မလှိုင်မြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီ အရည်အသွေးနှင့်အခြင်အတွယ် ပြည့်မီမှုရှိ မရှိကို စက်တင်ဘာ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေး

အဆိုပါ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်ပြီး မြို့နယ်အတွင်းရှိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များဖြစ်ကြသော ဟုန်းဆွိနှင့်ဒင်ကိုဆီဆိုင်များ၏ စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှုရှိ မရှိကို စစ်ဆေးခဲ့ကြသည်။

အောင်ဌေး(မလှိုင်)

ပညာရည်ချွန်ဆုပေး

ဖျာပုံ စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၈၈) ကျုံကူတူးမြောင်း မူလတန်းလွန်ကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ် လက်ထောက်ပညာရေးမှူး ဆရာဦးမြင့်အုန်း၊ကျောင်းအကျိုးတော်ဆောင်ဘဏ္ဍာရေးမှူး ဦးမြင့်အောင် (ဖိုးအောင်လေး)၊ ကျုံကူကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်တို့က အမှာစကားပြောကြားကြပြီး တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ကြသည်။

သူဇာနွယ်(ဖျာပုံ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအတွက် အောက်ဖော်ပြပါမော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
(က)	Mini Wagon	၁၂ စီး
(ခ)	Light Truck(2 ton)	၃၅ စီး
(ဂ)	Salon(5 Seaters)/80 Hp	၂ စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၁၀-၂၀၁၃ ရက် ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။
၃။ မော်တော်ယာဉ်များနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၀၀၇ နှင့် ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ထုပ်ပိုးနှင့် ကုန်ကြမ်းပစ္စည်းများ
အဝယ်တင်ဒါ (မြန်မာကျပ်ငွေဖြင့်)

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်** - ထုပ်ပိုးပစ္စည်း (၁၄)မျိုးနှင့် ကုန်ကြမ်းပစ္စည်း(၄)မျိုး
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၁-၁၀-၂၀၁၃ ရက်
၃။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ (ရန်ကုန်)၊ အမှတ်(၂)ဆေးဝါးစက်ရုံ (အင်ရောင်း)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်

တယ်လီဖုန်းအမှတ်
၀၆၇-၄၀၈၀၇၆
၀၆၇-၄၀၈၃၅၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဆောက်လုပ်ရေးလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဦးစီးဌာန၊ တက္ကသိုလ်နှင့်သိပ္ပံများတွင် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန်ဖိတ်ခေါ်ပါသည်-

ဆက်စပ်လုပ်ငန်းများ	
(က)	မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန National Laboratory ၏ အခန်း(၁၅)ခန်းဖွဲ့စည်းဆောင်ရွက်ခြင်း
(ခ)	အစိုးရစက်မှုလက်မှုသိပ္ပံ (ချောက်) မြစ်ရေတင်ခြင်းလုပ်ငန်း
(ဂ)	ရန်ကုန်နည်းပညာတက္ကသိုလ် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း (၁၆)ခု
(ဃ)	မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ကျောင်းအဝင်လမ်းနှင့် အတွင်းလမ်းများ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း
(င)	ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (၁) ပင်မဆောင်အမိုးအကြီးစားမွမ်းမံခြင်းလုပ်ငန်း (၂) စာသင်ဆောင်များ အကြီးစားမွမ်းမံခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၁၀-၂၀၁၃ ရက် ၁၆:၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၀၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ် နတ်ကန်လည် အထက(ခွဲ) နဝမတန်းမှ မယမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးနေလင်းထွန်း ၉/ကပတ(နိုင်)၁၉၇၈၇၄ ဖြစ်ပါကြောင်း။

ဦးနေလင်းထွန်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း အကြောင်းကြားပါသည်-

(က) Digitan Multifunction Copier - 2 No
(ခ) Computer - 10 Set
(ဂ) Laser Printer - 6 No

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်ရှိ ရုံးအမှတ်(၁၄)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အဆိုပြုလွှာများကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာ ၁၄ရက် ၁၃း၀၀နာရီ(မြန်မာစံတော်ချိန်)အရောက်ပေးပို့ရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာ ၁၄ ရက် ၁၃း၀၀နာရီ နေပြည်တော်ရုံး အမှတ်(၁၄)စုပေါင်းခန်းမတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၉၀၂၉နှင့်၀၆၇-၄၀၉၂၁၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့ အလက(၇)လှိုင်မှ အလယ်တန်းပြဆရာမ ဒေါ်မိမိမော်၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၁၂/ဗဟန(နိုင်)၀၄၅၆၇၆နှင့် ဦးစံလွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

ဦးသန်းမြင့်-ဒေါ်ဝေဝေလွင်၏သား ပျဉ်းမနားမြို့ အထက(၂)နဝမတန်း(A)မှ မောင်လင်းခန့်နှင့်မောင်လင်းခန့်နိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်လင်းခန့်နိုင်

အမည်ပြောင်း

စစ်ကိုင်းမြို့နယ်၊ ဆားတောင်စံပြကျေးရွာနေ ဦးအောင်ကျော်စိုး‌ဒေါ်အောင်အောင်နွယ်တို့၏သား ဆားတောင် အထက သတ္တမတန်း(A)မှ မောင်ခန့်စိုးထက်အား မောင်ခန့်ဟိန်းထက်စိုးဟုယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

မောင်ခန့်ဟိန်းထက်စိုး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အိုင်အိုဒင်းချို့တဲ့ရောဂါကင်းဝေးစေရေး

မြန်မာနိုင်ငံတွင် အိုင်အိုဒင်းချို့တဲ့မှုရောဂါများသည် တောင်တန်းဒေသများတွင်သာမကဘဲ မြေပြန့်ဒေသများတွင်လည်း တွေ့ရှိနေရသည်။ လူဦးရေ၀ရာခိုင်နှုန်းကျော်မှာ လည်ပင်းကြီးရောဂါဖြစ်ပွားလျက်ရှိနေသည်ဟု သိရ သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ လက်ရှိကာလတွင် အိုင်အိုဒင်းချို့တဲ့ရောဂါများအား ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ပြည်သူများ အများဆုံးကြုံတွေ့ခံစားနေရသည်ဟု သိရသည်။

များသောအားဖြင့် အိုင်အိုဒင်းချို့တဲ့မှုရောဂါများသည် ကုသ၍ပျောက်ကင်းသောရောဂါမဟုတ်ပါ။ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ဆွံ့အနားမကြားမှုများ၊ ဝမ်းတွင်းရူးကလေးများမွေးဖွားတတ်ပါသည်။ထို့အပြင် လည်ပင်းကြီးရောဂါဖြစ်နိုင်ပြီး မိခင်များတွင် အိုင်အိုဒင်းချို့တဲ့ပါက ကလေးအသေများမွေးဖွားလာနိုင်ကာ အသက်ရှင်ပါကလည်း ခန္ဓာကိုယ်ချို့ယွင်းတတ်မှုများဖြစ်တတ်ပါသည်။ သို့အတွက် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းသည်ဆိုသည့်အချက်ကို လူတိုင်းသိရှိနားလည်ထားရန်အထူးလိုအပ်ပေသည်။

အိုင်အိုဒင်းချို့တဲ့မှုကြောင့် သန္ဓေသားဘဝမှစပြီး အသက်အရွယ်ကြီးရင့်သည်အထိ ရောဂါအမျိုးမျိုးလည်းဖြစ်နိုင်ပါသည်။ အထူးသဖြင့် အာရုံကြောအားနည်းတတ်ခြင်း၊ ဉာဏ်ရည်လျော့နည်းတတ်ခြင်း၊ ဆွံ့အနားမကြားဖြစ်တတ်ခြင်း၊ ဝမ်းတွင်းရူးကလေးမွေးတတ်ခြင်းတို့ဖြစ်ပွားနိုင်ကြောင်း လေ့လာသိရှိရသည်။ အထူးသဖြင့် အဖြစ်များပြီး အလွယ်တကူသိနိုင်သော အိုင်အိုဒင်းချို့တဲ့မှုရောဂါတစ်ခုမှာ လည်ပင်းကြီးရောဂါဖြစ်သည်။ ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်တွင် သန္ဓေသားကြီးထွားမှုနှင့် အသက်ရှင်နိုင်မှုတို့ကို ထိခိုက်နိုင်ပြီး သားပျက်သားလျှောခြင်း၊ အသေမွေးခြင်း၊ ကိုယ်အလေးချိန်မပြည့်သော ကလေးများ မွေးဖွားခြင်း၊ မွေးပြီးစကလေးသေဆုံးခြင်းတို့ ဖြစ်တတ်ကြောင်း လေ့လာမှတ်သားခဲ့ရသည်။

အိုင်အိုဒင်းချို့တဲ့မှုကြောင့် မိခင်နှင့်ကလေးတို့တွင် ရောဂါများဖြစ်ပေါ်ခံစားနေရပါက ယင်းမိသားစုအတွက်သာမက နိုင်ငံတော်အတွက်ပါ ဝန်ထုပ်ဝန်ပိုးဖြစ်လာပေမည်။ ထို့အပြင် အိုင်အိုဒင်းချို့တဲ့မှုကြောင့် ကာယ၊ ဉာဏကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်နိုင်သည့်အတွက် အနာဂတ်ကာလ ကာယ ဉာဏစွမ်းအားရှင်များ လျော့နည်းဆုံးရှုံးနိုင်ပေသည်။

အိုင်အိုဒင်းဆား ဖြန့်ဖြူးစားသောက်ခြင်းသည် အထက်ဖော်ပြပါရောဂါများကို ပပျောက်နိုင်သော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်သူများ၏ ကျန်းမာရေးအသိပညာ နည်းပါးမှုတို့ကြောင့် အထိုက်အလျောက်အခက်အခဲများ ကြုံတွေ့နေရသည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် အရည်အသွေးမီ အိုင်အိုဒင်းဆားများ ထုတ်လုပ်နိုင်ပြီး ကျေးလက်ဒေသများအရောက်ဖြန့်ဖြူးပေးခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများပူးပေါင်းလျက် အိုင်အိုဒင်းဆား စားသုံးရေးပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အိုင်အိုဒင်းချို့တဲ့ရောဂါ ပပျောက်တော့မည့်အခြေအနေသို့ ရောက်ရှိတော့မည်ဖြစ်သည်။

တစ်နိုင်ငံလုံး၏ အိုင်အိုဒင်းဆားလိုအပ်ချက်ကို လုံလောက်စွာ ထုတ်လုပ်ပေးနိုင်မှု၊ အရည်အသွေးမြင့်သည့် အိုင်အိုဒင်းဆား ပျမ်းမျှ ၉၅ ရာခိုင်နှုန်းရှိမှုနှင့် တစ်နိုင်ငံလုံးတွင် အိုင်အိုဒင်းဆား စားသုံးမှုပမာဏ ၉၀ ရာခိုင်နှုန်းရှိမှုစသည့်အချက်သုံးချက်နှင့် ပြည့်စုံပါက ယင်းနိုင်ငံသည် အိုင်အိုဒင်းချို့တဲ့ရောဂါလုံးဝပပျောက်နိုင်ပြီဟူ၍ နိုင်ငံတကာက လက်ခံသတ်မှတ်ထားရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် ယင်းအချက်သုံးချက်နှင့် ကိုက်ညီလျက်ရှိပြီး အလှမ်းမဝေးတော့သည့်ကာလ၌ အိုင်အိုဒင်းချို့တဲ့ရောဂါလုံးဝပပျောက်သော နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

အောင်ဝင်း(ဖျာပုံ)

မကွေးပြည်သူ့ဆေးရုံကြီးတွင် C T (Scan) တပ်ဆင်ကုသပေးလျက်ရှိ

မကွေး စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မကွေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ကြီးဌာနမှ C T (Scan)တပ်ဆင်၍ လူ့ခန္ဓာကိုယ်အတွင်းရှိ ရောဂါများကို ရှာဖွေကြည့်ရှုကုသပေးလျက်ရှိသည်။ အဆိုပါစက်ကို စက်တင်ဘာ ၁၉ ရက်မှစတင်တပ်ဆင်ကုသပေးလျက်ရှိပြီး စက်အမျိုးအစားမှာ 16.Slice ဖြစ်ရာ GE ကုမ္ပဏီမှ မှာယူတပ်ဆင်ခြင်းဖြစ်ကြောင်း ဓာတ်မှန်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သန်းသန်းနွယ်က ပြောကြားသည်။

ညီညီမောင်-(Iprd)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဗဟိုလမ်းရှိ မူလတန်းကြိုကျောင်း အမှတ်(၄)၏ ကျောင်းဆိုင်းဘုတ်သစ်ကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်ဝင်းနှင့် ဆရာ ဆရာမများ၊ ရင်သွေးငယ်များ စုပေါင်း၍ သပြေခက်ဖြင့် အမွှေးနံ့သာများဆွတ်ဖျန်းကာ ကျောင်းရှေ့၌စိုက်ထူကြစဉ်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း အာရှစီနီယာ ဘော်လီဘော ပြိုင်ပွဲယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၉

စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ ကျင်းပမည့် အာရှစီနီယာအမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဦးသိန်း ဝင်း (GM.Asia World Co.,Ltd) ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းသည် စက်တင်ဘာ ၂၆ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းတွင် အုပ်ချုပ်သူအဖြစ် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေး၊ နည်းပြချုပ်အဖြစ် Mr. AUGUSTO JOSE SABB-ATINI (Brazil)၊ နည်းပြအဖြစ် ဦးညီညီလွင်၊ ဒိုင်လူကြီးအဖြစ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ နည်းစနစ်မှူး ဦးဖြိုးသူအောင်တို့က တာဝန်ယူကြပြီး အားကစားသမားများအဖြစ် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဝင်းထွန်းဦး၊ လူဝင်မှု/အင်အားဝန်ကြီးဌာနမှ စိုင်းညီလေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အောင်သူ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ကျော်စွာဝင်း၊ အောင်မြတ်ထွန်း၊ ဒိုမေးနီကို၊ သွင်ထူးဇင်၊ ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့မှ ကျော်ကျော်ထွေး၊ ပိုင်သ၊ ရဲရင့်ထွန်း၊ စက်မှုဝန်ကြီးဌာနမှ ဇော်မျိုး၊ မန္တလေးဗဟိုအကျဉ်းထောင်မှ တင်မောင်ထွေးတို့ လိုက်ပါသွားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပန်းတောင်းမြို့နယ်စာရေးဆရာအသင်းက ဦးဆောင်၍ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာဖွံ့ဖြိုးရေးသင်တန်းဖွင့်

ပန်းတောင်း စက်တင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် လဲရွာကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်း၌ စက်တင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်စာရေးဆရာအသင်းက ဦးဆောင်၍ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ဩဝါဒစကားပြောကြား

အခမ်းအနားတွင် လဲရွာကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းနာယက ဦးသိမ်းဟန် (ရဲဟန်)က ယဉ်ကျေးလိမ္မာဗုဒ္ဓဘာသာဖွံ့ဖြိုးရေးသင်တန်းများ နေရာအနှံ့အပြားတွင် ဖွင့်လှစ်သင်ကြားပေးသင့်ကြောင်း ဩဝါဒစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်တည်ခိုင်(ပန်းတောင်း)က ယဉ်ကျေးလိမ္မာဗုဒ္ဓဘာသာ ဖွံ့ဖြိုးရေးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြား၍ အတွင်းရေးမှူး အောင်မြင့်ကျော်(ပန်းတောင်း)က လဲရွာကျေးရွာအုပ်စု အခြေခံပညာ မူလတန်းလွန်ကျောင်းကို စံပြနယ်မြေအဖြစ် ပထမဆုံးစမ်းသပ်ရွေးချယ်ကာ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပို့ချခွင့် ရရှိသည့်အတွက် အလွန်ဝမ်းသာဂုဏ်ယူမိပါကြောင်း ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးဇော်ခင်က ကျေးဇူးတင်စကားပြောကြားသည်။

(၁၇၀)

သစ်ပင်စိုက်လျှင်တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများအား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

1.	50 W TV Transmitter & Accessories	3 Lots
2.	အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ	29 Items
3.	(a) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ	25 Items
	(b) Tape & Disc	1 Lot
	(c) HD Camera & Accessories	10 Sets
4.	ရုံးသုံးစက်ကိရိယာများ	10 Items

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၀-၂၀၁၃ ရက်မှစတင်၍ နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၁၀-၂၀၁၃ရက် နံနက် ၀၉:၀၀နာရီမှ ညနေ ၁၆:၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိတင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းအမျိုးအစားစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၀၇၉၊ ၇၉၁၃၅

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)ရှိ စက်ပစ္စည်းများရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)၊ ရေကူးစက်ရုံရှိ ရေဒီယိုနှင့်ရုပ်မြင်သံကြားဆက်စပ်ပစ္စည်းများ (၂၉)မျိုးအား ရောင်းချမည်ဖြစ်၍ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၉-၂၀၁၃ ရက်မှ ၄-၁၀-၂၀၁၃ ရက်အထိ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ ရုံးချိန်အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)တွင် တစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၄-၁၀-၂၀၁၃ ရက် ၁၆:၃၀ နာရီနောက်ဆုံးထား၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကျော်လွန်သော တင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ရေဒီယိုနှင့်ရုပ်မြင်သံကြားဆက်စပ်ပစ္စည်းများ(၂၉)မျိုးကို ရေကူးစက်ရုံ(ရန်ကုန်) ရုံးတွင် ၁-၁၀-၂၀၁၃ ရက်နှင့် ၂-၁၀-၂၀၁၃ ရက်များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၅။ တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)၊ ပြည်လမ်း
ဖုန်း-၀၁-၅၃၅၉၈၀၊ ၀၁-၆၆၀၃၀၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	တည်နေရာ	လုပ်ငန်းအမည်
၁	နေပြည်တော်	နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး ပေ(၆၀×၄၀) RC တစ်ထပ်(၁)လုံး၊ ရေ၊ မီး၊ အိမ်သာအပါ
၂	နေပြည်တော်	ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ ပေ(၆၀×၂၄)၊ RC တစ်ထပ်(၁)လုံး၊ ရေ၊ မီး၊ အိမ်သာအပါ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၀-၂၀၁၃ရက်မှ ၁၄-၁၀-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၁၅-၁၀-၂၀၁၃ရက်တွင် လျှောက်လွှာများအား လက်ခံခြင်းနှင့်အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြော်ငြာခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၈၅၃၂၊ နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန(ရေဆင်း) ဖုန်း-၀၆၇-၄၁၆၅၄၉ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက(ခွဲ)သုံးကွင်းဆိုင်၊ နဝမတန်း(ခ)မှ မအိသဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၁၄/အဂပ(နိုင်)၁၈၆၈၄၄ ဖြစ်ပါကြောင်း။ **ဦးအောင်အောင်**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းရှိန် ၁၁/ပဏတ(နိုင်)၀၃၁၉၄၁ ၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၃၃၇၅၉**

ပျောက်ဆုံး

ကျွန်မ ဒေါ်ဗိုက်လိုင်း၏ နိုင်ငံကူးလက်မှတ် MA-၂၂၂၀၂၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၆၄၆၈၅၄**

ရွှေကူမြို့နယ် ချောင်းရိုးကမ်း အင်းကြီးအတွင်းရှိ ထုနှင့်ထည်နှင့် ဖြစ်နေသော ဒိုက်ပင်များကို ဒေါ်နန်းမြခင် ဦးဆောင်သော အင်းလုပ်သားများက ဖြတ်စက်မော်တာ၊ ဒိုင်းလွှများကို အသုံးပြု၍ စက်တင်ဘာ ၂၀ ရက်က ရှင်းလင်းဆောင်ရွက်စဉ်။

လဘန်အောင်(ကချင်မြေ)

တိုက်နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

တောင်တွင်းကြီး စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုဂွတိုက်နယ်အုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီက အထကကျောင်း(ခွဲ) ကုက္ကိုဂွကွင်း၌ ကျင်းပရာ ဟင်ရော်ကျေးရွာ လူငယ်ဘောလုံးအသင်းက ကုက္ကိုဂွ(အနောက်)ကျေးရွာ လူငယ်ဘောလုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးနိုင်နှင့် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့က ပထမ၊ ဒုတိယနှင့် အသန့်ရှင်းဆုံးဆုရဘောလုံးအသင်းတို့အား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

ကံမမြို့နယ်တွင် အေဝမ်းမီးဖိုသုံးစွဲရေး ပညာပေးဟောပြော

ကံမ စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ပယ်ကျကျေးရွာတွင် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက အေဝမ်းမီးဖိုသုံးစွဲရေး ပညာပေးဟောပြောပွဲကျင်းပရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန သရက်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က အေဝမ်းမီးဖိုသုံးစွဲရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကံမမြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိန်က ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့်သောက်သုံးရေရရှိရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့တက်ရောက်ကြသော ပြည်သူများအား အေဝမ်းမီးဖိုအလုံး ၈၀ ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကရုဏာရှင်များ အခမဲ့ဆေးခန်းမှ လူမျိုးဘာသာမရွေး အခမဲ့ဆေးကုသပေးလျက်ရှိ

မကွေး စက်တင်ဘာ ၂၉

မကွေးမြို့ဈေးလယ်စိုးရပ်ကွက်ရှိ ကရုဏာရှင်များအခမဲ့ဆေးခန်းမှလူမျိုးဘာသာမရွေး အခမဲ့ဆေးကုသပေးလျက်ရှိသည်။ အဆိုပါဆေးခန်းကို **(အောက်ပုံ)** ယခင်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကုမာရက ဦးစီးနာယကပြု၍ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ထူ ထောင်ဖွင့်လှစ်ပေးခဲ့ရာ ယခု ခုနစ် နှစ်နီးပါးရှိခဲ့ပြီဖြစ်ကြောင်း၊ တစ်နေ့လျှင် လူနာ ၆၀ ခန့် ပုံမှန်ကုသပေးနေရပြီး မကွေးမြို့ပြည်သူ့ဆေးရုံကြီး၊ သင်ကြားရေးဆေးရုံနှင့် ဆေးတက္ကသိုလ်တို့မှ ဆရာဝန်ကြီးများနှင့် အလုပ်သင်ဆရာဝန်များလာရောက် ကုသပေးလျက်ရှိကြောင်း၊ နံနက် ၆ နာရီခွဲမှ ၉ နာရီအထိ ကုသပေးလျက်ရှိပြီး တနင်္လာနေ့တစ်ရက်တည်းသာ ဆေးခန်းပိတ်ကြောင်း၊ အောက်ဆီဂျင်လိုအပ်သည့် ဝေဒနာရှင်များအတွက် ပြည်သူ့ဆေးရုံကြီးအပါအဝင် အိမ်တိုင်ရာ ရောက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ညီညီမောင်(Iprd)

ဇီဝိတဒါန အခမဲ့ဆေးကုခန်းနှင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

မြိတ် စက်တင်ဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူတောင်ကျေးရွာရှိ မင်္ဂလာဇေယျာဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော်ဘဒ္ဒန္တဝါယမအမှူးထား၍ အဆိုပါကျောင်း၏ တောင်ခြေ မြိတ်-တနင်္သာရီကားလမ်းနံဘေးတွင် ဇီဝိတဒါန အခမဲ့ဆေးကုခန်းနှင့် ကျေးရွာစာကြည့်တိုက်ကိုကျောင်းသားကျောင်းသူ၊ ရဟန်းရှင်လူ၊ ဒေသခံပြည်သူတို့၏ ကျန်းမာရေးနှင့်ပညာရေးကို ရှေးရှု၍ အလျား ၅၄ ပေ၊ အနံပေ ၂၀ ရှိသောအဆောက်အအုံကို စေတနာရှင်အလှူရှင်များ၏ မတည်ငွေကျပ် သိန်း ၅၀ ဖြင့် စတင်တွဲဖက်ဆောက်လုပ်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇီဝိတဒါန အခမဲ့ဆေးကုခန်းနှင့်ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ပြီးစီးပါက ဒေသခံပြည်သူများနှင့် ဆင်းရဲနွမ်းပါးသူများအတွက် ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာအထောက်အကူများ များစွာရရှိနိုင်မည်ဖြစ်ကြောင်းသိရပြီး အဆိုပါ အဆောက်အအုံဆောက်လုပ်ရာတွင် ဒေသခံပြည်သူ ကျေးရွာသူကျေးရွာသားများ သာမက ကလေးသူငယ် ကျောင်းသားကျောင်းသူများပါ လုပ်အားဒါနများဖြင့် အမြန်ပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

နယ်သတင်းနှင့်ဆောင်းပါး

ဗန်းမော်မြို့တွင် ကျူးကျော်ဈေးသည်များကို တရားရုံးကဒဏ်ငွေချမှတ်

ဗန်းမော် စက်တင်ဘာ ၂၉

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် လမ်းမကြီးပေါ်၌ကျူးကျော်၍ ရောင်းချသောဈေးသည်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်တရားရုံးသို့ တရားစွဲဆိုခဲ့ရာ တရားရုံးက ဒဏ်ငွေချမှတ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် "ယာဉ်အန္တရာယ်စိုးရိမ်၍ ပရိဘောဂဆိုင်များဖယ်ရှားပေးစေလို"အကြောင်း အရာပါရှိခဲ့ရာ ပြည်သူများ၏ မျှော်လင့်တောင့်တချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကုန်သည်လမ်း (အလယ်ရပ်ကုန်းဆင်း) လမ်းပေါ်သို့ ကျူးကျော်၍ ရောင်းချလျက်ရှိသော ဈေးသည်များအား ရောင်းချခြင်းမပြုရန်တားမြစ်သော်လည်း ဈေးသည်များက လိုက်နာခြင်းမရှိကြသဖြင့် စည်းကမ်းများနှင့်ညီညွတ်မှုမရှိသည့်ဈေးသည်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တရားစွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက ကျူးကျော်ဈေးရောင်းချသူများကို ဒဏ်ငွေကျပ်တစ်သောင်းပေးဆောင်ရန် မြို့နယ်တရားရုံးက စက်တင်ဘာ ၂၇ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

မီးဘေးကာကွယ်ရေး သရုပ်ပြ

နေပြည်တော် စက်တင်ဘာ ၂၉

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြို့မဈေးကြီးမီးဘေးကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့်သရုပ်ပြသခြင်းကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက တပ်ကုန်းမြို့မဈေးမွှာရုံး၌ ကျင်းပရာ နေပြည်တော်မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်က မီးဘေးကာကွယ်ရေးပညာပေးဟောပြောခြင်း၊မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်မောင်မောင်နှင့် ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးစိန်မိုးတို့က မီးဘေးလုံခြုံရေးအတွက် ပညာပေးဟောပြောကြသည်။

သရုပ်ပြသခဲ့

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်နှင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက အပေါ့စားမီးသတ်စက်/မီးသတ်ယာဉ်ကြီးများဖြင့် မီးငြိမ်းသတ် စွမ်းရည်သရုပ်ပြသခြင်း၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခဲ့ကြောင်းသိရသည်။**(အောက်ပုံ)**

(ဝ၂၁)

မွေးနေ့ဆုတောင်းလွှာ

၃၀-၉-၂၀၁၃ရက်တွင်ကျရောက်သော ဆရာဦးဝင်းကိုကို (အထွေထွေမန်နေဂျာ၊ ဆေးဝါးစက်ရုံအမှတ်-၁၊ ရန်ကုန်)၏ မွေးနေ့မှသည်နောင်နှစ်ပေါင်းများစွာတိုင်ချစ်သောဇနီး အစ်မ ဒေါ်သီတာအေးနှင့်အတူ ပျော်ရွှင်စွာ ထာဝရလက်တွဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

နေဝင်းနှင့်ညီများ စက်မှုလက်မှု(မန္တလေး)
ဦးနေဝင်း-ဒေါ်နန်းအေးသန်းရင်

မိဘအမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း၊ ပဉ္စမတန်း(B) မှ မောင်ကံကောင်းမောင်၏ မိဘအမည်မှန်မှာ ဦးစိုးသိန်း-ဒေါ်ဝင်း ဖြစ်၍ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၂-၂၀၀၁ဖြစ်ပါကြောင်း။

မိဘအမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)ပျဉ်ထောင်ကျောင်း၊ ပဉ္စမတန်း(B)မှ မောင်မိုးဟိန်း၏ မိဘအမည်မှန်မှာ ဦးကျော်မိုး-ဒေါ်တင်မြဖြစ်ပါကြောင်း။

ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း၊ တတိယတန်း(A) မှ မောင်ရန်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဘိုထန်းဖြစ်၍ မွေးသက္ကရာဇ်အမှန်မှာ ၂-၅-၂၀၀၆ ဖြစ်ပါကြောင်း။

မိဘအမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း၊ ပဉ္စမတန်း(B)မှ မောင်အောင်ကို၏ မိဘအမည်မှန်မှာ ဦးတင်စိုး-ဒေါ်အေးမော်ဖြစ်ပါကြောင်း။

မိခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း၊ သတ္တမတန်း(B) မှ မောင်အောင်ကိုကို၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်အေးဖြစ်၍ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၂၉၉၉ဖြစ်ပါကြောင်း။

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
စက်ရုံ(၄)ရုံ ငှားရမ်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၄)ရုံတို့အား ငှားရမ်းရေးဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များသို့ ၃၁-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)
(ခ) အမှတ်(၄) အထည်စက်ရုံ (ပွင့်ဖြူ)
(ဂ) အမှတ်(၅) အထည်စက်ရုံ (ပခုက္ကူ)
(ဃ) အမှတ်(၆) အထည်စက်ရုံ (ဆားလင်းကြီး)

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊
အပြည့်အစုံ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၈၁၅၆၊ ၄၀၈၃၃၈၊ ၄၀၈၁၈၅

အလှူရှင်များဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာတွင် ဖွင့်လှစ်လျက်ရှိသော မြန်မာပြည်ချစ်ခြင်းမေတ္တာလူငယ်ဖွံ့ဖြိုးရေးဂေဟာသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ မိမဲ့၊ ဘမဲ့၊ မိဘမဲ့နှင့် မရှိဆင်းရဲ ကျောင်းမတက်နိုင်သူများကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန် ပြုစုစောင့်ရှောက်ထားသောဂေဟာဖြစ်ပြီး လက်ရှိလူဦးရေ ၁၃၀ ကျော်ရှိပါသည်။

ထိုကလေးများ၏ စားဝတ်နေရေးနှင့်ပညာရေးအတွက် အောက်ပါဖုန်းနံပါတ်များဖြင့် ဆက်သွယ်ပြီး ပါဝင်လှူဒါန်း ကောင်းမှုကုသိုလ်ပြုလုပ်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကျောင်းအုပ်ကြီး
ဖုန်း-၀၉-၇၃၁၀၁၃၉၉၊ ၀၉-၇၃၁၀၁၃၇၅၊ ၀၉-၄၉၅၇၀၂၇၅

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၉-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၃)တွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် ၅၉၂၂၏ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ၌ တိုက်ခန်းနှင့်တကွနေရာတွင် မြေကွက်နှင့်တကွဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၉-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၁တွင် ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင်ဖော်ပြပါရှိသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃Aၪ ၊ မြေကွက် အမှတ်-၅၉၊ ဧရိယာ ၀ဒသမ၂၉ ဧကဂရန်ရှိ မြေပိုင်မြေအမျိုးအစားမြေပေါ်ရှိ အမှတ် ၅၉၊ ဗိုလ်ရေအိုးစင်လမ်း၊ ဗိုလ်ကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟု ဖော်ပြချက်အစား အမှတ်-၇၁/ခ၊ ဗိုလ်ရေအိုးစင်လမ်း၊ ဗိုလ်ကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟုပြင်ဆင်ဖတ်ရှုပါရန်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ်(၄၆)၊ပထမထပ်(ဝဲ)၊မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖြည့်စွက်ဖတ်ရှုပါရန်

၁၇-၈-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၂၁ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒဂုံမြောက်မြို့နယ် ဒေါ်မိမိ၏ မြေပုံကူးတွင် ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ ၁၄လမ်း၊ မြေကွက်အမှတ် ၄၄၉၅/၄၄၉၆ ၊ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်အုန်းမြင့်(ဘ) ဦးအောင်ညွှန့် ၉/ပမန(နိုင်)၀၅၂၉၇၃အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသည့်မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်အုန်းမြင့်က ကွယ်လွန်သွားပြီး ခင်ပွန်းဖြစ်သူ ဦးသန်းမောင်မှလည်း သေဆုံးသွားခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးသန်းမောင်နှင့်ဒေါ်အုန်းမြင့်တို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်သီတာ(ဘ)ဦးသန်းမောင် ၉/ပမန(နိုင်)၀၂၅၉၇၄(အမွေဆက်ခံပိုင်ခွင့်ရှိသူ)မှမြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်ရန် တင်ပြလျှောက်ထားလာပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဈေးကွက်များ ရှိ အရပ်ဒေသနှင့် ဖြစ်စဉ်များ

ရောက်ကွမ်းတို့ အဝင်နည်း၍ အညာကွမ်းတို့ ဝင်နေဆဲ

"တကယ်ဆို ဒီလိုရာသီမှာ ရောက်ကွမ်းဖြစ်တဲ့ ပန်းတနော်၊ ကျောင်းကုန်း၊ ဟင်္သာတ၊ ဇလွန်စတဲ့ မြို့နယ်ကွမ်းတွေက လှိုင်လှိုင်ဝင်ရမှာ ဖြစ်ပေမယ့် ဒေသတွေမှာ ရေများနေတဲ့အတွက် အဝင်ပါးနေတယ်။ ဒါ့ကြောင့် မုံရွာ၊ မန္တလေးစတဲ့ အညာကွမ်းတွေက အဆက်မပြတ် ဝင်နေတုန်းပါပဲ"ဟု လှိုင်မြို့နယ် သီရိမင်္ဂလာဈေးသစ်ကြီး အတွင်းရှိ ကွမ်းဒိုင်မှ အမျိုးသမီး တစ်ဦးက ပြောပြခဲ့သည်။

ထိုအမျိုးသမီးမှာ ကြည့်မြင်တိုင် သီရိမင်္ဂလာဈေးဟောင်းမှ ယခုလှိုင်မြို့နယ် သီရိမင်္ဂလာဈေးသစ်ကြီး အထိ အစဉ်အဆက် ကွမ်းရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလာသူဖြစ်ကြောင်း ၎င်း၏ပြောပြချက်အရ သိရသည်။

၎င်းအမျိုးသမီးကပင် ဆက်လက်၍ "ခြံကွမ်း (တွံတေး/ကွမ်းခြံကုန်းကွမ်း) တွေက နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပုံမှန်ဝင်တယ်၊ ဟင်္သာတ၊ ဇလွန်ကွမ်းတွေက ည ၈ နာရီလောက်ဆို ဝင်တတ်တယ်။ ပန်းတနော်၊ ကျောင်းကုန်း၊ ညောင်တုန်းကွမ်းတွေက ည ၁၀ နာရီနောက်ပိုင်း ဝင်လာတတ်တယ်"ဟု ကွမ်းကားများ ဝင်လာတတ်ပုံကို အသိပေးခဲ့သည်။

ခြံကွမ်းများကို ဒိုင်နာနှင့် ဟိုင်းလပ်ကားငယ်များဖြင့် တင်ဆောင်လာတတ်ကြသကဲ့သို့ တစ်နေ့လျှင် ကားကိုးစီးမျှ အဝင်ရှိနေကြောင်း သိခဲ့ရသည်။ ဟင်္သာတ၊ ဇလွန်၊ ညောင်တုန်းကွမ်းများမှာ ၁၀ဘီး ကားများဖြင့် ဝင်လာလေ့ရှိပြီး တစ်ရက်လျှင် နှစ်စီးမျှသာ ယနေ့ကာလ၌ ဝင်နေကြောင်း၊ လူကြိုက်များသော ပန်းတနော်၊ ကျောင်းကုန်းကွမ်းတို့မှာ ၁၀ ဘီးကားဖြင့်ပင် တစ်နေ့လျှင် အများဆုံးသုံးစီးမျှသာ အဝင်ရှိနေကြောင်း ကြားသိခဲ့ရသည်။

မုံရွာ၊ မန္တလေးဒေသထွက် ကွမ်းတို့မှာ နံနက်စောစော၌ ဝင်လေ့ရှိပြီး ၁၀ဘီးကားကြီးအပြင် ကားငယ်များဖြင့်ပင် အဝင်များတတ်ကြောင်း သိရသည်။ ယခင်နှစ်များကမူ ယခုကဲ့သို့သောအချိန်၌ အညာကွမ်းများ အဝင်တန့်သွားပြီဖြစ်ကြောင်း ထိုအမျိုးသမီး၏ ပြောပြချက်အရ သိရသည်။

မြို့နယ်၊ ရပ်ကွက်ကွမ်းယာဆိုင်လေးများဆီသို့ လက်လီလိုက်ပို့နေသော ကွမ်းအဝယ်တော် ရွှေတိုင်သားကွမ်းယာဆိုင်မှ ကိုကောင်းက "ဈေးကတော့ အမျိုးမျိုးပဲ၊ တစ်ပိဿာကို ငွေကျပ် ၅၀၀ မှ ၁၀၀၀ အထိ ရှိတဲ့ ကွမ်းရှိသလို တကယ်တမ်းကွမ်းရာကောင်း ကောင်းရောင်းတဲ့ဆိုင်တွေက အမှာများတာက ပန်းတနော်ကွမ်းဆို တစ်ပိဿာ ငွေကျပ် ၃၀၀၀ မှ ၇၀၀၀၊ ကျောင်းကုန်းကွမ်းက ငွေကျပ် ၂၅၀၀ မှ ၅၀၀၀၊ ခြံကွမ်းက ငွေကျပ် ၁၇၀၀ မှ ၂၅၀၀၊ ဇလွန်၊ ဟင်္သာတ ကွမ်းက ငွေကျပ် ၁၂၀၀ မှ ၂၀၀၀ အထိ ဈေးတွေရှိနေတယ်"ဟု ဆိုသည်။

ကွမ်းဒိုင်မှ အမျိုးသမီးကပင် ထပ်မံ၍ "ကွမ်းဈေးက တစ်ခါတစ်ခါ အမြင့်ကြီးတက်ပြီး ဝုန်းခနဲ ပြန်ကျတတ်တယ်။ ရာသီဥတုအပေါ် မူတည်တယ်။ ကုန်အဝင်အထွက်ပေါ် မူတည်တယ်။ ကွမ်းတွေအဝင်များရင် ဈေးကျမယ်။ ကွမ်းအဝင်ပုံမှန်ဆို ဈေးမှန်မယ်။ အဝင်နည်းလာရင်တော့ ဈေးမြောက်တတ်တဲ့ သဘောရှိပါတယ်" ဟု ဆိုခဲ့သည်ကို မှတ်ယူ၍ ယနေ့ ကွမ်းကြိုက်သူ ရန်ကုန်သားများအတွက် ကွမ်းဈေးကွက်သတင်း ဖြန့်ခင်းဖော်ပြလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပဲစင်းငုံယာခင်းထဲ၌ လူသေအလောင်းတွေ့ရှိ

မလှိုင် စက်တင်ဘာ ၂၉

မလှိုင်မြို့နယ် နွှာကန်နယ်မြေရဲစခန်းအပိုင် ရေငံကျေးရွာဘုန်းတော်ကြီးကျောင်းအရှေ့ဘက် ပဲစင်းငုံယာခင်းထဲ၌ လူသေအလောင်းတွေ့ရှိသည်ဟုသိရသည်။ ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက နွှာကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းမြင့်သည် လုပ်ငန်းတာဝန်ဆောင်ရွက်နေစဉ် ရေငံကျေးရွာအုပ်ချုပ်ရေးမှူးက ဖုန်းသတင်းဖြင့် ရေငံကျေးရွာအရှေ့ဘက် ပဲစင်းငုံယာခင်းထဲတွင် မှောက်လျက်အနေအထားဖြင့် လူတစ်ဦး သေဆုံးနေကြောင်း အကြောင်းကြားသဖြင့် နွှာကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းမြင့်နှင့်အဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်၍ ကျေးရွာမှ သက်သေများနှင့်အတူ အလောင်းကို စစ်ဆေးရာ သေဆုံးသူမှာ အသက် ၄၀ ခန့်ရှိပြီး ပြင်ပဒဏ်ရာမရှိဘဲ ပုပ်ပွသေဆုံးနေသဖြင့် ရဲဆေးစာနှင့်အတူ မလှိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး သေဆုံးသူ၏ အမည်နှင့် နေရပ်လိပ်စာကို စုံစမ်း၍ မလှိုင်မြို့နယ် နွှာကန်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

မှုစ်ချိုးသွားရာမှ အမျိုးသားတစ်ဦးသေဆုံး

သံတောင်ကြီး စက်တင်ဘာ ၂၉

သံတောင်ကြီးမြို့တွင် မှုစ်ချိုးသွားရာမှ အမျိုးသားတစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက် ညနေ ၄ နာရီ ၅ မိနစ်က စခန်းမှူး ဒုတိယရဲမှူး လှနိုင်သည် တာဝန်ထမ်းဆောင်နေစဉ် အမှတ် (၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးနောင်ကျင်ထွမ်း၏ အကြောင်းကြားချက်အရ အမှတ်(၄) ရပ်ကွက်ရှိ ဦးမြင့်သိန်း၏ ခြံအတွင်း အမျိုးသားတစ်ဦးသေဆုံးနေကြောင်း သိရသဖြင့် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ အမှတ် (၄)ရပ်ကွက်နေ ဦးအိုက်မော်၏သား ဖြစ်သူ အိုက်ထွန်း (ခ)ရှမ်းလေး(၅၇ နှစ်)သည် မှုစ်ချိုးသွားရာမှ အားပြတ်၍ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့်ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် သိရှိနိုင်ရန် သေမှုသေခင်းဖွင့် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ကိုတီ(သံတောင်)

အောင်ကမ္ဘာယာဉ်လိုင်းမှ လိုင်းကားမှောက်

ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်တွင် စက်တင်ဘာ ၂၅ ရက် နံနက်က ဆင်ပေါင်ဝဲ-မကွေးပြေးဆွဲသည့် အောင်ကမ္ဘာယာဉ်လိုင်းမှ သီဟဇော်မောင်းနှင်သည့် ၃ခ---ခရီးသည်ယာဉ်သည် ဆင်ပေါင်ဝဲ တောညောင်သာကားလမ်း မိုင်တိုင်အမှတ် ၅/၁ စည်ပင်လှကျေးရွာအနီး အရောက်တွင်ဘရိတ်ပေါက်ပြီးယာဉ်တိမ်းမှောက်ခဲ့ရာ အမျိုးသားလေးဦး၊ အမျိုးသမီးခြောက်ဦးဒဏ်ရာများရရှိသည့်အတွက် ချောင်းကောက်တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက် ရှိသည်။ ဒဏ်ရာ အပြင်းအထန်ရသူတစ်ဦးကို မကွေးဆေးရုံသို့ပြောင်းရွှေ့ခဲ့ရာ စက်တင်ဘာ၂၆ရက်တွင် ဆေးရုံ၌ သေဆုံးခဲ့ကြောင်းသိရသည်။ ယာဉ်မောင်းသီဟဇော်ကိုဆင်ပေါင်ဝဲမြို့နယ်ရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လူသတ်မှုကျူးလွန်သူများအား ညောင်လေးပင်ရဲတပ်ဖွဲ့ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့

မဒေါက် စက်တင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ လွန်ခဲ့သော ဧပြီ ၂၄ရက် ည ၉နာရီခန့်က အမျိုးသားတစ်ဦးညောင်လေးပင်-မဒေါက်ကားလမ်းမဘေး ဆေးရုံအနီး၌ သတိလစ်မေ့လဲနေသဖြင့် မဒေါက်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ရရှိထားသောဒဏ်ရာများကြောင့် ဧပြီ ၂၅ ရက်တွင် သေဆုံးခဲ့သည်။

၎င်းအမှုနှင့်ပတ်သက်၍သေဆုံးသူရဲမင်းနိုင်၏ဦးလေးကတိုင်တန်းလာသဖြင့် မြို့နယ်တရားရုံး၏ စစ်ဆေးသုံးသပ်အကြံပြုချက်အရ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုံစမ်းစစ်ဆေးနိုင်မှုကြောင့် လူသတ်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော ဧပြီ ၂၄ ရက် ည ၉ နာရီခန့်က မဒေါက်မြို့ ဘုရားထီးတင်ပွဲကျင်းပချိန် ညောင်လေးပင်-မဒေါက်လမ်းဘေး မဒေါက်ဆေးရုံအနီး အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သတိလစ်ကာ လဲကျနေကြောင်း သတင်းရရှိသဖြင့် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မေ့လဲနေသူမှာ ညောင်လေးပင်မြို့ ကြံဘိုကျေးရွာနေရဲမင်းနိုင်(၃၇နှစ်)ဖြစ်ပြီး ဒဏ်ရာများ ရရှိနေ၍ ရဲဆေးစာဖြင့် မဒေါက်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီတွင် သေဆုံးခဲ့သည်။

၎င်းသေဆုံးမှုကို သက်ဆိုင်ရာရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၅/၂၀၁၃)ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။ အမှုစစ်က မေ ၂၂ ရက်တွင် ညောင်လေးပင်မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သဖြင့် မြို့နယ်တရားရုံးက သက်သေ ၁၀ ဦးတို့ကို ခေါ်ယူစစ်ဆေးရာတွင် ဓမ္မတာအတိုင်း သေဆုံးခြင်း မဟုတ်ကြောင်း ၈-၇-၂၀၁၃ ရက်စွဲပါ စာအမှတ်ဖြင့် အကြောင်းကြားခဲ့၍ သေဆုံးသူ၏ဦးလေးတော်သူ ညောင်လေးပင်မြို့ ကြံဘိုကျေးရွာနေ ဦးတင်သိန်းက ဇူလိုင် ၁၂ ရက်တွင် တရားလိုပြုလုပ်တိုင်ကြားခဲ့သည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ (ပ)၁၈၃/၂၀၁၃ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုပြောင်းဖွင့်ကာ စခန်းမှူးဒုရဲမှူး သက်လွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆေးဖော်ထုတ်နိုင်မှုကြောင့် လူသတ်မှုတွင် ပါဝင်သူများဖြစ်ကြသော မဒေါက်မြို့ မြို့မ(၂) ရပ်ကွက် တာပိုင်းနေ ထွေးလေး(ခ) သန်းထွေးစိုး(၂၈နှစ်) နှင့် ကိုကို(ခ) ကိုကိုမောင်(၁၈နှစ်) တို့အား ဇူလိုင် ၂၆ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ချုပ်ရီမာန် တောင်းခံ၍ စစ်ဆေးဆောင်ရွက်ခဲ့ရာ ၎င်းတို့ကိုယ်တိုင်အမှန်တကယ် ပါဝင်လုပ်ဆောင်ခဲ့ကြောင်းထွက်ဆိုခဲ့ကြသည်။ ထို့ပြင် ထွေးလေး(ခ) သန်းစိုးထွေးက ဖြောင့်ချက်ပေးလိုကြောင်း ဆန္ဒပြုလာ၍ မြို့နယ်တရားရုံးတွင် ပြစ်မှုသေးအမှတ် (၇၈/၂၀၁၃) ဖြင့် ဖြောင့်ချက်ပေးခဲ့သည်။

လူသတ်မှုနှင့်ပတ်သက်၍ ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ အမှုကို ခိုင်လုံစွာတည်ဆောက်၍ လိုအပ်သောဥပဒေအကြံပြုချက်များ တောင်းခံကာ တရားရုံးသို့ အမြန်ဆုံးတရားစွဲဆိုနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

နေလင်း

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extin guisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။ **မီးသတ်ဦးစီးဌာန**

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၉/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-073 (2013-2014)	Electrical Spares for KG-2 Kongsberg Gas Turbines	(47) Items	US$
(၂)	IFB-074 (2013-2014)	High & Low Clutch for ZJ 70 L Sr-1 & 2 Drilling Rigs	(2) Items	US$
(၃)	IFB-075 (2013-2014)	1 Meter DEM or STRM Data (Myanmar)	(20) Nos	US$
(၄)	DMP/L-033(2013-2014)	9.00x20 Tyres, 12.00x24 Tyres, 18 R 22.5 Tyres & 14.5x20 Tyres	(4) Items	Kyat
(၅)	DMP/L-034(2013-2014)	Sercel 408 UL Line Cable Section for Acquisition Recording System	(1) Lot	Kyat
(၆)	DMP/L-035(2013-2014)	Spare Parts for Mud Logging Unit Ex ZJ 70 L & ZJ 50 D Drilling Rigs	(1) Lot	Kyat
(၇)	DMP/L-036(2013-2014)	2" Dia, 4" Dia, 6"Dia and 8" Dia Rubber Hose Pipe	(4) Items	Kyat
(၈)	DMP/L-037(2013-2014)	Electrical Spares For USS Oil Well Drilling Rig (20 Pin Plug and Receptacle)	(32) Sets	Kyat
(၉)	DMP/L-038(2013-2014)	200 AMP Circuit Breaker and Speed Adjust Rheostat For ZJ 50 D Drilling Rig	(2) Items	Kyat
(၁၀)	DMP/L-039(2013-2014)	Electrical Cards For Mud Pump Field Thyristor of Main PCR Unit Ex D3 T2 Drilling Rig	(2) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၀-၁၀-၂၀၁၃ ရက် ၁၃:၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၂၂၄)အမည်ပေါက် ဦးအောင်နိုင်ဦး ၇/ပခန(နိုင်) ၀၁၃၃၄၅ က မြေငှားဂရန်စာချုပ်မူရင်း ပျောက်ဆုံးသွားပါ၍ မြေငှားဂရန်စာချုပ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စေ့စပ်ကြောင်းလမ်းခြင်းကို နှစ်ဦးသဘောတူပြန်လည်ဖျက်သိမ်းခြင်း

ဒေါက်တာစိုးရနှင့်ဒေါက်တာထူးပြည့်လှိုင်တို့သည် နှစ်ဖက်မိဘများရှေ့မှောက်၌ ၁၈-၅-၂၀၁၃ရက်တွင် စေ့စပ်ကြောင်းလမ်းခြင်းကိုပြုလုပ်ခဲ့ပါသည်။ ယခုအခါ နှစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့သဖြင့် စေ့စပ်ကြောင်းလမ်းခြင်းကို ပြန်လည်ဖျက်သိမ်းလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းညွန့်(စဉ်-၃၄၁၉/၈၅) **ဒေါ်အေးမြတ်သူ(စဉ်-၄၂၁၂၃)**

တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**

အမှတ် ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမှားပြင်ဆင်ဖြည့်စွက်ကြောင်းကြေညာခြင်း

၂၄-၉-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ၏ စာမျက်နှာ-၂၊ ကော်လံ ၁၊၂ တွင် ကန့်ကွက်နိုင်ပါသည်ကြေညာချက်၌ပါရှိသော ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောကွက်သစ်ရပ်ကွက်၊ ဘောဂလမ်း၊ **အမှတ် ၂၈** ကို **အမှတ် ၂၅** ဟု ပြောင်းလဲပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးလှရွှေ **ဦးကျော်ကျော်ထိုက်**

တရားလွှတ်တော်ရှေ့နေ(၈၉၁၂) **အထက်တန်းရှေ့နေ(၃၄၀၅၄)**

ဖုန်း-၀၉-၅၁၇၉၇၈၆ **ဖုန်း-၀၉-၅၀၇၀၅၆၄**

အမှတ် ၂၂၊ ပထမထပ်၊ ၂၆ လမ်း၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

နယ်သတင်းနှင့်ကြော်ငြာ

ကျိုင်းတုံမြို့ အထက(၂) ကင်းထောက်မောင်မယ်များ ဘိုးဘွားရိပ်သာသို့ အလှူငွေများ သွားရောက်လှူဒါန်း

ရှမ်းပြည်နယ် စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သန်း၏ ဦးဆောင်မှုဖြင့် အထက်တန်းပြ ဆရာဦးနေဝင်း၊ဦးသိန်းဇော်၊အလယ်တန်းပြဆရာမဒေါ်အေးနွယ်ဝင်းနှင့် ဒေါ်မြတ်စုစုဇင်တို့၏ ကြီးကြပ်ပါဝင်သော ကင်းထောက်လူငယ်ကျောင်းသား ၅၀၊ ကျောင်းသူ၅၀ စုစုပေါင်း ၁၀၀တို့သည် စက်တင်ဘာ၁၉ရက်နံနက် ၁၀နာရီက အမှတ်(၄)ရပ်ကွက်၊ မြို့သစ်ရပ်၊ မြရတနာလမ်းရှိ ဘိုးဘွားရိပ်သာသို့ ရောက်ရှိခဲ့ကြရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးလေးဆောင်က ဓမ္မာရုံကြီးအတွင်း၌ ကင်းထောက်လူငယ် ကျောင်းသား ကျောင်းသူများအား ဘိုးဘွားရိပ်သာသမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီးနောက် ဘိုးဘွားရိပ်သာအတွင်းအဘိုးဆောင်၊အဘွားဆောင်၊ထမင်းစားဆောင်နှင့် ဘိုးဘွားရိပ်သာ အတွင်းသို့ လှည့်လည်ပြသ ရှင်းလင်းပြောကြားပေးခဲ့သည်။

ထို့နောက် ကင်းထောက်လူငယ်ကျောင်းသားကျောင်းသူကလေးများက အဖွဲ့များခွဲကာ အဘိုး၊ အဘွားများကိုလက်သည်း၊ခြေသည်းလှီးဖြတ်ပေးခြင်း၊ခေါင်းဖြီးပေးခြင်း၊ ခြေလက်၊ ကိုယ်ခန္ဓာများအား နင်းနှိပ်ပေးခြင်း ကောင်းမှုကုသိုလ်ယူ ဆောင်ရွက်ပြုလုပ်ပေးကြပြီး ဘိုးဘွားရိပ်သာဝင်းအတွင်း သစ်ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များအား ကောက်ယူရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများကို ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ်ဆောင်ရွက်ပြုလုပ်ပေးခဲ့ကြကာ ကင်းထောက်လူငယ်ကျောင်းသားကျောင်းသူကလေးများကိုယ်စား အလယ်တန်းပြဆရာမဒေါ်အေးနွယ်ဝင်းကအဘိုးအဘွားများအတွက် တစ်နပ်စာ ထမင်း၊ ဟင်း၊ အာဟာရအတွက် အလှူငွေ၃၅၀၀၀ ကျပ်ကိုအဘိုးတစ်ဦးအား လှူဒါန်းပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်အဖြစ်တာဝန်ထမ်းဆောင်စဉ်ကရှမ်းပြည်နယ်(အရှေ့ပိုင်း)ပယကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်းကာရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ အဘိုး၊ အဘွားများအား ပြုစု စောင့်ရှောက်ပေးမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျပ်သိန်း ၁၆၅၀ မတည်ရင်းနှီးကာ ၁၀-၁၂-၂၀၀၆ ရက်ကစတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုလက်ရှိ အဘိုး ငါးဦး၊ အဘွား ၁၂ ဦးရှိကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

မိုးကောင်း၌ ရုပ်မြင်သံကြား ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်စေလို

မိုးကောင်း စက်တင်ဘာ ၂၉

အနည်းဆုံး သက်တမ်း ၁၅နှစ်ကျော်ခန့်ရှိပြီဖြစ်သည့် ကချင်ပြည်နယ် မိုးကောင်းမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှမူလမြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကိုထုတ်လွှင့်ခဲ့ပြီးနောက်ပိုင်း၌မြဝတီရုပ်မြင်သံကြားအစီအစဉ်များကိုပါ ပူးတွဲထုတ်လွှင့်ခဲ့သည်။

ယခုအခါ ယင်းရုပ်သံအစီအစဉ်များကို ဒေသတွင်းဖမ်းယူကြည့်ရှုရာ၌ အစက်အပြောက်များပြားခြင်း၊ကြည်လင်ပြတ်သားမှုမရှိခြင်း၊MRTVအစီအစဉ်ဆိုလျှင်အဖြူအမည်းသာဖမ်းယူကြည့်ရှုရခြင်းတို့ကြောင့် သက်ဆိုင်ရာက ပြုပြင်ဆောင်ရွက်ပေးပါရန် ဒေသခံများက လိုလားနေကြကြောင်း သိရသည်။ (ဝ၆၂)

ယုဇနဥယျာဉ်မြို့တော်၌ အာယုအခမဲ့ ဆေးခန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၉

ကျန်းမာရေးအတွက် လူမှုရေးပရဟိတကုသိုလ်ဖြစ်အာယု(အခမဲ့) ဆေးခန်း စတင်ဖွင့်လှစ်ခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခွဲ(စီ)ဘလောက် ရုံးခန်းရှေ့၌ စတင်ဖွင့်လှစ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှူးဒုတိယမြို့နယ်မှူး စိုင်းသိမ်းမောင်နှင့် (၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအေးမြင့်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကုသိုလ်ဖြစ်ဆေးခန်းကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက်မြို့မိမြို့ဖ အလှူရှင်များကို ရဲမှူး(ငြိမ်း)ဦးမြင့်မောင်က ဆေးခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက လူမှုရေးပရဟိတကုသိုလ်ဖြစ်အာယု(အခမဲ့)ဆေးခန်းသည် အထွေထွေကျန်းမာရေးချို့တဲ့သည့် လူနာများကို ကုသခြင်းဖြင့် မြို့နယ် ရပ်ကွက်အတွက် အကျိုးကျေးဇူးများ ရရှိနိုင်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကျင်မောင်(ဒဂုံဆိပ်ကမ်း)

ထော်လာဂျီယာဉ်များ လုပ်ငန်းလိုင်စင်ရရှိရေးဆောင်ရွက်

ဟိုပန် စက်တင်ဘာ ၂၉

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်အတွင်းရှိ လိုင်စင်မရှိသည့် ထော်လာဂျီများအား ယာဉ်မှတ်ပုံတင်(လိုင်စင်)ဆောင်ရွက်ပေးခြင်းကို စက်တင်ဘာ ၂၃ ရက်က စတင်ဆောင်ရွက်ပေးခဲ့သည်။

သတ်မှတ်ဆောင်ရွက်

ခွင့်ပြုစက်စွမ်းအားအလိုက် သတ်မှတ်ဆောင်ရွက်ပေးရာတွင် အနိမ့်ဆုံးငွေကျပ် ၂၀၆၅၀၀၊ အမြင့်ဆုံးငွေကျပ်၉၂၉၂၀၀ပေးရမည့်အပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ပေးသွင်းရမည့်အခွန် ငွေကျပ် ၁၃၅၀၀၊ မှတ်ပုံတင်လုပ်ငန်း လိုအပ်ချက်အရ ပေးသွင်းရမည့်ငွေကျပ် ၁၄၇၀၀ (ထော်လာဂျီ)၊ ၁၇၇၀၀ (လယ်ယာသုံးထရပ်)နှင့် အခွန်ဦးစီးဌာနမှလည်း အခွန်ငွေကောက်ခံမည် ဖြစ်သည်။

ဒေသတွင်း ပို့ဆောင်မှုအဆင်ပြေစေရန်နှင့် သတ်မှတ်စည်းကမ်းများနှင့်အညီ အသုံးပြုရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ပေးဆောင်ရမည့် အခွန်ငွေများအတွက် ငွေကြေးအဆင်မပြေကြ၍ လာရောက်ဆောင်ရွက်သည့် ထော်လာဂျီယာဉ်မှာ ၁၀ စီးပင်မပြည့်ကြောင်း သိရသည်။

(၄၀၂)

ခရိုင်ပြန်/ဆက်ရုံး ကွန်ကရစ်လမ်း အလှူရှင်လှူ၍အဆင်ပြေ

ဖျာပုံ စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့တွင် ဖျာပုံတံတားကြီးခြေဆင်းနှင့် ချောင်းတွင်းလမ်းမကြီး၊ (၃)ရပ်ကွက်၊ ခရိုင်ပြန်/ဆက်ရုံးကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင်စတင်ဖွင့်လှစ်ခဲ့ရာ ရုံး၏တည်နေရာသည် မြေနိမ့်ချိုင့်ဝှမ်းအတွင်းတည်ရှိပြီး ချောင်းတွင်းလမ်းမကြီးထက် တစ်ပေနှင့်ခြောက်လက်မနိမ့်နေရာ မိုးတွင်းကာလတွင် ရုံးရှေ့လမ်းနှင့် ရုံးဝင်းအတွင်း ရေဝင်နေသည်မှာ ယခုအချိန်ကာလအထိဖြစ်သည်။

ထိုကဲ့သို့ဖြစ်နေရာတွင် ရုံးသူ ရုံးသားများ၊ စာအုပ်စာပေလေ့လာဖတ်ရှုသူများနှင့် အင်တာနက် Wifi လာရောက်သုံးစွဲသူများ ဖြတ်သန်းသွားလာရာတွင် အခက်အခဲဖြစ်နေကြရာ ယခုအခါ ဖျာပုံမြို့တွင်နေထိုင်သူ ဦးစိန်ဝင်းမိသားစု အိမ်သုံးဆေးဆိုင်နှင့် တိုင်းရင်းဆေးအမျိုးမျိုးအရောင်းဆိုင်မိသားစုက စက်တင်ဘာ ဒုတိယပတ်တွင် ကုန်ကျငွေကျပ်ခုနစ်သိန်းနှင့် လမ်းအရှည်၅၂ပေ၊ အမြင့် ၂ပေ ၉ လက်မ၊ အကျယ် ၇ပေ ၆ လက်မရှိ ကွန်ကရစ်လမ်းကို ဖောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်၍ အင်တာနက်နှင့်စာပေဖတ်ရှုသူများ သွားလာမှုအဆင်ပြေကြကြောင်း သိရသည်။ **(အောက်ပုံ)** **(ချမ်းသာ)**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၉၊ မြေကွက်အမှတ် ၂၀၃၊ အလျားပေ၆၀× အနံပေ၄၀ရှိ ပါမစ်မြေ၏ ဦးချစ်မောင်အမည်ပေါက် မြေချပါမစ်မူရင်း ပျောက်ဆုံးသဖြင့် လက်ရှိပိုင်ဆိုင်နေထိုင်သူက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနတွင် မြေချပါမစ်မိတ္တူလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ၁၄ ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပိုပိုဟန် (အထက်တန်းရှေ့နေ)
LL.B

ဦးရဲမင်းစိုး(တရားလွှတ်တော်ရှေ့နေ-၅၁၁၁)
CPT, CJT, CELPUC(YUFL), LL.B,
CBDS(MOFA),DML, DBL, DIL
အမှတ် ၂၆၂၊ ပင်းယ ၁၁ လမ်း၊(၅)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၆၀၅၂၃၊ ၀၉-၇၃၁၅၁၀၁၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅စီ)၊ မြေကွက်အမှတ်(၁၇)၊ ဧရိယာ ၀ဒသမ၁၀၃ ဧကအနက်မှ ပေ(၂၀×၄၀)အကျယ်အဝန်းရှိ မြေအမျိုးအစား-ဘီ(လ/န-၃၉)ကျပြီးမြေကွက်ဟုခေါ်တွင်သော အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ဆေးဝါးစက်ရုံလမ်း၊အမှတ်(၅၀၉)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စမ်းငွေ ၁၂/အစန(နိုင်)၀၁၆၂၃၀က အစဉ်အဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သောပစ္စည်းဖြစ်ပါသည်။ ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ	ဒေါ်ခင်မာနွယ်	ဒေါ်ဟန်သီစိုး
LL.B,D.B.L	LL.B,D.B.L	LL.B,IDCS,IADCS
(စဉ်-၂၈၆၄၁)	(စဉ်-၃၁၀၇၀)	(စဉ်-၃၉၄၄၇)

အထက်တန်းရှေ့နေများ
အမှတ်(၁၃၆/၁၃၈)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်အမှတ် ၂၊ အခန်းအမှတ် ၀၀၁ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒုတိယဗိုလ်မှူးကြီးညီဖြူ(ငြိမ်း) MMO-၂၁၈၁၂၀ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးကြယ်နေလ ၁၄/ညတန(နိုင်)၁၀၀၈၆၈သည် ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါကကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ(ကံဘဲ့)၊ မြေကွက်အမှတ် ၈၂၊ မြေကွက်တည်နေရာအမှတ် ၃၊ မြဝတ်ရည် ၃ လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးတင်ဝင်း(ခ)မော့စ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးတင်ဝင်း(ခ)မော့စ် ၁၂/ဥကတ(နိုင်)၀၀၇၇၀၈ ကွယ်လွန်သဖြင့် ဒေါ်လှလှမော် ၁၂/ဥကမ(နိုင်) ၁၀၄၈၉၂ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၃၈၇/က၊ စတုရန်းပေ ၁၂၀၀ (အလျားပေ ၂၀×အနံ ပေ၆၀)အကျယ်အဝန်းရှိ ဒေါ်တင်တင်ညွှန့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ်(၃၈၇/က)ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုသူ ဦးခင်မောင်ရင် ၁၂/ဥကတ(နိုင်)၀၆၆၆၅၉ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်သက် (စဉ်-၂၇၁၅၄)	ဒေါ်ဆွေဇင်မိုး (စဉ်-၂၇၀၅၅)
LL.B	LL.B
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
ဖုန်း-၀၉-၇၃၁၁၂၉၁၄	ဖုန်း-၀၉-၄၂၀၀၅၁၀၄၃

အမှတ် ၂၄၁/၁၊ သပြေညိုလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အမှတ်(၂)၊ ဧရာဝတီလမ်း၊ အမှတ် ၅၈၊ မြေညီထပ်(ယာခန်း)အား ကျွန်ုပ်၏မိတ်ဆွေမှ ၂၀၁၃ ခုနှစ် မတ်လ ၁၉ရက်တွင် **နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်စာချုပ်**ချုပ်ဆိုကာ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းသာ ပိုင်ဆိုင်ပြီးကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ငှားရမ်းခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းအစရှိသည့် မည်သည့်ကိစ္စရပ်ကိုမျှမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရန်ပိုင်စိုး LL.B
အထက်တန်းရှေ့နေ(စဉ်-၃၁၂၂၆)
အမှတ်(၄၅)၊ ဝတ်ကျောင်းလမ်း၊(၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန် ၃လမ်း၊ အေးရိပ်မွန်အိမ်ရာရှိ တိုက်အမှတ် (၅)၊ အခန်းအမှတ် (E2) (ပထမထပ်)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်မျိုးဦး၊ ဒေါ်ခင်မျိုးသန်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးစည်သူ ၁၂/ကမရ(နိုင်)၀၅၇၆၆၈က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မအိစုထွေး ၁၂/ဒလန(နိုင်)၀၄၃၄၉၀သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍သမီးအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ကျင်ဝမ်
၁၂/ဒလန(နိုင်)၀၃၄၂၂၀

အလုပ်အကိုင်အခွင့်အလမ်းကြော်ငြာများ

Career Opportunity
(For Local Service Only)

Being appointed as the sole distributor of one of the world's leading automotive brand in Myanmar, we will be having a new facility to retail our new vehicles and support our customers with internationally experience staff and equipment. Come and be part of an integral motivated team who are committed to our values of innovation, integrity and excellence. When you join us, you are associated to a vibrant organization which is dedicated to delivering to our customer's quality cars, a high level customer service and superior aftersales.

We are now looking for talented and dynamic individual with passion for cars to fill the follwing position.

1) Sales Manager **01 post (M/F)**

Responsibilities:
Responsible for dealership Sales strategy and manage sales team to deliver desired performance, improve sales volume, market share and profit contribution.

Requirements:
Minimum3years' experiencein automotive sales and sales team management and preferably Master, Bachelor Degree, Diploma in Business/Marketing Management or other related field (MBA / BBA / DMA) are prefer.Familiar with MS Office applicationsand fluency in English will be an asset.

2) Sales Consultants **10 post (M/F)**

Responsibilities:
Promote and sell full range of world's leading automotive brand cars and advice customers on vehicle financing, insurance and vehicle related

Requirements:
Any Graduates,Diploma /Certificate in Commencewithrelevant experience in auto sales or in related service industry. Familiar with MS Office applicationsand fluency in English will be an asset.

3) Sales Admin Assistant **02 post (M/F)**

Responsibilities:
Responsible for all Sales administration including Pre-Delivery Inspection, registration of vehicles and invoicing/payment.

Requirements:
Any Graduate, Diploma /Certificate in Commencewith relevant experience in admin or auto related industry. Familiar with MS Office applicationsand fluency in English will be an asset.

4) Planning &Marketing Manager **01post(M/F)**

Responsibilities:
Responsible for product planning and developmentand generating plans for production, sales and stocks. Develop and implementation of brand marketing objectives and PR strategies and conceptualization and formulate marketing plans.

Requirements:
Master, Bachelor Degree or Diploma in Business/Marketing Management or other related field (MBA / BBA / DMA) are prefer with minimum 3 yearsof Marketing, PR, Advertising or media field experience. Auto industry experience and familiar with MS Office applications.English fluency will be an advantage

5) Marketing Executive **01post(M/F)**

Responsibilities:
To assist Marketing Manager in conceptualization and formulating of marketing plans, product packaging and product launching. Also include execution of marketing campaign, PR, Media, advertising and event management.

Requirements
Any Bachelor Degree or Diploma in Business/Marketing Management or other related field (MBA / BBA / DMA) are prefer. Minimum 2 years or relevant marketing experience. Auto industry experience and familiar with MS Office applications.English fluency will be an advantage.

6) Finance Assistant **01 post (M/F)**

Responsibilities:
Assist Finance Manager in accounting function such as cash flow, petty cash claims and payments, book keeping and reconciliation schedule.

Requirements:
Require Diploma/LCCI Intermediate Accountancy or equivalent with minimum 2 years of relevant accounting experience.Familiar with MS Office applications and fluency in English will be an asset.

Interested applicants are invited to send in their detailed resume with photograph and expected salary by xxSept 2013 to:

Interested applicants are requested to send Curriculum Vitae(CV), two (2) passport size recent photos and photocopies of the Graduation Certificates, National Identification card, Labour Registration card, Police Clearance, Household Census Lists to

Pacific - AA Motor Ltd
No.408/410, Mahabandoola Street, 4th Floor, Kyauktada Township, Yangon.
latest by 12 Oct, 2013.

ပြည်တွင်း၌သာခန့်ထားရန် (လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများဖြန့်ချိရောင်းချရန်)

1. **Sales Supervisor (၃)ဦး**
- တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူ
- အသက် ၂၅ မှ ၃၅ နှစ်ကြား(ကျား/မ)
- လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများဖြန့်ချိရေးတွင် အတွေ့အကြုံအနည်းဆုံး(၄)နှစ်ရှိသူ
- လုပ်ငန်းစီမံခန့်ခွဲနိုင်မှုစွမ်းရည်ရှိသူ
- လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၊အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းစွမ်းရည်ရှိသူ
- အရောင်းဝန်ထမ်းများကို ကြီးကြပ်ဦးဆောင်နိုင်သူ
- ပြောဆိုဆက်ဆံရေးကောင်းမွန်သူ၊ စည်းရုံးရေးကောင်းသူ
- စာရင်းဇယားပိုင်းနားလည်တတ်ကျွမ်းသူ
- အင်္ဂလိပ်စာအရေး၊ အပြောကျွမ်းကျင်သူ
- ကွန်ပျူတာအသုံးပြုနိုင်သူ

2. **Sales Representative (အရောင်းဝန်ထမ်း)-၇ ဦး**
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ
- အသက်(၂၀)မှ (၃၀)ကြား (အမျိုးသား)
- လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများ ဖြန့်ချိရောင်းချသည့်အတွေ့အကြုံရှိသူ
- ပြောဆိုဆက်ဆံရေးကောင်းမွန်သူ
- အင်္ဂလိပ်စာအရေးအပြောနားလည်သူ
- မော်တော်ယာဉ်ကျွမ်းကျင်စွာ မောင်းနှင်နိုင်ပြီး ယာဉ်မောင်းလိုင်စင်ရှိသူကို ဦးစားပေးမည်။

3. **Merchandiser (ကုန်ပစ္စည်းပို့ဆောင်ခင်းကျင်းရေးဝန်ထမ်း)- ၅ ဦး**
- မော်တော်ယာဉ်ကျွမ်းကျင်စွာမောင်းနှင်နိုင်ပြီး ယာဉ်မောင်းလိုင်စင်ရှိသူ
- ကုန်ပစ္စည်းပို့ဆောင်ခင်းကျင်းနိုင်သူ
- အသက်(၂၀)မှ (၃၀)ကြားအမျိုးသား
- ပညာအရည်အချင်း တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ

4. **Promoter (အရောင်းဝန်ထမ်း)- ၂၀ ဦး**
- အသက်(၁၈)မှ (၂၅)နှစ်ကြား (အမျိုးသမီး)
- ပညာအရည်အချင်း အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်းထိပညာသင်ဖူးသူ
- အင်္ဂလိပ်စာအသင့်အတင့်နားလည်သူ
- ပြောဆိုဆက်ဆံရေးကောင်းမွန်သူ
- ရုပ်ရည်အသင့်အတင့်ရှိ၍ မိမိကိုယ်ကိုယုံကြည်မှုရှိသူ
- အလှကုန်ပစ္စည်းများ ဖြန့်ချိရောင်းချသည့်လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်လိုအပ်သော အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံရေးရာဌာန
New Link Marketing Limited
အမှတ်(၆-ခ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၁-၅၆၁၅၃၂၊ ၅၆၀၂၁၆၊ ၀၉-၈၆၂၇၅၁၇
အီးမေးလ်လိပ်စာ- newlinkadm@ gmail.com

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Assistant Accountant မ(၂)ဦး
Any Graduate (L.C.C.I Level III)
၂။ [illegible] ကျား(၁)ဦး
Any Graduate

[illegible]

ကော်ပီတေးစီးရီး
အတွက်
အဆိုဝါသနာရှင် ၁၀ဦး
အလိုရှိသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၅၁၈၅၆၆၃၊
၀၉-၈၆၁၂၉၉၇

ကြည်စိုး LC [illegible]

Silver Shine International Co., Ltd, Yangon, Myanmar
(For local appointments only)

We are a pharmaceutical manufacturing private company, currently operating production and distribution business lines with an international specialty pharmaceutical company. Aiming at expansion of our business to international level, we are now recruiting self - motivated, academically qualified and professionally certified persons to fill the following executive positions in our pharmaceutical factory project under the technical supervision of an EU - GMP consultancy group.

1. Job title : **Head of Quality** M/F (1)post

Requirements :

(1) Education - University degree in pharmacy (preferably a Master's degree or higher degree) The person must not have been deprived of legal capacity to hold a position in the pharmaceutical industry.
(2) Professional experience - not less than 10 years, of uninterrupted work experience in the production and/or control of pharmaceuticals.
(3) To be well acquainted with the PIC/s standards on Good Manufacturing Practice (EU-GMP) and Good Laboratory Practice (GLP), as well as other international GMP standards.
(4) Good command of English. Other languages are an advantage.
(5) Good computer skills.

2. Job title : **Head of Engineering** M (1)post

Requirements :

(1) Education - Bachelor or better Master in Engineering (different specialization possible)
(2) Professional experience - At least 10 years experience in a leading position of the engineering department of a midsized (preferred) pharmaceutical manufacturing plant. Mechanical as well as electrical skills essential.
(3) Knowledge about preventive maintenance planning and continuous improvement.
(4) IT knowledge desirable. Familiar with installation, repair and maintenance of commonly used utilities (HVAC, water, compressed air, electricity (e.g.UPS) etc.
(5) Knowledge about GMP desirable
(6) Good knowledge in English (speaking and reading/ writing)

3. Job title : **Head of Production/ Manufacturing** M/F (1)post

Requirements :

(1) Education - University degree in pharmacy (preferably a Master's degree) so that the person can be registered with local FDA. The person must not have been deprived of legal capacity to hold a position in the pharmaceutical industry.
(2) Professional experience – preferably 10 years, but not less than 5 years, of uninterrupted work experience in the production and/or control of pharmaceuticals.
(3) To be well acquainted with the FDA standards, and preferably also international standards on Good Manufacturing Practice (PIC/GMP) and Good Laboratory Practice (GLP), as well as other international GMP standards.
(4) Good command of English; local language preferred.
(5) Good computer skills.

4. Job title : **Project Assistant (Translation & QM Documentation)** M/F (1)post

Requirements :

Reporting to the Project Leader (PL) cum the EU - GMP Consultant, the Project Assistant ensures during the entire project that all translation and interpreter necessities are managed properly and reports are established in both local and English languages. Also, he or she shall have appropriate knowledge in pharmaceutical matters and shall be possible to understand and establish Quality Management documentation under guidance. All decisions concluded by the project Steering Committee will be followed through on a daily basis with all involved departments at SSI in the absence of the PL and regular communication shall be made with the PL. Internal follow-ups with Quality Control/ Production/ Utilities/ General departments.

Interested persons may apply with a CV (a recent photo attached) together with relevant documents and referee(s) to us not later than 10 October 2013.

Factory address : No. 24,28,29,30,31(A),31(B), Prince Ka Naung Street, Shwe Pauk Kan Industrial Zone, North Okkalapa Township. Yangon, MYANMAR.
Fax : +95-1-695118
Email : info@ssipharma.net

အလုပ်အကိုင်အခွင့်အလမ်းကြော်ငြာများ

ဝန်ထမ်းအလိုရှိသည်

၁။ ဆောက်လုပ်ရေးအင်ဂျင်နီယာ ကျား(၂)ဦး

လုပ်ငန်းကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်အထက်ရှိရမည်။

(AGTI Civil - B.Tech Civil - B.E Civil)

[illegible]

နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ

ဆက်သွယ်ရန်လိပ်စာ။ [illegible]

[illegible] ဖုန်း - ၀၁ - [illegible]

Maritime Management Institute (MMI)

Advanced Certificate in Logistics & Supply Chain Management (သင်တန်း) ညနေပိုင်းသင်တန်းဖွင့်လှစ်မည်။

ဖွင့်လှစ်မည့်ရက်	:	၁၄-၁၀-၂၀၁၃ (တနင်္လာနေ့)
အချိန်	:	ညနေ (၆) နာရီမှ (၈) နာရီ (တနင်္လာ မှ သောကြာနေ့အထိ)
လက်ခံမည့်ဦးရေ	:	(၂၀) ဦး
သင်တန်းနေရာ	:	[illegible]
ဖုန်းနံပါတ်	:	၀၉ ၃၁၄ ၂၃၂၅၃၊ ၀၉ ၄၅၀ ၀၄၂၉၉၉

သင်တန်းသားများ ခေါ်ယူလျက်ရှိ

Maritime Management Institute

ရေကြောင်းစီးပွားရေးဆိုင်ရာသင်တန်းကျောင်း မှ

သင်္ဘောအရာရှိများ SRPS ကုမ္ပဏီအရာရှိများနှင့် အလုပ်သမားဥပဒေလေ့လာသူများအတွက်

2 Days Intensive Workshop Training (4th Batch)

Understanding & Effective Implementation of the Maritime Labour Convention, 2006.

၁၂-၁၃ အောက်တိုဘာလ ၂၀၁၃ (၂ ရက်သင်တန်း)

သင်တန်းအပ်နှံ လက်ခံနေပြီ

အမှတ် ၁၂၄ ၅၅၇၉ [illegible] ရန်ကုန်မြို့။

ဖုန်း - 09 314 23253, 09 450 042999

[illegible]

Account F (1) Post

၁။ LCCI Level (1,2,3)အောင် -လုပ်ငန်းအတွေ့အကြုံ(၅)နှစ် [illegible]

Supervisor M (3) Post

၂။ [illegible] Mobile [illegible] Retail [illegible]

Supervisor (Supermarket) M/F

၃။ [illegible] Supermarket [illegible]

အရောင်းဝန်ထမ်းများ(၅)ဦး

၄။ [illegible] (၁၀)တန်း [illegible] (၂)နှစ်ရှိရမည်။ [illegible]

Driver / Sale Driver

၅။ [illegible] Box [illegible]

[illegible]

ဆက်သွယ်ရန် Northern Stone Co.,Ltd အမှတ်(၁၇၇) [illegible]

ဖုန်း - [illegible]

Moe Kyaw International Co., Ltd.

တိုက်အမှတ် (၂၅၂)၊ ယင်းမာမြိုင်လမ်းနှင့် ကံ့ကော်မြိုင်လမ်းထောင့်၊ အမှတ် (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၅၆၀၇၅၀၊ ၀၉-၄၉၃၂၀၂၁၉

Civil Engineer [BE(or) AGTI] Male (5) Posts

- RC နှင့် အထပ်မြင့်ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ် အထက် ရှိရမည်။
- လုပ်ငန်းတစ်ခုလုံး ဦးဆောင်နိုင်သူဖြစ်ရမည်။
- နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

Quantity Surveyor [BE(or) AGTI] (Civil) Female (4) Posts

- Estimate တွက်ချက်မှုကျွမ်းကျင်သူဖြစ်ရမည်။
- Auto Cad (2D,3D) အပါအဝင် အခြားလုပ်ငန်းအတွေ့အကြုံနှင့် ပညာအရည်အချင်းများအပေါ် အခြေခံ၍ ဦးစားပေးခန့်ထားမည်။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်းဆိုင်ရာ ဘွဲ့လက်မှတ်နှင့် အခြားကျွမ်းကျင်မှုဆိုင်ရာလက်မှတ်များကို (မူရင်း)နှင့်အတူ မိတ္တူများတင်ပြ၍ မိမိတို့၏ ကိုယ်ရေးအကျဉ်း CV Form တွင်ဓာတ်ပုံ၊ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်း၊ Passport ဓာတ်ပုံနှစ်ပုံ၊ သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းတို့မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာနှင့်အတူ ၁၀-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

Vacancy Announcement

Sales and Marketing Manager - Male/Female (1) Post

- Any Graduate
- Not more than 35 Years of age
- Minimum 5 years experience in marketing field of shipping industry
- Fluent in English (both written and spoken)
- Good interpersonal skills, able to work in a team, good communication and leadership skills with pleasant personality
- Able to plan and implement marketing activities

Admin Manager - Male (1) Post

- Any Graduate (Management related Degree / Diploma / Certificate holders will be given priority)
- Not more than 35 Years of age
- Minimum 3 years experience in related field
- Fluent in English (both written and spoken)
- Good interpersonal skills, able to work in a team, good communication and leadership skills with pleasant personality

Interested candidates are to submit CV, recent photo (within three months ago), copy of NRC and other related documents to Aquamarine Shipping Co. Ltd. Room 8-D, No.24-26, South Race Course Condo, South Race Course Street, Tamwe Township,Yangon. Tel/Fax : 1-542726, 401388 not later than Oct 4, 2013.

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာ ခန့်ထားရန်)

- Custom Clearance (ဆိပ်ကမ်းပိုင်း/ရုံးပိုင်း) (၂)ဦး (အမျိုးသမီး)
- Trade Manager (၁)ဦး (အမျိုးသမီး)
- ဒရိုင်ဘာ (၄)ဦး
- Be & Forever Co.,Ltd.

အမှတ် ၂၃၀/၂၃၇၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန် ဖုန်း-၃၇၈၈၁၂၊ ၃၇၈၈၁၃၊ ၃၇၈၈၁၆ ရန်ကုန်မြို့။

Email:mzf machinery. office@gmail.com

ဝန်ထမ်းအလိုရှိသည်

Sun Rays Trading & Industrial Co.,Ltd.

အမှတ် (၄၂)၊ လမ်းမတော် ၅လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၆၀၇၁၊ ၂၂၅၃၄၁၊ ၂၂၆၁၂၇

(၁) **B.Agr. Sc (or) B.Ag ဘွဲ့ရရှိပြီးသူ** ကျား/မ ၁၀ ဦး

(၂) **စိုက်ပျိုးရေးဒီပလိုမာ (Dip. Agri)** ကျား/မ ၁၀ ဦး

- အသက် ၂၀ မှ ၄၀ အတွင်းရှိသူဖြစ်ရမည်။
- မည်သည့်နယ်မြေဒေသမဆို ညအိပ်ညနေ သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး ဆိုင်ကယ်စီးကျွမ်းကျင်သူ ဖြစ်ရမည်။
- လုပ်ငန်းအပေါ်စိတ်ပါဝင်စားသူဖြစ်ပြီး ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။
- လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်ပြီး လစာကောင်းပေးမည်။
- စိုက်ပျိုးရေးနှင့်ပတ်သက်သော ပညာပေးဟောပြောနိုင်သူအား ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်း၊ ပညာအရည်အချင်းနှင့်သက်ဆိုင်သောစာရွက်စာတမ်းများ ပူးတွဲနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

Max Energy Co., Ltd.

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

အမှတ် ၁၂၃၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၉၅၁-၂၅၅၈၁၉၁၃၈

1. **Supervisor (ကျား)**
   (စက်သုံးဆီအရောင်းဆိုင်များ)
   - အသက်(၂၈)နှစ်နှင့် (၃၅)နှစ်ကြားဖြစ်ရမည်။
   - တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
   - စီမံခန့်ခွဲမှုဆိုင်ရာအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
   - ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုတတ်ရမည်။
   - နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
2. **Filling Staff (ကျား)**
   Sales/Cashier (မ)
   (စက်သုံးဆီအရောင်းဆိုင်များ)
   - တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
   - အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူဖြစ်ရမည်။
   - ကျန်းမာရေးကောင်းမွန်သူဖြစ်၍ Computer အသုံးပြုတတ်သူဖြစ်ရမည်။
   - နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

(လျှောက်ထားလိုသူများသည် CV Form, ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ သက်တမ်းရှိလိုင်စင်ဘာကတ်၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံစာ၊ အရည်အချင်းအထောက်အထားစာရွက်များနှင့် ၁၀-၁၀-၂၀၁၃ ရက်နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။)

MYANMA GOLDEN STAR Co.,Ltd.

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Project Manager** ကျား(၂)ဦး
M.E(Civil)/B.E(Civil)ဖြစ်ရမည်။ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခြင်း အတွေ့အကြုံ(၈)နှစ်အထက်ရှိပြီး Building Construction ဆိုင်ရာ Design စိစစ်ခြင်း၊ Tender Processing, Contract Negotiation အတွေ့အကြုံရှိသူ ဦးစားပေးမည်။

၂။ **Project Engineer** ကျား(၂)ဦး
M.E(Civil)/B.E(Civil)ဖြစ်ရမည်။ Building Construction Structure လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်ရှိပြီး အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခြင်း အတွေ့အကြုံရှိရမည်။ လိုအပ်ပါကနယ်တွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ **Electrical Engineer/M&E Engineer** ကျား(၃)ဦး
B.E/M.E(Electrical),B.E/M.E(Mechanical) ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။ Construction MEP(M&E) အတွေ့အကြုံရှိသူဖြစ်ရမည်။

၄။ **HR Manager** ကျား/မ(၂)ဦး
ဘွဲ့ရအပြင် MBA/DMA/HR Diploma လက်မှတ်ရရှိပြီး HRလုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။

၅။ **Accountant** ကျား/မ(၂)ဦး
B.Com (သို့မဟုတ်)LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။

၆။ **စိုက်ပျိုးရေးမန်နေဂျာ** ကျား(၂)ဦး
B.Ag/Dip in Agri: ရရှိသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၇။ **ကုန်စည်ဖြန့်ဖြူးရေးတာဝန်ခံ** ကျား(၂)ဦး
ဘွဲ့ရရှိသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိပြီး၊ လုပ်ငန်းကျွမ်းကျင်ရမည်။

၈။ **ယာဉ်မောင်း** ကျား(၃)ဦး
ယာဉ်မောင်းလိုင်စင်ရှိပြီး၊ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် ကာလာဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူများနှင့် C.V Form တို့နှင့်အတူ ကုမ္ပဏီတည်ရှိရာ အမှတ်(၂၃/၂၄)၊ ဗဟိုရ်စည်ရိပ်သာ၊ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ နှစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၁-၂၂၀၂၃၁၊ ၂၂၄၄၁၁၊ ၂၂၄၄၁၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈ဓ/၉၄၀၂ Shine L/T P/U ယာဉ်လက်ဝယ်ရှိသူ ဦးဆောင်ကိုလတ် ၁၃/တကန(နိုင်)၁၄၁၀၄၇ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနရ၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်

လူမှုရေးကြော်ငြာ

ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်း
အလုပ်ရုံဆွေးနွေးပွဲ ဖိတ်ကြားခြင်း

[illegible]

နေ့ရက် ✦ ၅-၁၀-၂၀၁၃ (စနေနေ့)
အချိန် ✦ နံနက် (၉) နာရီမှ (၃) နာရီထိ
နေရာ ✦ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရုံးအစည်းအဝေးခန်းမ
အမှတ် (၃-A) [illegible]
[illegible] ရန်ကုန်မြို့ Ph : 09-515564, Fax:380141

အလုပ်အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ကြည်(ရေစကြို)
အသက်(၈၇)နှစ်

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမောင်ဝင်း၏ မိခင် ဒေါ်ခင်ကြည်သည် ၂၀-၉-၂၀၁၃ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်မြင့်မြင့်ဝင်း (Mabel) B. Sc.(U.S.A)
M.D. International School of Myanmar
မင်းလှမြို့နယ်အသင်း ဦးဆောင်နာယက
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ် ၂၉-Aနေ (ဦးဘကြူး-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးဘသောင်း-ဒေါ်အုန်းသွင်)၊ဒေါ်ခင်ခင်၊ (ဒေါ်လှလှ)၊ (ဦးမောင်မောင်စိုး)-ဒေါ်ခင်ခင်သန်း၊ (ဒေါ်သန်းသန်း-ဦးထွန်းမြင့်)၊ (ဦးမောင် မောင်တင်)-ဒေါ်သန်းမြင့်၊ (ဦးမောင်မောင်ညွန့်)-ဒေါ်ရီရီငွေးတို့၏ညီမသည် ၂၅-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၂၅နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Bumrungrad ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀နာရီတွင် Khlong Toei Nai Templeတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်မြင့်မြင့်ဝင်း(Mabel) B.Sc (U.S.A)
M.D. International School of Myanmar
မင်းလှမြို့နယ်အသင်း ဦးဆောင်နာယက
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ် ၂၉-Aနေ (ဦးဘကြူး-ဒေါ်တင်ရွှေ)တို့၏သမီး၊ ဒေါက်တာသီရိထွန်းမြင့်-ဒေါက်တာအေးမောင်ဟန်၊ ဦးရဲထွန်း-ဒေါ်နှင်းနွယ်အေး၊ ဦးညီညီထွန်း-(ဒေါက်တာစန်းစန်းမြင့်)၊ဒေါ်မဥ္ဇူစိုး-ဦးဘိုဘို၊ ဦးယမုံစိုး-ဒေါ်ဖြူဖြူရိုးစိန်၊ ဒေါ်အိန္ဒြာစိုး-ဒေါက်တာဉာဏ်တော၊ ဒေါ်စန္ဒာစိုး၊ ဒေါ်ဥမ္မာစိုး-ဦးစံသိန်း၊ ဦးကျော်ကျော်တင်-ဒေါ်စုစုသော်၊ ဦးဇော်ဇော်တင်-ဒေါ်မေဝန်းကြည်၊ ဒေါ်သင်းသင်းမြင့်၊ ဒေါက်တာထွန်းညွန့်ကြူး-ဒေါ်လှသွယ်ဝင်း၊ ဦးမျိုးညွန့်ကြူး-ဒေါ်သင်းသင်းအေး၊ (ဦးလင်းညွန့်ကြူး)တို့၏အဒေါ်သည် ၂၅-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၂၅နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Bumrungrad ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀နာရီတွင် Khlong Toei Nai Templeတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းမှတ် (၅၅၅ သောက်ရေသန့်လုပ်ငန်း)
အသက်(၇၃)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာနေ (ဦးလောင်-ဒေါ်အေးငွေ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ကျော်သူ ၁၉ လမ်း၊ အမှတ် ၈၈၁နေ ဦးအောင်သိန်း၏ဇနီး၊ ဦးရွှေလှဝင်း-ဒေါ်သန်းသန်းဦး၊ (ဦးသိန်းထွန်းအောင်)-ဒေါ်အေးအေးသန်း၊ ဒေါ်ခင်ခင်ချို၊ ဦးသန်းထွန်းအောင်၊ မောင်ဝင်းမောင်မောင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၅-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအေးကျော်
ပွင့်သစ်လွိုင်းတွန့် စက္ကူဘူးစက်ရုံပိုင်ရှင်
ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆုအလှူရှင်
အသက်(၅၉)နှစ်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရာပြတ်ဌာန၊ ဒုတိယဌာနမှူး ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ မောင်ရာဇာလင်း၏ချစ်လှစွာသောဖခင်၊ အားလုံးအပေါ် မေတ္တာတရားကြီးမားသော မိဘသဖွယ်ရှိသေလေးစားရပါသော ကျေးဇူးကြီးမားလှသည့် ဦးအေးကျော်သည် ၁၈-၉-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပွင့်သစ်စက္ကူဘူးစက်ရုံမှ ဝန်ထမ်းများ

ဒေါ်စိန်ရင် (အဖျောက်) အသက်(၉၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၁၆/၄ရပ်ကွက်၊ ဝေသန္တရာလမ်း၊ အမှတ် ၁၁၃၅နေ (ဦးဘသိန်း-ဒေါ်ရွှေမှုံ)တို့၏သမီး၊ (ဦးမြစိန်)၏ဇနီး၊ (ဦးကြီးစိန်)၊ (ဦးကြီးငွေ)၊ ဦးကျော်ထူးတို့၏အစ်မကြီး၊ ဦးအောင်ထူး(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်တင်မြင့်၊ ဦးဇော်ဝင်း(ကုန်စည်ပို့ဆောင်ရေး)-ဒေါ်မြင့်မြင့်ခိုင်(ဆည်မြောင်းဦးစီးဌာန)၊ ဦးကျော်မင်း-ဒေါ်မြင့်မြင့်စိန်တို့၏မိခင်၊ ဗိုလ်ကြီးမျိုးမြင့်သူ(စစ်တက္ကသိုလ်၊ပြင်ဦးလွင်)-မလှမြတ်ဖြူ၊ မဇင်မာထွန်း၊ မစုလှဲ့ထွန်း၊ မလွင်သက်သက်မွန်တို့၏ ဘွားဘွားကြီးသည် ၂၈-၉-၂၀၁၃ရက် နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း၊ တန်ဆောင်း ရဟန်းမယ်တော်ကြီး
ဒေါ်ရီ (ဟသ်ာတ၊ ပိတောက်ကုန်း)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ အမှတ် ၁၂/အေ၊ ရတနာပုံ ၅လမ်း၊ ရတနာပုံအိမ်ရာနေ (ဦးဘိုးစိန်-ဒေါ်မယ်တင်)တို့၏သမီး၊ (ဦးသိန်းမောင်)၏ဇနီး၊ ဦးကျော်ဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ငြိမ်း)၊ ဦးကျော်လင်း (ကျောင်းအုပ်ကြီး၊ အထက-၃၊ ဒဂုံ၊ ငြိမ်း)-ဒေါ်ကြည်ကြည်မြင့်၊ ဦးသန်းဦး(ဂုန်နီစက်ရုံ၊ အုတ်ကျင်း၊ ငြိမ်း)-ဒေါ်ခင်စန်းဝင်း(ဂုန်နီစက်ရုံ၊ ငြိမ်း)၊ ဦးမြင့်ကို-ဒေါ်စန်း၊ ဒေါ်ရင်ချို၊ ဦးဟန်ရီ(မူလတန်း ကျောင်းအုပ်)-ဒေါ်ခင်မာချို(အလယ်တန်းပြ)၊ ဒေါ်သီဂီချိုတို့၏မိခင်ကြီး၊ မြေး ၁၁ယောက်၊မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၉-၂၀၁၃ရက်နံနက် ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၂နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အင်ဂျင်နီယာချုပ် ဒေါ်ချယ်ရီမျိုးတင့်၏မိခင် ဒေါ်တင်တင်ကြီး အသက်(၈၁)နှစ်သည် ၂၆-၉-၂၀၁၃ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယအထွေထွေမန်နေဂျာ၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဌာနနှင့်
စာတိုက်လုပ်ငန်းဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ငွေကျော့ (လ/ထညွှန်ကြားရေးမှူး၊ သူနာပြု)
အသက်(၅၆)နှစ်

မွန်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါ်ငွေကျော့(လ/ထညွှန်ကြားရေးမှူး၊ သူနာပြု)သည် ၂၇-၉-၂၀၁၃ရက် ညနေ ၃း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်နယ်ကျန်းမာရေးဦးစီးဌာန(မွန်ပြည်နယ်)

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇/F၊ မြေကွက်အမှတ် ၆/ဃ၂၈-A၆၊ ဧရိယာ ဝ.ဒသမဝ၄၅၈ဧက၊ မြေကွက်အမှတ် ၆/ဃ၂၈-A-၂၊ ဧရိယာ ဝ.ဒသမ၈၉ဝဧက မြေကွက်တည်နေရာ ၆/ဃ ၂၈-A၆၊ ၆/ဃ ၂၈-A၂၊ မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ ဒေါ်ချစ်ရင်၊ မတင်နွဲ့နွဲ့မင်း အမည်ပေါက် မြေပိုင်မြေ လ/န ၃၉မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ချစ်ရင် ကွယ်လွန်၊ ခင်ပွန်းဖြစ်သူ ဦးစံညွန့်ကွယ်လွန်သဖြင့် (၁)ဒေါ်မြမြညွန့် ၁၂/လသန(နိုင်) ဝ၁ဝ၃ဝဝ၊ (၂)ဦးညွန့်ရင် ၁၂/လသန(နိုင်)ဝဝ၉၉၇၈၊ (၃)ဒေါ်ချိုချိုညွန့် ၁၂/ပဘတ(နိုင်)ဝဝ၅၃၆ဝ၊(၄) ဦးကျော်စိုးမြင့် ၁၂/မဂတ(နိုင်)ဝ၅ဝ၃၂၅၊ (၅) ဒေါ်စန်းစန်းညွန့် ၁၂/လသန(နိုင်)ဝ၁၁၂၆ဝတို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်နွဲ့နွဲ့မင်းထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၆၃ဝ/၁၁ဖြင့် GP ရသူ ဦးဇော်မင်းဇင် ၁၂/ကမရ(နိုင်)ဝ၂၈၉၃၃တို့က ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်

စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ် ၂/၂၁၃၊ မြေကွက်တည်နေရာအမှတ် ၃၄၃၊ (၁၂)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးချစ်ရွှေ အမည်ပေါက် နှစ် ၆ဝဂရန်မြေအား အမည်ပေါက် ဦးချစ်ရွှေ ကွယ်လွန်သဖြင့် ဇနီး ဒေါ်ခင်စန်းရီ ၁၂/ဒပန (နိုင်)ဝဝ၄ဝ၄၆ထံမှ GP $\frac{၁၄၆၆၈/၁၃}{၁၉-၈-၁၃}$ ရရှိသူဒေါ်တင်ဇာခိုင်၁၂/လမန (နိုင်)၁၂၉၈၂၈က ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံနှင့် ရဟန်းအမကြီး
ဒေါ်ကျင်နု (ဒေးဒရဲ)
အသက်(၁၀၀)

(ဦးသာဒွန်းဇံ-ဒေါ်မေ)တို့၏သမီး၊(ဦးဘသာ၊ အင်း၀)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးကျော်သန်း)-ဒေါ်ခင်တင်၊ ဦးကျော်မြင့်-ဒေါ်ညွန့်မေ၊ ဦးစိန်လှ(ပန်းချီဇော်မော်)-ဒေါ်သိန်းမြင့်၊ ဦးသိန်းတန် (မြန်မာပြည်)၊ ဦးကံညွန့်-ဒေါ်ရီရီမြင့်၊ (ဒေါ်တင်တင်ရီ)၊ ဦးဝင်းကြည်-ဒေါ်ထားထားမြင့်၊ ဦးအောင်ဝင်း-ဒေါ်မိမိခိုင်၊ ဦးတင်အောင်သာ၊ ဒေါ်တင်တင်ဝင်း၊ (ဦးကျော်ကျော်သာ-ဒေါ်မော်မော်မြင့်)၊ ဦးစိန်လှိုင်သာ-ဒေါ်စန်းစန်းကြူတို့၏မိခင်ကြီး၊ မြေး ၂၇ယောက်၊ မြစ် ၁၇ယောက်တို့၏ဘွားဘွားကြီးသည် ၂၈-၉-၂၀၁၃ရက်(စနေနေ့)နံနက် ၃း၄၅နာရီတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်မိုးကြိုးလမ်း၊ အမှတ် ၂၅၈ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံနှင့် ရဟန်းအမကြီး
ဒေါ်ကျင်နု (ဒေးဒရဲ)
အသက်(၁၀၀)

ရန်ကုန်မြို့နေ ဗိုလ်မှူးဆန်းလင်းကျော်(ငြိမ်း)-ဒေါက်တာဆွေဆွေဝင်း၊ ကိုသူရကျော်-မမေမိုးကျော်၊ ကိုဇော်ဇော်လင်း(သီဟ-Bass)-မမေမြတ်သော်၊ ဒေါက်တာခင်ဖြူဖြူကျော်၊ ကိုသူရဇော်၊ မခင်သူဇာကျော်၊ မဥမ္မာခင်၊ ကိုညီညီ-မပိုးဒါလီသိန်းတန်၊ စံမွန်းဟန်(ခ)ဆာယာ၊ မနှင်းမမိုး၊ ဒေါက်တာဇော်မင်းစိုး-ဒေါက်တာဖြိုးသီတာသိန်းတန်၊ ဒေါက်တာမေစပယ်ညွန့်၊ ကိုကိုဇာနည်-မသင်းသင်းမိုး၊ ဒေါက်တာ သာယာမောင်မောင်၊ ဒေါက်တာနေနွယ်အောင်၊ ကိုသိန်းထူးအောင်-မခင်ပပမျိုး၊ ကိုစိုင်းထွန်းလှိုင်-မဆွေနွယ်အောင်၊ ကိုဇော်နိုင်လတ်-မမေသဥ္ဇာလှိုင်၊ မခင်သီတာအောင်၊ ကိုနေငြိမ်းသွင်အောင်-မသော်သော်ဦး၊ ကိုဘော်ဘော်ဟိန်း၊ ကိုအောင်ဖြိုး၊ ကိုသော်ဇင်ချမ်းငြိမ်း၊ ကိုဖြိုးဝေလှိုင်၊ မပိုးဇာဖြူလှိုင်၊ မသိမ့်စန္ဒီသိန်းတန်၊ ထက်ရတနာသိန်းတန်၊ မဖူးဖူးအိတို့၏အဘွား၊ မြစ် ၁၇ ယောက်တို့၏ဘွားဘွားကြီးသည် ၂၈-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၃း၄၅ နာရီတွင် အမှတ် ၂၅၈၊ ဗိုလ်မိုးကြိုးလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေး၊မြစ်များ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်သိန်း(ကျွဲပွဲ B.O.C)
အသက်(၉၈)နှစ်

ရန်ကုန်မြို့ လသာမြို့နယ်နေ အထက(၂)လသာမှ ဆရာမဒေါ်ခင်ခင်၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးမြင့်သိန်းသည် ၂၃-၉-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ
အထက(၂)လသာ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်သိန်း(ကျွဲပွဲ B.O.C)
အသက်(၉၈)နှစ်

ရန်ကုန်မြို့ လသာမြို့နယ်နေ အထက(၂)လသာမှ ဆရာမဒေါ်ခင်ခင်၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးမြင့်သိန်းသည် ၂၃-၉-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Grade 11,10 မှချစ်တပည့်များ
အထက(၂)လသာ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်သိန်း(ကျွဲပွဲ B.O.C)
အသက်(၉၈)နှစ်

ရန်ကုန်မြို့ လသာမြို့နယ်နေ အထက(၁)လသာမှ အတန်းပိုင်ဆရာမ ဒေါ်ကျန်ဘေဘေ၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးမြင့်သိန်းသည် ၂၃-၉-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Grade 9(B)မှချစ်တပည့်များ
အထက(၁)လသာ

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းကြည်
နည်းပြ၊ ရေနံချောင်း (ဒေသကောလိပ်)
အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၉ ရပ်ကွက်၊ မင်းဘူးလမ်း၊ အမှတ် ၆၁၅ နေ ဒေါ်စနိုးထူး၏ခင်ပွန်း ဦးထွန်းကြည် အသက်(၆၃)နှစ်သည် ၂၆-၉-၂၀၁၃ ရက် ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဇေယျာ၊ ဦးမောင်မောင်သိန်းနှင့်
ရေနံချောင်းဒေသကောလိပ်(စက်ပြင်) ကျောင်းသား/သူဟောင်းများ

အထူးကျေးဇူးတင်ရှိခြင်း
ဦးမျိုးသီဟ
B.Sc (Geology),D.A.G (Industrial /Ore Mineralogy)
Ph.D(Petroleum and Natural Gas Engineering)
BIU M'adrid,SPAIN
အသက်(၄၉)နှစ်

၁၉-၉-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသောကျေးဇူးရှင် ခင်ပွန်း ဦးမျိုးသီဟ၏ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော အိမ်နီးချင်းများနှင့်ရပ်မိရပ်ဖများ၊ ဝမ်းနည်းကြောင်းကို လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ E-mail ဖြင့်သော်လည်းကောင်း အားပေးနှစ်သိမ့်ကြသော ရပ်ဝေးရပ်နီး၊ နိုင်ငံခြားမိတ်သင်္ဂဟများ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလုံးနှင့် နာမကျန်းစဉ် အကောင်းဆုံးကုသစောင့်ရှောက်ပေးခဲ့သော N.Y.G.H(JICA) ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ချစ်ဇနီး-ခင်သီတာမိုး(ခ)အင်ကြင်းခိုင်

ကြော်ငြာ

ဒေါ်ကျင်ပို

အသက်(၈၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၉/၁၇၊ အခန်း ၁၃နေ (ဦးဟုတ်အိမ်-ဒေါ်သင်းကြူ)တို့၏သမီး၊ (ဦးစိန်မြင့်-ဒေါ်မြင့်မြင့်ထွေး)၊ (ဦးခင်အောင်)-ဒေါ်ကျင်၊ (ဦးလှဖေ-ဒေါ်စန်းရီ)၊(ဦးတင်အေး)တို့၏ညီမ၊ ဦးတင်ထွေး(တပ်မတော်-ရေ၊ ငြိမ်း)-(ဒေါ်ခင်သန်းအေး)တို့၏အစ်မ၊ တူ၊ တူမ ၂၂ယောက်တို့၏အဒေါ်သည် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမျိုးအောင် (အထက်တန်းပြဆရာ၊ ငြိမ်း)

MEHS-အထက(၁)ဒဂုံ၊ အထက(၁)အင်းစိန်

ကမာရွတ်အစိုးရအထက်တန်းကျောင်း (အထက-၁၊ လှိုင်)

အသက်(၇၈)နှစ်

(ဦးဝါဟင်း-ဒေါ်ကြင်စိန်)တို့၏သား၊ [ဦးသိန်း(ဗဝန)-ဒေါ်ထားအိ]တို့၏သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၈၊ အခန်း ၃နေ ဒေါ်နွယ်နွယ်သိန်း(Thelma Thein)၏ခင်ပွန်း၊ ဦးအောင်စိုးမိုး-ဒေါက်တာယဉ်နွယ်အောင်တို့၏ဖခင်၊ (ဦးစိုးဝင်း)-ဒေါ်ကြည်ခင်တို့၏မောင်၊ ဦးအုန်းကျော်-ဒေါ်ဘေဘီ၊ ဦးဇော်မင်းဝင်း-ဒေါ်သန်းသန်းဌေး၊ Ricky Choi-ဒေါက်တာပြုံးပြုံး၊ ဦးထွန်းရီ-ဒေါ်မိမိခိုင်၊ (ဦးစိုးမိုးနိုင်)-ဒေါ်မြမြ၊ (ဦးအောင်သန်း)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးသိန်းထွန်း-ဒေါ်တင်နွယ်သိန်း၊ ဒေါက်တာကြွယ်ကြွယ်သိန်း၊ဦးသိန်းထွန်း-ဒေါက်တာအိအိသိန်းတို့၏အစ်ကိုသည် ၂၈-၉-၂၀၁၃ရက်(စနေနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍၄-၁၀-၂၀၁၃ရက်(သောကြာနေ့)နံနက်၇နာရီတွင် သာသနာ့ဝံသကျောင်း၊ သရက်တောတိုက်၊လမ်းမတော်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးထွန်းဦး(ခ)ဦးမောင်မောင်

ကပရ(ငြိမ်း)၊ အင်ဂျင်နီယာဌာန၊ ပင်မအလုပ်ရုံ(၂)

COSMO SERVICING (ငြိမ်း)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဒဿန(၁)လမ်း၊ ၁၆/၂ရပ်ကွက်၊ အမှတ် ၄၈/ခနေ(ရဲမှူးကြီးစိုးဘော်-ဒေါ်ရွှေကွန်)တို့၏သားကြီး၊ (ဆရာဝန်ကြီးဦးစိန်ထွန်း-ဒေါ်နှင်းမြ)တို့၏သားသမက်၊ ဒေါ်နှင်းဧခိုင်(မြန်မာ့သဘောၤကျင်းလုပ်ငန်း၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ဇံသာကျော်(J.S.M Shipping Co.)၊ မစောအေးပွင့်(Free Lance Teacher)တို့၏ဖခင်သည် ၂၈-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၆း၃၀နာရီတွင်အောင်ရတနာဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၄၈/ခ၊သုဒဿန(၁)လမ်း၊၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမျိုးသိမ်း (ဟိုတယ်/ခရီး)

အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၈၃၅နေ (ဦးကျောက်-ဒေါ်ထွေး)တို့၏သား၊ ဒေါ်ခင်လဲ့လဲ့(လ/ပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဝင်းရွှေ၊ ဒေါ်တင်သန်း၊ (ဦးတင်စိုး)တို့၏အစ်ကို၊ မောင်ဇော်မင်းသိမ်း၊ မအိအိသိမ်း(DKSH Service Ltd.)၊ မောင်လှိုင်မင်းသိမ်း၊ မောင်ထင်လင်းအောင်(မြို့/အိုး)တို့၏ဖခင်သည် ၂၇-၉-၂၀၁၃ရက်(သောကြာနေ့)ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးကိုကို

ကြည်း-၅၄၂၀၀၊ 9th DSMA

အသက်(၂၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ဝက်လက်မြို့နေ ဦးအောင်သွင်(မြေစာရင်း၊ ငြိမ်း)-ဒေါ်ကျင်ရီတို့၏သားလတ်၊ ကိုချစ်ကိုကို(စက်မှုကျွမ်းကျင်-၃၊ ရေအားလျှပ်စစ်)၊ မဇင်မာသွင် (ဦးစီးမှူး၊ ရေအားလျှပ်စစ်၊ ဖြူး)တို့၏ညီ/မောင်၊ မဇာနည်သွင် (အထက်တန်းသူနာပြု၊ မန္တလေးပြည်သူ့ဆေးရုံကြီး)၊ မောင်အောင်ကိုကို(2nd Yr-GTC. ရွှေဘို)တို့၏အစ်ကို ဗိုလ်ကြီးကိုကို(အမှတ်-၁၄၊တပ်မတော်ဆေးရုံ၊ ခုတင်-၁၀၀၊ လောက်ကိုင်)သည် ၂၇-၉-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅နာရီတွင် ပြင်ဦးလွင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကုန်းဘောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါက်တာခင်မောင်ဦး

(ဆေးရုံအုပ်ကြီး)

ထန်းတပင် တီဘီရောဂါကု

ဆေးရုံကြီး၊ လူမှုဖူလုံရေးအဖွဲ့

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၇၃၊ သမာဓိ ၁လမ်း၊ ၃၉(B)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဒုရဲမှူးတင်အောင်၊ ငြိမ်း)-ဒေါ်ချိုချိုတို့၏သားကြီး၊ တွံတေးမြို့နယ်၊ ခလောက်ချိုက်ကျေးရွာနေ ဦးလှကြည်-ဒေါ်သန်းမြတို့၏သားသမက်၊ ထန်းတပင်၊ တီဘီရောဂါကုဆေးရုံကြီးဝင်း၊ ဆေးရုံအုပ်ကြီးနေအိမ်နေ ဒေါ်မြင့်မြင့်စန်း၏ခင်ပွန်း၊ မောင်အောင်အောင်ဦး B.E (MC)၊ မောင်ဝေဇင်ဦး B.E (EC) တို့၏ဖခင်သည် ၂၈-၉-၂၀၁၃ရက် (စနေနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၃ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသောင်းအေး

မန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း

အသက်(၆၃)နှစ်

